# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း (၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (29-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၇၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### တရုတ်ရိုးရာမြွေနှစ်မှာ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ပြီး အိမ်နီးချင်းမိတ်ဆွေကောင်းများအဖြစ် ဆက်လက်ရပ်တည်နေမည်

ဆောင်းပါး စာမျက်နှာ- ၁၈

### အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုမပြုနိုင်ရေး တားဆီးဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမည်သစ်ထုတ်ကုန်များကိုဖော်ထုတ်ပြီး ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေး ဆောင်ရွက်

စာမျက်နှာ- ၁၆

### တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ- ၂၀

## တပ်မတော်တွင် အဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ပထမနေ့ လုပ်ငန်းဆောင်ရွက်



တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ပူးပေါင်း၍ အသည်းအစားထိုးခွဲစိတ်ကုသမှု ပထမနေ့ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၈**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာနှစ်ဦးဖြင့် အောင်မြင်စွာခွဲစိတ်ကုသ ဆောင်ရွက်နိုင်ခဲ့သည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာ ကိုးဦးနှင့် ၂၀၂၄ ခုနှစ်အတွင်း လူနာ ကိုးဦးတို့ကို အောင်မြင်စွာထပ်မံခွဲစိတ်ကုသ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုအခါ အဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ တပ်ကြပ်ကြီးနေလင်းဦးနှင့် အသည်းအလှူရှင် ဆရာတော်ဦးမာနိတတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် စာမျက်နှာ ၂၁ ကော်လံ ၁




**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံ လူဦးရေ၏ ၇၂ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့အနက် ၄၅ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်၍ ကျန်ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးကို အခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်စေရန်အတွက် ပုံစံအမျိုးမျိုး၊ နည်းအဖုံဖုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပေသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးမှာ အဓိကလိုအပ်ချက်ဖြစ်သည်။ မျိုးကောင်းရန်၊ အာဟာရပြည့်ဝသည့် မြေဩဇာရရှိရန်၊ ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်ကောင်းမွန်စွာဖြင့် စိုက်ပျိုးနိုင်ရန်လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်က တောင်သူများကို စိုက်ပျိုးရေးလုပ်ငန်းတွင် အဆင်ပြေချောမွေ့စေရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးခြင်း၊ မြေဩဇာနှင့် မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း၊ အခြားလိုအပ်သော သွင်းအားစုများပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

နိုင်ငံတော်အနေဖြင့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"နှင့် "ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"ဟူသည့် စီးပွားရေးဦးတည်ချက်များကို ထည့်သွင်းချမှတ်ပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံပိုလျှံအောင် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတွင်ရှိသည့် သီးနှံစိုက်ဧက စုစုပေါင်း ၃၃ သန်းမှ အရေးကြီးသီးနှံများကို ဦးစားပေးပြီး ပြည်တွင်းစားရေရိက္ခာဖူလုံမှုရှိစေရေး၊ ပြည်ပကိုတိုးချဲ့တင်ပို့ရောင်းချနိုင်ရေးနှင့် သွင်းကုန်အစားထိုးပမာဏတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်သည် အကြိမ်ကြိမ်သုတေသနပြုပြီးမှ ဖော်ထုတ်ထားခြင်းဖြစ်သဖြင့် ဒေသအလိုက် ပန်းတိုင်ပြည့်မီရေး စနစ်တကျသုံးသပ်ဆောင်ရွက်ရမည်ဖြစ်သည်။ အလားတူ သီးထပ်စွမ်းအားမြှင့်တင်နိုင်မှုသည်လည်း နိုင်ငံ၏ကုန်ထုတ်စွမ်းအားတိုးတက်ပြီး GDP ပမာဏတိုးတက်လာစေမည်ဖြစ်ပေသည်။

စိုက်ပျိုးရေးလုပ်ငန်းများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ မွေးမြူရေးသည်လည်း အရေးပါသည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စနစ်တကျစိုက်ပျိုးမွေးမြူ၍ ထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် ပိုမိုတင်ပို့သွားမည်ဆိုပါက ပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များသည် ပြည်တွင်းဖူလုံစေရေးနှင့် ပြည်ပဈေးကွက်ဝင်ပြီး ပိုမိုတင်ပို့နိုင်ရေးအတွက် နိုင်ငံတော်က လိုအပ်သည့်ပံ့ပိုးမှုများကို ပေးနေသကဲ့သို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေကြသူများကလည်း အဆိုပါလုပ်ငန်းများကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပြည်ကြီးတံခွန်မြို့နယ်ရှိ MSME လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး



**မန္တလေး ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက ပြည်ကြီးတံခွန်မြို့နယ် အတွင်းရှိ MSME လုပ်ငန်းများ လည်ပတ်နေမှု အခြေအနေကို ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စပါးနှံတာယာစက်ရုံသို့လည်းကောင်း၊ ရူဝံဆီစက်လုပ်ငန်းသို့လည်းကောင်း၊ CYT ချည်စက်ရုံသို့လည်းကောင်း၊ အောင်စိန်ချည်စက်ရုံသို့လည်းကောင်း သွားရောက်ပြီး လုပ်ငန်းများလည်ပတ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး စက်ရုံ၊ အလုပ်ရုံတို့မှ တာဝန်ရှိသူများက ကုန်ကြမ်းမှ ကုန်ချောထိ ထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်ပါရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ် - မန္တလေးတွင် ကျင်းပသည့် ၅၈ ကြိမ်မြောက် ကထိန်အောင်ပွဲ၊ ညဈေးပွဲတော်သို့ တက်ရောက်ပြီး ဆေးတက္ကသိုလ် - မန္တလေး ပါမောက္ခချုပ်နှင့် နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းနှီးစွာနှုတ်ဆက်ပြီး ညဈေးပွဲတော်တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ရေကြည်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်နေ

**ရေကြည် ဇန်နဝါရီ ၂၈**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ကုန်စိမ်းဈေးကွက်တွင် ဇန်နဝါရီလပထမပတ်မှစတင်၍ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေပြီး လက်ရှိတစ်ရက်လျှင် ခဝဲသီးအလုံးရေ ၂၀၀၀၀ မှ ၃၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းနေကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေတာပါ။ လက်ရှိတစ်ရက်ကို ခဝဲသီးအလုံးရေ ၃၅၀၀၀ ထိ အရောင်းအဝယ်ကောင်းနေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက ရေကြည်မြို့နယ် ကုန်စိမ်းဈေးကွက်က ခဝဲသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် ခဝဲသီးတွေ ဝယ်ယူမှု အားကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေတာတွေ့ရပါတယ်"ဟု ရေကြည်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် စဉ်ဆက်ပညာရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲသို့ တက်ရောက်





**မန္တလေး ဇန်နဝါရီ ၂၈**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စဉ်ဆက်ပညာရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း အေးသီတာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး ပညာမှူးရုံးမှတိုင်းဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်များမှ ပညာရေးမှူးများ၊ နည်းပြများ၊ သင်တန်းသားဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတတ်မြောက်မှုသည် အဓိကလိုအပ်ချက်ဖြစ်ပြီး နိုင်ငံသားတိုင်းစာတတ်မြောက်ရေး၊ အတန်းပညာတတ်မြောက်ရေးစသည့် ပညာရေးဆိုင်ရာများကို အလေးထားဆောင်ရွက်နေကြောင်း၊ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စဉ်ဆက်ပညာရေးလုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ် ဧပြီ ၆ ရက်မှ မေလ ၁၆ ရက်ထိ ရက်ပေါင်း ၄၀၊ နာရီပေါင်း ၁၂၀ ကြာ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ရှစ်ခုတို့မှ မြို့နယ် ၁၃ မြို့နယ်တွင် စာသင်သားဦးရေ ၂၄၄၀ ကို အခြေခံပညာ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ စေတနာရှင် ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပညာတတ်များက နိုင်ငံတစ်ဝန်း အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်တွင်လည်း ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ရက်ပေါင်း ၆၀၊ နာရီပေါင်း ၁၈၀ ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ပို့ချလိုက်သည့် သင်ခန်းစာများကို တက်ကြွစွာ သင်ယူပြီး စာသင်ဝိုင်းများတွင် အပြည့်အဝ ထိရောက်စွာဖြင့် ပြန်လည်ပို့ချနိုင်အောင် သင်ခန်းစာ များအပေါ် ဆွေးနွေးမှုများ၊ အကြံပြုမှုများ စိတ်ပါဝင်စားစွာဖြင့် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းပြောကြားပြီး မနီနှင့်သစ်တောအသိပညာပေးဗီဒီယိုဇာတ်လမ်းတိုကို ကြည့်ရှုအားပေး၍ သင်တန်းသားများ၊ နည်းပြများအား ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မြင်းခြံမြို့နေ မိခင်ကြီး ဒေါ်တင်ရီ၊ ဒေါ်ထိုက်ကြည်တို့အားရည်စူး၍ ဦးသိန်းထီကျော်-ဒေါ်နီနီသွယ် ငြိမ်းချမ်းရေးဆေးလိပ်မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာ ဦးညွန့်သန်းက လက်ခံရယူစဉ်။

# ပျော်ဘွယ်မြို့နယ် ချောင်းကမ်းကြီးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချောင်းကမ်းကြီးကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ စနစ်တစ်ကျ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း တတိယအကြိမ် အဖြစ် ပျော်ဘွယ်မြို့နယ် ချောင်းကမ်းကြီးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၂၅၅ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃၆ သိန်း၊ အရောင်းအဝယ် လုပ်ငန်းကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၇၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၃၆၅ သိန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**

# ကြာအင်းဆိပ်ကြီးမြို့နယ် အကလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၂၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကလောကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ အကလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ အကလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နဝမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို ငွေကျပ် ၅၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

# ကသာမြို့နယ်တွင် စပါး ၉၈၉၅ ဧက စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ကသာ ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် စပါး ၉၈၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၁၁၄၁၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၈၉၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာစပါး ၁၁၄၁၉ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၈၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစသည့် တောင်သူ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)



# ရုပ်ပွားဆင်းတုအလှူ ဓမ္မရံကြီးကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)



ဓမ္မရံကြီးကျောက်စာစိုက်ထူထားသည့် ဓမ္မရံကြီးဂူဘုရားကို တွေ့ရစဉ်။

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ကျောက်စာအများစုသည် အလှူမှတ်တမ်းများဖြစ်ကြ၍ အလှူပစ္စည်းများက ဘုရား၊ ပုထိုး၊ ကျောင်း၊ လယ်မြေ၊ ကျွန် စသည်တို့က အများဆုံးဖြစ်သည်။ ပုဂံကျောက်စာများကို ပုဂံခေတ်သုံး မြန်မာစကားဖြင့် အများဆုံးရေးထိုးခဲ့ကြသဖြင့် မျက်မှောက်ခေတ်သုံး မြန်မာဘာသာစကားဖြင့် အက္ခရာဖလှယ်ကာ လေ့လာကြရသည်။

ပုဂံအလှူမှတ်တမ်းကျောက်စာများတွင် ထူးခြားသောလှူဒါန်းမှုများလည်းပါဝင်ခဲ့ရာ ပုဂံရှိ အလွန်ထင်ရှားသော ဓမ္မရံကြီးဂူဘုရားတွင် စိုက်ထူထားသည့် ဓမ္မရံကြီးဘုရားကျောက်စာသည် တစ်ချပ်အပါအဝင်ဖြစ်သည်။ ထိုကျောက်စာတွင် ကျွန်များလှူသည့်မှတ်တမ်းအပြင် ဘုရားလိုဏ်အတွင်း၌ ဘုရား(ဆင်းတုတော်)ကို ထားရှိခဲ့ကြောင်း ရေးထိုးခဲ့သည်။

ထို့ကြောင့် ဓမ္မရံကြီးဂူဘုရားလိုဏ်အတွင်းရှိ လျောင်းတော်မူရုပ်ပွားတော်သည် ဗုဒ္ဓဆင်းတုမဟုတ်ဘဲ အိန္ဒိယတိုင်းရင်းသူတစ်ဦး၏ ရုပ်တုဖြစ်ကြောင်း သတင်းမှားများ ထွက်ပေါ်ခဲ့ချိန်တွင် ဓမ္မရံကြီးကျောက်စာ အထောက်အထားဖြင့် ချေဖျက် နိုင်ခဲ့ပြီး အထောက်အထားမဲ့ ပြောဆိုချက်များကို ပညာရှင်များနှင့် သုတေသီတချို့က တုံ့ပြန်ဖြေရှင်းခဲ့ကြသည်။

**ဓမ္မရံကြီးဂူဘုရား**

ဓမ္မရံကြီးဂူဘုရားသည် အာနန္ဒာစေတီအနောက်မုခ်မှ မင်းနန်းသူရွာဘက်သို့သွားသည့်လမ်း၏ လက်ယာဘက်ခြမ်းတွင်တည်ရှိသည်။ ထုဓမ္မရံဟု ထင်ရှားသည့်အတိုင်း ဓမ္မရံကြီးသည် ပုဂံရှိရှေးဟောင်းအဆောက်အအုံများအနက် အရွယ်အစားနှင့် ထုထည်အကြီးဆုံးဖြစ်၍ ကွမ်းတောင်ပေါက်လိုဏ်တစ်ဆင့် အဆောက်အအုံဖြစ်သည်။

အီဂျစ်နိုင်ငံမှ ပိရမစ်များနှင့် ပုံသဏ္ဍာန်ဆင်တူသည့် ဓမ္မရံကြီးကို ကြီးမားသောထုထည်ကြောင့် အရပ်လေးမျက်နှာမှ ထင်ရှားစွာမြင်တွေ့ကြရသည်။ ဓမ္မရံကြီးဂူဘုရားသည် ထုထည်ကြီးမားသည်သာမက အုတ်အင်္ဂတေလက်ရာများသည် အလွန်ကောင်းမွန်စေ့စပ်သည့် အဆောက်အအုံဖြစ်သည်။

ဓမ္မရံကြီးဂူဘုရားကို တည်ဆောက်ထားသည့် အုတ်စီစနစ်သည် အပ်ပင်ထိုးမရသကဲ့သို့ ပေါင်းကူးနှင့်နံရံများကို အလွန်ခိုင်ခံ့စွာပြုလုပ်ထားသဖြင့် ဓမ္မရံကြီးဂူဘုရားသည် ငလျင်ဒဏ်ကိုခံရသည့်တိုင် ပျက်စီးမှုမရှိခဲ့ချေ။

ဓမ္မရံကြီးဂူဘုရား၏ပန္နက်သည် အာနန္ဒာစေတီကဲ့သို့ စတုရန်းပုံဖြစ်ကာ မုခ်လေးမျက်နှာနှင့်နိမ့်လျှောအမိုးနှစ်ဆင့်၊ ပစ္စယာလေးဆင့်ရှိသည်။ ဓမ္မရံကြီးဂူဘုရားကိုတည်ခဲ့သူ နရသူမင်းသည် ကျန်စစ်သား၏မြစ်တော်ဖြစ်ပြီး ဘိုးတော်ကျန်စစ်သား၏ ကောင်းမှုတော် အာနန္ဒာဂူဘုရား၏ပန္နက်ကိုပုံစံယူ၍ ဓမ္မရံကြီးဂူဘုရားကို တည်ခဲ့ကြောင်း ယူဆမှုများရှိခဲ့သည်။ ဓမ္မရံကြီးဂူဘုရား၏အလယ်၊ အတွင်းပိုင်းရှိ လေးထောင့်မဏ္ဍိုင်ကိုပတ်ထားသည့်လိုဏ်ပတ်လမ်း နှစ်ထပ်ရှိ၍ အပြင်ပတ်လမ်းတစ်လျှောက်၌ အုတ်ပေါင်းကူးများကို အလွန်မြင့်မားစွာ ပြုလုပ်ထားသည်။ အတွင်းပတ်လမ်းသို့ဝင်သည့်အပေါက်များကို အုတ်ဖြင့်ပိတ်ထားပြီး မည်သူက မည်သည့်အချိန်တွင် မည်သည့်အကြောင်းကြောင့် ပိတ်ခဲ့ကြောင်း မသိရှိကြချေ။ အတွင်းပတ်လမ်းကိုပြုလုပ်ပြီးမှ အုတ်များဖြင့်ပိတ်ခဲ့သဖြင့် ယူဆချက်အမျိုးမျိုးရှိခဲ့သည်။

စေတီတော်ရှေ့သို့ ထုတ်ထားသည့်အဆောင်များအနက် အနောက်ဘက်အဆောင်၏အလယ်ရှိ ပလ္လင်တစ်ခုပေါ်၌ ထိုင်တော်မူဗုဒ္ဓဆင်းတုတော် နှစ်ဆူရှိသည်။ ၎င်းဆင်းတုတော်နှစ်ဆူ၏ အနောက်ဘက်တွင် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိသည်။ ဆင်းတုတော်များနှင့်အတူ သက္ကရာဇ် ၅၆၇ ခုနှစ်ပါသည့် ကျောက်စာတစ်ချပ်နှင့် သက္ကရာဇ် ၅၇၈ ခုနှစ်ပါ ကျောက်စာတစ်ချပ်ရှိသည်။ စေတီတော်၏ မြောက်ဘက်မျက်နှာတွင်သက္ကရာဇ် ၅၂၇ ခုနှစ်နှင့် ၅၈၂ ခုနှစ် တို့ပါရှိသည့် လေးထောင့်ကျောက်စာတိုင် တစ်တိုင်ရှိသည်။

ဓမ္မရံကြီးဂူဘုရားကို ပုဂံသမိုင်းတွင် ကုလားကျမင်းဟုထင်ရှားခဲ့သည့် ဘုရင်နရသူ (ခရစ်နှစ် ၁၁၆ဝ-၁၁၆၅) က ၁၁၆၃ ခုနှစ်တွင် တည်ဆောက်ခဲ့ကာ ၁၁၆၅ နှစ်တွင်ပြီးစီးခဲ့ကြောင်း ယူဆကြသည်။ စေတီတော်၏ဘွဲ့အမည်သည် ဓမ္မရံသီ (တရားအလင်းတန်း) မှ ဆင်းသက်လာသည်ဟုဆိုကြသည်။ ဓမ္မရံသီသည် ပုဂံခေတ်က ဓမ္မရံကြီးဂူဘုရား၏ အနောက်ဘက်အနီးတွင် သီတင်းသုံးခဲ့သည့် ရဟန်းတော်၏ဘွဲ့အမည်ဖြစ်သည်။

**ပုဂံခေတ် ရုပ်ပွားဆင်းတု**

မြန်မာနိုင်ငံတွင် ဗုဒ္ဓဆင်းတုတော်များကို ပျူခေတ်မှစ၍ထုလုပ်ခဲ့ကြရာ တစ်ခေတ်နှင့်တစ်ခေတ် ထုလုပ်သည့် ဟန်ခြင်းမတူညီကြချေ။ ပုဂံခေတ်တွင် ထုလုပ်ခဲ့သည့် ဆင်းတုတော်များတွင် မဏိတော်အထက်၌ သဗ္ဗညုတဉာဏ်တော်အထိမ်းအမှတ်အဖြစ် မှန်ကင်းကိုထည့်သွင်းခဲ့ကြသည်။ မှန်ကင်းသည် ရှေ့နောက်ပြားလျက် ကြာပုံ၊ ညောင်ရွက်ပုံဖြစ်သည်။

မှန်ကင်းသည် ထိပ်ပိုင်း၌ အနောက်သို့အနည်းငယ်လန်နေသည်။ အချို့မှန်ကင်းများတွင် အလယ်ကိုချိုင့်၍ရတနာတစ်မျိုးမျိုးကို ထည့်သွင်းထားသည်။

ပုဂံဗုဒ္ဓရုပ်ပွားဆင်းတုများ၏ မဏိတော်သည် အနည်းငယ်မြင့်ကာ ဆံတော်ကသေးသွယ်၍ ရွဲလုံးများစီထားဟန်ရှိသည်။ သင်းကျစ်တော်သီးခြားမပါရှိဘဲ ဆံတော်၏ ရှေ့ဆုံးတန်းသည်ပင် သင်းကျစ်တော်ပုံသဏ္ဌာန်ဖြစ်သည်။ မျက်မှောင်တွင် ဥဏ္ဏာလုံမွေရှင်တော်ကို ထည့်သွင်းထုလုပ်ကြသည်။

ထိုဆင်းတုတော်များ၏ နားရွက်သည် မျက်ခုံးထိပ်မှ မေးစေ့ထိသာရှည်၍ အများအားဖြင့် ပခုံးနှင့်ထိနေခြင်းမရှိသည့်အပြင် နားရွက်ထိပ်သည် အနည်းငယ်ငိုက်နေသည်။

နှာခေါင်းတော်သည်ချွန်၍ နှာတံကောက်ကာ နှာသီးထိပ်သည် အောက်သို့စိုက်ပြီး နိမ့်နေလေ့ရှိသည်။ မျက်လုံးသည် စက္ခုန္ဒြေချထားဟန်ဖြစ်၍ မျက်ခုံးသည် နှာယောင်ဖျားမှ အပေါ်သို့ခုံးတက်နေကြသည်။ ပါးစပ်တော်က သေးငယ်ကာ အထက်နှုတ်ခမ်းက ပါး၍ရှည်သည်။ လည်ပင်းတွင် လည်ရစ်သုံးခုပါရှိသည်။

ပုဂံခေတ်ဆင်းတုတော်များ၏ ကိုယ်လုံးတော်သည် ပခုံးကျယ်၍ ရင်အုပ်ကားကာ ခါးသိမ်သည်။ ချက်တော်ကို ထင်ရှားစွာထည့်သွင်းထုလုပ်သည်။ လက်ချောင်းတော်နှင့် ခြေချောင်းတော်များကို သဘာဝအတိုင်း အရှည်အတိုမညီဘဲ ထုလုပ်ကြသည်။

သင်းပိုင်ကိုပေါ်လွင်စွာထုလုပ်၍ သင်္ကန်းကပါးလျသည်။ ပခုံးတွင်တင်သည့် ဒုကုဋ်သင်္ကန်းသည် အရေးအကြောင်းမျှသာပေါ်၍ သင်္ကန်းအဖျားသည် စွန်မြီး(သို့မဟုတ်)ငါးကြင်းမြီးကဲ့သို့ နှစ်ခွဖြစ်နေပြီး ရင်အုပ်ပေါ်၌ ကပ်နေလေ့ရှိသည်။ သင်္ကန်းရုံထားပုံသည် အနားအတွန့်အခေါက်သာပေါ်လွင်သည်။ ပုဂံခေတ်တွင် ဆင်းတုများကို ရွှေ၊ ငွေ၊ ကြေး၊ ကျောက်၊ သစ်၊ အင်္ဂတေ၊ မံတို့ဖြင့် ပြုလုပ်သည်။

မျက်လုံးတော်ကမှိတ်ထားပြီး ဘယ်လက်တော်ကို ခါးပေါ်တင်၍ ညာလက်တော်ကို တံတောင်ဆစ်ချိုးချိုးကာ ပါးအောက်(သို့မဟုတ်) မျက်နှာတော်ရှေ့တွင် ဖြန့်ထားသည့်ဟန်သည် ပရိနိဗ္ဗာန်စံဝင်သည့်ရုပ်တုတော်ပုံဖြစ်သည်။ ခြေနှစ်ချောင်းဆန့်၍ဖြစ်စေ၊ ဘယ်ဘက်ခြေကို အနည်းငယ်ကွေး၍ဖြစ်စေ ထုလုပ်ပြီး ခြေဖဝါးတော်နှစ်ခုကို စုံကပ်ထားသည့်ပုံသည် မည်သည့်အရပ်သို့ ဦးတည်သည်ဖြစ်စေ ပရိနိဗ္ဗာန်စံဝင်ဟန်ပင်ဖြစ်သည်။

ထို့ကြောင့် ဓမ္မရံကြီးဂူဘုရားအတွင်းရှိ ရုပ်ပွားတော်သည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သည့်ဟန်ထုလုပ်ထားသည့် ဆင်းတုတော်သာဖြစ်ကြောင်း ခိုင်မာစွာ ပြောဆိုနိုင်ပေသည်။

**ဓမ္မရံကြီးကျောက်စာ**

ဓမ္မရံကြီးဂူဘုရားလိုဏ်အတွင်း၌ အနောက်ဘက်မုခ်တောင်ဘက်တွင် စိုက်ထူထားသည့် ကျောက်စာတွင် စာကြောင်း ၂၉ ကြောင်းပါရှိသည်။ သို့သော် ကျောက်စာကြောင်းရေ ၂၈ နှင့် ၂၉ သည် နောက်ပိုင်းမှ ရေးထိုးသည့် စာများဖြစ်ကြောင်း ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ စာအုပ်တွင် အောက်ခြေမှတ်စုပြထားသည်။

ဓမ္မရံကြီးကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်းရေ ၁ မှ ၁၆ ထိကို သက္ကရာဇ် ၅၆၇ ခုတွင် ရေးထိုးခဲ့ပြီး စာကြောင်းရေ ၁၆ မှစ၍စာကြောင်းရေ ၂၇ ထိကို သက္ကရာဇ် ၆၁၅ တွင်ရေးထိုးကာ ကျွန်လှူစာရင်းကို ဖော်ပြထားသည်။

ဓမ္မရံကြီးကျောက်စာ ပထမမျက်နှာတွင်။ ၀ ။ သကရာဇ် ၅၆၇ ခု။ သရဝန်နှစ် သန်တူလဆုတ် ၇ ရျာက်ကြာသပတိယ်နိယ်အာ။ ဓမ္မရံသ္ခင် မင်ဆြော မဟာပဏ္ဍိတ်ကိုဝ် မင်တြိစည်သူ ဤယ် ဓမ္မရံအနောက်တမျက်နှာကာ သ္ခင်ကူမုစလင်ဟူ ပိယ်တဝ်၊ မူရုယ်ဤယ်ဖုရှာ ငါထာသတေ .....ဟု ရေးထိုးထားရာ ပုဂံခေတ်သုံးစာကို မျက်မှောက်ခေတ်သုံးစာဖြင့် ဖလှယ်ပါက သက္ကရာဇ် ၅၆၇ ခု၊ သရဝဏ်နှစ်၊ သီတင်းကျွတ်လဆုတ် ၇ ရက် ကြာသပတေးနေ့ကို ဓမ္မရံသခင် မင်းဆရာမဟာပဏ္ဍိတ်ကို မင်းကြီးစည်သူ ဤဓမ္မရံအနောက် တစ်မျက်နှာကား သခင်ကူမုစလင်ဟုပေးတော်မူ၍ ဤဘုရား ငါထားသတည်းဟူ၍ဖြစ်သည်။ ထိုဘုရားသည် ဓမ္မရံကြီးဘုရား လိုဏ်အနောက်ဘက်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်နှစ်ဆူနှင့် လျောင်းတော်မူဆင်းတုတို့ဖြစ်ကြပေသည်။

ဆက်လက်၍ ဘုရားသို့လှူသော ကျွန် ကိုးယောက်အမည်နှင့် လယ်များကိုရေးထိုးထားကာ ဆုတောင်းစာကို ဖော်ပြထားသည်။

လက်ရှိမြင်တွေ့ရသည့် ဓမ္မရံကြီးကျောက်စာ အောက်ဆုံးစာကြောင်းနှစ်ကြောင်းတွင် ဣမိနာ ပုညကမ္မေနမေတ္တာယျံ ဒဿနံ မမ အနာဂတာမှိ အစချီသည့် ဆုတောင်းစာကို ခေတ်သုံးမြန်မာစာလုံးများဖြင့် ရေးထိုးထား သဖြင့် ကျောက်စာကိုကူးယူခဲ့သူ ဆရာဦးငြိမ်းမောင်က ထိုစာကြောင်းနှစ်ကြောင်းသည် နောက်ပိုင်းမှ ရေးထိုးသည့် စာများဖြစ်ကြောင်း သုံးသပ်ခဲ့ပေသည်။

**ကိုးကား**

- ပုဂံသုတေသန လမ်းညွှန်(ဦးဗိုကေ)
- ဆင်းတုရုပ်တုခေတ်ပိုင်းခြားခြင်း(ဦးစိန်ဝင်း)
- ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ(ဦးငြိမ်းမောင်)

❖ဓမ္မရံကြီးဂူဘုရားလိုဏ်အတွင်း၌ အနောက်ဘက်မုခ်တောင်ဘက်တွင်စိုက်ထူထားသည့် ကျောက်စာတွင် စာကြောင်း ၂၉ ကြောင်းပါရှိသည်။ သို့သော် ကျောက်စာကြောင်းရေ ၂၈ နှင့် ၂၉ သည် နောက်ပိုင်းမှ ရေးထိုးသည့်စာများဖြစ်ကြောင်း ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်တွင် အောက်ခြေမှတ်စုပြထားသည်။ ဓမ္မရံကြီးကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်းရေ ၁ မှ ၁၆ ထိကို သက္ကရာဇ် ၅၆၇ ခုတွင် ရေးထိုးခဲ့ပြီး စာကြောင်းရေ ၁၆ မှစ၍စာကြောင်းရေ ၂၇ ထိကို သက္ကရာဇ် ၆၁၅ တွင် ရေးထိုးကာ ကျွန်လှူစာရင်းကို ဖော်ပြထားသည်။ ❖

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ရေဦးမြို့နယ်တွင် ကုလားပဲ ၉၃၅၃ ဧကစိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရေဦး ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၃၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၉၂၇၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၃၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ကုလားပဲဧက ၉၇၂၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၃၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်နိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ ရေဦးမြို့နယ်၌ ပဲမျိုးစုံစိုက်ပျိုးချိန်တွင် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများပြုလုပ်သုံးစွဲတတ်စေရေး နည်းပညာပေးခြင်းနှင့် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေးတို့ကို စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဝင်ငွေရရှိမည့်အပြင် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ရာ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ကြို့ပင်ကောက်မြို့နယ် ဇီးတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ကျေးရွာတာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဇီးတောကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၁၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇၅ ဒသမ ၅၉ သိန်း၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

## မြတ်သောလူ

- ကိုယ်ချင်းစာ နှလုံးသားကိုလ
  ကိုယ်စီထား ကျင့်ကြံလေ၊
  အမုန်းမဝင် မေတ္တာပေး
  အေးမြပါစေ၊
  အတ္တစိတ် ရှောင်ရှားနေ
  ချစ်မိတ်ဆွေ အပူကင်း၊
  မေတ္တာသည် ရောင်ပြန်ဟပ်တယ်
  မြင့်မြတ်သန့်ရှင်း။

- မာန်မဝင် လူအချင်းချင်း
  ကူညီရင်း နေထိုင်ပါ၊
  ဒေါသမာန် ကြီးစိုးကြတော့
  ဒုက္ခ တွေ့မှာ၊
  နားလည်မှု ရှိစေရာ
  လိုက်နာကာ ကျင့်ဝတ်တရား၊
  မဖောက်ပြန် သစ္စာတရားကို
  လေးစားကျင့်ထား။

- သမိုင်းကျန် အနာဂတ်ကိုဖြင့်
  သတိကပ် လမ်းမှန်ဆီ၊
  ဖြတ်လမ်းကို အစဉ်ကြိုက်
  လူမိုက်ဖြစ်မည်၊
  ကိုယ်စိတ်နှစ်ပါး မြတ်ဂုဏ်ရည်
  အဆင့်မီ မကျရေး၊
  ကျင့်ဝတ်တွေ မချိုးဖောက်မှ
  တောက်ပမယ်လေး။ ။

ဖြိုးထက်(ရေစကြို)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်စရန် တရုတ်နှင့် အိန္ဒိယတို့ သဘောတူညီမှုရရှိ



**ပေကျင်း ဇန်နဝါရီ ၂၈**

ငါးနှစ်နီးပါးကြာ ရပ်ထားသော တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်ရန် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က သဘောတူထားကြောင်း ယနေ့ သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဗီခရစ်မီဆရီတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နှစ်နိုင်ငံကြား တိုက်ရိုက် လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်ရန် တရုတ်နှင့် အိန္ဒိယတို့က သဘောတူခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

အလားတူ နှစ်နိုင်ငံကြားကုန်သွယ်ရေးနှင့် စီးပွားရေးပြဿနာများနှင့်ပတ်သက်ပြီး အမြင်ကွဲပြားမှုများကိုလည်း ပူးပေါင်းဖြေရှင်းရန် တရုတ် နိုင်ငံခြားရေးဝန်ကြီးနှင့် အိန္ဒိယ နိုင်ငံခြားရေးအတွင်းဝန်တို့က သဘောတူခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှုများကို အမြန်ဆုံးပြန်လည်စတင်ရေးအတွက် မူဘောင်တစ်ရပ်ရေးဆွဲရန် နှစ်နိုင်ငံ တာဝန်ရှိသူများ ဆက်လက်ညှိနှိုင်းမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံတိုက်ရိုက် လေကြောင်းခရီးစဉ် ပြန်လည်စတင်မည့် အစီအစဉ်ကို တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း အတည်ပြုထားသည်။

၂၀၂၀ ပြည့်နှစ်အတွင်းပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်ဒေသတစ်နေရာ၌ တရုတ်နှင့် အိန္ဒိယ နယ်ခြားစောင့်တပ်များကြား ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသည် အိန္ဒိယနှင့် တရုတ်တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှုကို စတင်ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အော့စ်ချ်ဝစ်ဇ်အကျဉ်းစခန်း လွတ်မြောက်မှုအတွက် ဆိုဗီယက်တပ်ဖွဲ့ဝင်များကို ရုရှားသမ္မတပူတင် ဂုဏ်ပြု



**မော်စကို ဇန်နဝါရီ ၂၈**

ဂျာမနီနာဇီတပ်များ၏ အော့စ်ချ်ဝစ်ဇ်အကျဉ်းစခန်း အနိဋ္ဌာရုံများကို အဆုံးသတ်ပေးခဲ့သည့်အတွက် ဆိုဗီယက်တပ်နီတော် တပ်ဖွဲ့ဝင်များကို ရုရှားသမ္မတပူတင်က ဇန်နဝါရီ ၂၇ ရက်တွင် ဂုဏ်ပြုလိုက်သည်။

ဆိုဗီယက်တပ်နီတော်ကြောင့် အော့စ်ချ်ဝစ်ဇ်အကျဉ်းစခန်းလွတ်မြောက်မှု နှစ် ၈၀ ပြည့် အထိမ်းအမှတ်နေ့တွင် ရုရှားသမ္မတပူတင်က ဆိုဗီယက်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။

အော့စ်ချ်ဝစ်ဇ် အကျဉ်းစခန်းသည် ဒုတိယကမ္ဘာစစ်ကာလအတွင်းနာဇီတပ်များ၏ အကြီးဆုံးချွေးတပ်စခန်းဖြစ်ခဲ့ရသည်။

ပိုလန်နိုင်ငံ၌ တည်ရှိသည့် အော့စ်ချ်ဝစ်ဇ်အကျဉ်းစခန်းတွင် ၁၉၄၀ ပြည့်နှစ်နှင့် ၁၉၄၅ ခုနှစ်ကြားကာလအတွင်း လူပေါင်းတစ်သန်းသေဆုံးခဲ့ရာ ဂျူးလူမျိုးမဟုတ်သူ ၁၀၀၀၀၀ကျော်ပါဝင်ပြီး ကျန်သေဆုံးသူများမှာ ဂျူးလူမျိုးများဖြစ်ကြသည်။

အော့စ်ချ်ဝစ်ဇ် အကျဉ်းစခန်းကို ၁၉၄၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဆိုဗီယက်တပ်များက သိမ်းပိုက်နိုင်ခဲ့ရာ အသက်ရှင်ကျန်ရစ်သူ ၇၀၀၀ကို တွေ့ရှိခဲ့ရသည်။

အော့စ်ချ်ဝစ်ဇ် အကျဉ်းစခန်း၏အနိဋ္ဌာရုံများကို အဆုံးသတ်ပေးခဲ့သော ဆိုဗီယက်တပ်နီတော်တပ်ဖွဲ့ဝင်များကို မိမိတို့အမြဲအမှတ်ရနေလိမ့်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

Ref : RT

Trs : KKO

## ယခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ လျှပ်စစ်စွမ်းအင်သုံးယာဉ်များရောင်းချရမှုနှုန်း မြင့်တက်လာနိုင်




**လန်ဒန် ဇန်နဝါရီ ၂၈**

ယခုနှစ်အတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များနှင့် စွမ်းအင်နှစ်မျိုးသုံးမော်တော်ယာဉ်များ ရောင်းချရမှုနှုန်းသည် ယမန်နှစ်ကထက် ၁၇ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ဇန်နဝါရီ ၂၇ ရက် အစီရင်ခံစာတွင် ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ လျှပ်စစ်စွမ်းအင်သုံးယာဉ်များနှင့် စွမ်းအင်နှစ်မျိုးသုံးယာဉ်များ ရောင်းချနိုင်မှုအရေအတွက်မှာ အစီးရေ သန်း ၂၀ကျော်ထိရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏ အစီရင်ခံစာအရ သိရသည်။

တရုတ်နိုင်ငံ အခြေစိုက် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီများ၏ ထုတ်လုပ်တင်ပို့လုပ်ငန်းများ အားကောင်း လာနိုင်မှုကြောင့် ယခုနှစ်အတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ ရောင်းချရမှုနှုန်း မြင့်တက်လာနိုင်ခြင်းဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အလားတူ ယခုနှစ်အတွင်း တရုတ်ဈေးကွက်၌လည်း လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ ရောင်းချရမှုနှုန်းမှာ ၁၇ ရာခိုင်နှုန်းပိုမို မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အာရှ-ပစိဖိတ်ဒေသတွင်လည်း လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များရောင်းချရမှုနှုန်းမှာ ဆက်လက်မြင့်တက် လာနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ထိုင်းနိုင်ငံ၏ ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုနှုန်း ၂၀၂၄ ခုနှစ်တွင် ကျဆင်း

**ဗန်ကောက် ဇန်နဝါရီ ၂၈**

ထိုင်းနိုင်ငံ၏ ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျဆင်းခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ် ပြည်တွင်းကားထုတ်လုပ်မှုနှုန်းမှာ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ် ပြည်တွင်းကားထုတ်လုပ်မှုနှုန်းမှာ လေးနှစ်တာကာလအတွင်းအနိမ့်ဆုံးထုတ်လုပ်မှုနှုန်းဖြစ်ကြောင်း ထိုင်းစက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အစီရင်ခံစာတွင် သုံးသပ်ထားသည်။

ထိုင်းစက်မှု လုပ်ငန်းရှင်များ အသင်းချုပ်အစီရင်ခံစာ၏ အဆိုအရ ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံအနေဖြင့် ပြည်တွင်း၌ မော်တော်ယာဉ်အစင်းရေ ၁ ဒသမ ၄၇ သန်း တည်ဆောက် တပ်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ထိုင်းနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် မော်တော်ယာဉ်အစင်းရေ ၁ ဒသမ ၈၃သန်းထိ တည်ဆောက်တပ်ဆင်နိုင်ခဲ့သည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ အကြီးမားဆုံးမော်တော်ယာဉ် တည်ဆောက်ထုတ်လုပ်မှုလုပ်ငန်းရှိနေသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားနိုင်ငံ ကျောင်းသုံးသင်ရိုးစာအုပ်သစ်၌ ယူကရိန်းစစ်ပွဲကို နာဇီခုခံစစ်နှင့်နှိုင်းယှဉ်ထား

**မော်စကို ဇန်နဝါရီ ၂၈**

ရုရှားနိုင်ငံက ထုတ်ဝေထားသော ကျောင်းသုံးသင်ရိုးစာအုပ်သစ်တစ်အုပ်တွင် ယူကရိန်းစစ်ပွဲကို ဆိုဗီယက်ပြည်ထောင်စု၏ နာဇီခုခံရေးစစ်ပွဲနှင့်နှိုင်းယှဉ်ထားကြောင်း ဇန်နဝါရီ ၂၇ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရုရှား၏ စစ်ရေးသမိုင်းရှိ အဆိုပါသုံးအုပ်တွဲသမိုင်းစာအုပ်ကို ရုရှားသမ္မတပူတင်၏ အကြံပေးတစ်ဦးဖြစ်သော ဗလာဒီမာ မီဒင်စကီးက တည်းဖြတ်ထုတ်ဝေထားခြင်းဖြစ်သည်။

ရုရှား၏ စစ်သမိုင်းစာအုပ်သုံးအုပ်အနက်တတိယတွဲမှာ အသက် ၁၅ နှစ်နှင့် အထက်ကလေးများကို သင်ရိုးအဖြစ် သင်ကြားနိုင်ရန် ရည်ရွယ် ရေးသားထားခြင်းဖြစ်သည်။

ရုရှား၏စစ်သမိုင်းတတိယတွဲတွင် ယူကရိန်းစစ်ပွဲကို ဆိုဗီယက်ပြည်ထောင်စု၏ နာဇီခုခံရေးစစ်ပွဲနှင့် နှိုင်းယှဉ်ထားပြီး အနောက်အုပ်စု၏ဖိအားကြောင့်သာ ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းသို့ တပ်များ စေလွှတ်ခဲ့ရခြင်းဖြစ်ကြောင်း ရေးသားထားသည်။

ယူကရိန်းစစ်ပွဲမှာ ခက်ခဲကြမ်းတမ်းသော်လည်း အနောက်အုပ်စုနှင့် ယူကရိန်းတို့ကို ရင်ဆိုင်ရေးအတွက် တိုက်ရန်လိုအပ်သည့် စစ်ပွဲဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားထားသည်။

ရုရှားအစိုးရ တာဝန်ရှိသူများသည် ယူကရိန်းစစ်ပွဲကို တရားဝင်အားဖြင့် အထူးစစ်ဆင်ရေးဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်းကို အောင်မြင်စွာလွှတ်တင်




**ဝါရှင်တန် ဇန်နဝါရီ ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်းကို ဇန်နဝါရီ ၂၇ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် ဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် ၂၂ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည် ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်သွားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ် အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း၊ Space-X ကုမ္ပဏီသည် ယခုနှစ်နှစ်စပိုင်းမှစ၍ လက်ရှိအချိန်ထိ ဖယ်လ်ကွန်-၉ မစ်ရှင် ၁၂ ခု လွှတ်တင်ထားကြောင်းသိရသည်။

Ref : Russia Today

Trs : KKO

## အိန္ဒိယအာကာသအေဂျင်စီက ဂါဂန်ယန်းအာကာသလူသယ်ယာဉ်၏ ကိုယ်ထည်တည်ဆောက်တပ်ဆင်မှုလုပ်ငန်းကို အပြီးသတ်နိုင်ခဲ့

**နယူးဒေလီ ဇန်နဝါရီ ၂၈**

အိန္ဒိယ အာကာသအေဂျင်စီသည် ဂါဂန်ယန်းအမည်ရှိ အာကာသလူသယ်ယာဉ်၏ ကိုယ်ထည်တည်ဆောက်တပ်ဆင်မှုလုပ်ငန်းကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယ အာကာသအေဂျင်စီသည် ဂါဂန်ယန်း အာကာသလူသယ်ယာဉ်၌ ဒုံးကန်အားစနစ်များ စတင်တပ်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒုံးကန်အားစနစ်များသည် ဂါဂန်ယန်း အာကာသလူသယ်ယာဉ်၏ ဦးတည်ရာနှင့် လမ်းကြောင်းကို ထိန်းကျောင်းရာတွင် ကူညီပေးမည့် ဒုံးကန်အားစနစ်များ ဖြစ်ကြကြောင်း သိရသည်။

အိန္ဒိယ အာကာသအေဂျင်စီသည် ဂါဂန်ယန်း အာကာသလူသယ်ယာဉ် ကိုယ်ထည်ပိုင်းကို ဘင်ဂါလူရူ အာကာသစခန်း၌ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကိုယ်ထည်ပိုင်းတည်ဆောက်မှုပြီးဆုံးချိန်တွင် ဂါဂန်ယန်း အာကာသ လူသယ်ယာဉ်ကို ကီရာလာပြည်နယ် ဗီခရယ်ဆာရာဟိုင်းအာကာသစခန်းသို့ ပို့ဆောင်၍ ဆက်သွယ်ရေးစနစ်များ၊ လမ်းကြောင်းပြစနစ်များ အပါအဝင် အရေးကြီးသောစနစ်များကို ဆက်လက်တပ်ဆင်မည်ဖြစ်သည်။



အိန္ဒိယနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် ဂါဂန်ယန်းအာကာသလူသယ်ယာဉ်ဖြင့် အာကာသယာဉ်မှူး တစ်ဦး သို့မဟုတ် နှစ်ဦးကို ကမ္ဘာပတ်လမ်းပေါ် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်က တည်ဆောက်မှုလုပ်ငန်းပြီးဆုံးချိန်တွင် ပေါက်ကွဲနေသည့် ကြယ်သန်းပေါင်းများစွာကို ရှာဖွေပေးနိုင်မည်

**ဝါရှင်တန် ဇန်နဝါရီ ၂၈**

တောင်အာဖရိကတိုက် ချီလီနိုင်ငံ၌တည်ဆောက်နေသည့် ဗီရာစီရူဘင် ရေဒီယိုတယ်လီစကုပ်သည် တည်ဆောက်မှုလုပ်ငန်း ပြီးဆုံးချိန်တွင် ပေါက်ကွဲနေသည့် ကြယ်သန်းပေါင်းများစွာကို ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၇ ရက်သတင်းများအရ သိရသည်။



လက်ရှိအချိန်တွင် ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်ကို ချီလီနိုင်ငံ ဆာရိုပါချောင်တောင်ကုန်းပေါ်၌ တည်ဆောက်နေဆဲဖြစ်သည်။

သို့ရာတွင် ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်အနေဖြင့် ယခုနှစ်ကုန်ပိုင်း၌ပင် စူးစမ်းလေ့လာရေးလုပ်ငန်းများ စတင်နိုင်ဖွယ်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်း ရေဒီယိုတယ်လီစကုပ်အနေဖြင့် မစ်ရှင်သက်တမ်းတစ်လျှောက်လုံး ပေါက်ကွဲနေသော အဖြူရောင် ကြယ်သိမ်များကို ရှာဖွေ လေ့လာပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားထားသည်။

ပေါက်ကွဲနေသည့် အဖြူရောင်ကြယ်သိမ်များကို လေ့လာခြင်းဖြင့် မဟူရာစွမ်းအင် ခေါ် စကြဝဠာစွမ်းအင်တစ်မျိုး၏ သဘာဝကိုဖော်ထုတ်ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။

မဟူရာစွမ်းအင်ကို စကြဝဠာကြီးပြန့်ကားနေမှု နောက်ကွယ်မှ စကြဝဠာစွမ်းအင်အဖြစ် သိပ္ပံပညာများက မှတ်ယူထားသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## စီးကရက်နှင့်ဆေးရွက်ကြီးထုတ်ကုန်၌ နီကိုတင်းပါဝင်မှု ကန့်သတ်ရန် FDA က အဆိုပြုချက်ထုတ်ပြန်

**နယူးယောက် ဇန်နဝါရီ ၂၈**

အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) သည် စီးကရက်နှင့် ဆေးရွက်ကြီး ထုတ်ကုန်များ၌ နီကိုတင်းဓာတ် ပါဝင်မှုအဆင့်ကို ကန့်သတ်ရန်အတွက် အဆိုပြုချက်တစ်ရပ် ထုတ်ပြန်ထားကြောင်း ဇန်နဝါရီ ၂၇ ရက်သတင်းများအရ သိရသည်။

FDA၏အထက်ပါအဆိုပြုချက်ကို အတည်ပြုနိုင်ခဲ့ပါက အမေရိကန်နိုင်ငံသည် စီးကရက်နှင့် ဆေးရွက်ကြီး ထုတ်ကုန်များ၌ နီကိုတင်းပါဝင်မှုကို ကန့်သတ်မည့် ပဌမမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာလိမ့်မည်ဖြစ်သည်။

FDA ၏ အဆိုပြုချက်အရ စီးကရက်နှင့် ဆေးရွက်ကြီးထုတ်ကုန်များတွင်ပါဝင်သည့် နီကိုတင်းဓာတ်ကို နီကိုတင်းစွဲလမ်းမှုမဖြစ်ပေါ်စေနိုင်သည့်အဆင့်ထိ လျှော့ချရမည်ဖြစ်သည်။

ဆေးလိပ်၊ ဆေးရွက်ကြီးတို့နှင့် ဆက်စပ်နေသည့် ရောဂါများကို တားဆီးရေး ရည်ရွယ်ချက်ဖြင့် အထက်ပါ ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်များ၌ နီကိုတင်းပါဝင်မှုကန့်သတ်ရန် FDA က အဆိုပြုထားခြင်းဖြစ်သည်။

စီးကရက် အရသာများသည့် ဆေးရွက်ကြီး ထုတ်ကုန်များကို လူငယ်များ သုံးစွဲလာရေးအတွက် ဆွဲဆောင်နေသော်လည်း စီးကရက်ကို စွဲလမ်းစေသည့် ဓာတ်ပစ္စည်းမှာ နီကိုတင်းဓာတ်ဖြစ်ကြောင်း သိရသည်။

နီကိုတင်းဓာတ် ပါဝင်မှုကို ကန့်သတ်ခြင်းသည် လူ့အသက်များကို မကယ်နိုင်သော်လည်း ကျန်းမာရေး စောင့်ရှောက်မှုကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း FDA တာဝန်ရှိသူများက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ကိုယ်အလေးချိန်လျှော့ချရေးဆေးများကြောင့် သိုင်းရွိုက်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဇန်နဝါရီ ၂၈**

Ozempic ကဲ့သို့ ကိုယ်အလေးချိန် လျှော့ချရေးဆေးများကြောင့် သိုင်းရွိုက်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇန်နဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ Ozempic နှင့် Wegovy အပါအဝင် ကိုယ်အလေးချိန်လျှော့ချရေးဆေးများကို သုံးစွဲပြီး တစ်နှစ်အတွင်း သိုင်းရွိုက်ကင်ဆာရောဂါ ဖြစ်နိုင်ခြေ သိသိသာသာ မြင့်တက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် ၎င်းဆေးများကို သုံးစွဲပြီး ခြောက်နှစ်တာကာလအတွင်းမှာမူ သိုင်းရွိုက်ကင်ဆာရောဂါဖြစ်နိုင်ခြေမှာ ကျဆင်းသွားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ozempic၊ Wegovy နှင့် Mounjaro ဆေးများသည် ကမ္ဘာတစ်ဝန်း ကိုယ်အလေးချိန်လွန်ကဲနေသူများနှင့် ဆီးချိုရောဂါလူနာသန်းပေါင်းများစွာတို့ မှီခိုနေရသည့်ဆေးများဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အထက်ပါကိုယ်အလေးချိန် လျှော့ချရေးဆေးများသည် အခြားဆီးချိုရောဂါဆေးများနှင့်နှိုင်းယှဉ်ပါက သုံးစွဲသူများ၌ သုံးစွဲပြီးတစ်နှစ်အတွင်း သိုင်းရွိုက်ကင်ဆာ ဖြစ်နိုင်ခြေ သိသိသာသာ မြင့်တက်နေတတ်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူးနေမာ အယ်ဟိုင်လာအသင်းနှင့် နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်း



ရီယာ့ဒ် ဇန်နဝါရီ ၂၈

တိုက်စစ်မှူး နေမာသည် ဒဏ်ရာပြဿနာကြောင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသောကြောင့် ဆော်ဒီပရိုလိဂ်ကလပ် အယ်ဟိုင်လာအသင်း တာဝန်ရှိသူများက နေမာနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းရန် သဘောတူခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ တိုက်စစ်မှူး နေမာသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ၂၀၂၃ခုနှစ် အောက်တိုဘာလက ကစားခဲ့သည့် ဥရုဂွေးအသင်းနှင့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် ကာလရှည် အနားယူခဲ့ရပြီး ဒဏ်ရာမှ ပြန်လည်ကောင်းမွန်ရန် ရုန်းကန်နေရသောကြောင့် အယ်ဟိုင်လာအသင်း တာဝန်ရှိသူများက ကစားသမားနှင့် နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

နေမာသည် ၂၀၂၃ ခုနှစ် ဩဂုတ်လက ပီအက်စ်ဂျီအသင်းမှ ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးယူရိုသန်း ၉၀ ဖြင့်ရောက်ရှိခဲ့သော်လည်း အသင်းနှင့်ပြိုင်ပွဲစုံ ခုနှစ်ပွဲသာ ပါဝင်ခဲ့ပြီး ဒဏ်ရာကြောင့် အနားယူခဲ့ရသည်။

၎င်းသည် ဘရာဇီးကလပ် ဆန်းတို့စ်အသင်းတွင် ကစားသမားဘဝ စတင်ခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၁၃ ခုနှစ်တွင် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းတွင်ခြေစွမ်းပြသနိုင်သော်လည်း ကစားသမားဘဝ အောင်မြင်မှု ထပ်မံရယူလိုသောကြောင့် ၂၀၁၇ ခုနှစ်တွင် ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးယူရို ၂၂၂ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သည်။

တိုက်စစ်မှူး နေမာသည် အယ်ဟိုင်လာအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် ကစားသမားဘဝစတင်ခဲ့သည့် မွေးရပ်မြေဘရာဇီးကလပ် ဆန်းတို့စ်အသင်းသို့ လုပ်ခလစာလျှော့ယူ၍ ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ပေါ်တိုအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၃) တွင် ရပ်တည်၍ အဆင့်(၁) မှ စပို့တင်းလစ္စဘွန်းအသင်းနှင့် ရမှတ်ခြောက်မှတ်ကွာဟနေပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း အဆင့်(၂၅) နေရာတွင် ရောက်ရှိနေသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် ခက်ခဲလာချိန်တွင် နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပြီး နည်းပြသစ်အဖြစ် အန်ဆယ်နီကိုနှစ်နှစ်ခွဲစာချုပ်ဖြင့် ခန့်အပ်ခဲ့သည်။
- ချဲလ်ဆီးအသင်း ခံစစ်ကစားသမားဒီဆာဆီကို အေဗီလာအသင်းကခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးအသင်းလူငယ်ကစားသမားမက်ဖာလိန်းကို မန်စီးတီးအသင်းကခေါ်ယူနိုင်ခဲ့ပြီး လူငယ်အသင်းတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# ၂၀၂၅ အာဖရိကဖလားပြိုင်ပွဲအုပ်စုအဆင့် မဲခွဲပွဲအခမ်းအနားကို မော်ရိုကိုနိုင်ငံတွင်ပြုလုပ်




ရာဘတ် ဇန်နဝါရီ ၂၈

မော်ရိုကိုနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၅ ခုနှစ် အာဖရိကဖလားပြိုင်ပွဲ မဲခွဲပွဲအခမ်းအနားပြုလုပ်ခဲ့ရာ အိမ်ရှင်မော်ရိုကိုအသင်းက အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၂၁ ရက်တွင် ကိုမိုရို့စ်အသင်းနှင့်ပွဲစဉ်ကို စတင်ကစားရမည်ဖြစ်သည်။

အဆိုပါမဲခွဲပွဲတွင် အိမ်ရှင်မော်ရိုကိုအသင်းက အုပ်စု(A)တွင် ကိုမိုရို့စ်အသင်း၊ မာလီအသင်း၊ ဇမ်ဘီယာအသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး အုပ်စု (B)တွင် အီဂျစ်အသင်း၊ တောင်အာဖရိကအသင်း၊ အန်ဂိုလာအသင်း၊ ဇင်ဘာဘွေအသင်း၊ အုပ်စု(C)တွင် နိုင်ဂျီးရီးယားအသင်း၊ တူနီးရှားအသင်း၊ ယူဂန်ဒါအသင်း၊ တန်ဇန်းနီးယားအသင်း၊ အုပ်စု (D)တွင် ဆီနီဂေါ၊ ဒီအာကွန်ဂို၊ ဘီနင်၊ ဘော့ဆွာနာအသင်း၊ အုပ်စု (E)တွင် အယ်ဂျီးရီးယား၊ ဘာကီနာဖာဆို၊ အီကွေတိုရီရယ်၊ ဆူဒန်အသင်း၊ အုပ်စု(F) တွင် အိုင်ဗရီကို့စ်အသင်း၊ ကင်မရွန်းအသင်း၊ ဂါဘွန်အသင်းနှင့် မိုဇမ်ဘစ်အသင်းတို့ တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

၂၀၂၅ အာဖရိကဖလားပြိုင်ပွဲကို လာမည့် ဒီဇင်ဘာ ၂၁ရက်မှ စတင်၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်ထိကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၂၄ သင်းကို လေးသင်းတစ်အုပ်စုဖြင့် အုပ်စုခြောက်ခုခွဲ၍ပြိုင်သွားမည်ဖြစ်ကာ အုပ်စုတစ်ခုမှ ထိပ်ဆုံးအသင်းနှစ်သင်းက ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သကဲ့သို့ ဆီမီးဖိုင်နယ်အဆင့်တွင် ရှုံးနိမ့်မည့်အသင်းနှစ်သင်းက တတိယနေရာလုပွဲကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအပြီးတွင် ဆာဘာလင်ကာ ကမ္ဘာ့အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်



လန်ဒန် ဇန်နဝါရီ ၂၈

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲအပြီးတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ အခြေစိုက်သည့် အမျိုးသမီးတင်းနစ်အဖွဲ့ချုပ်(WTA)က ကမ္ဘာ့အဆင့်သတ်မှတ်ချက်ထုတ်ပြန်ကြေညာခဲ့ရာ ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်အတွက် ဗိုလ်လုပွဲ တက်ရောက်နိုင်သည့် ရမှတ်များရရှိခဲ့ပြီး စုစုပေါင်းရမှတ် ၈၉၅၆ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၁) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ထိတက်ရောက်နိုင်ခဲ့သည့်အတွက် စုစုပေါင်းရမှတ် ၈၇၇၀ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၂) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

စဝီယာတက်ခ်ကဆီမီးဖိုင်နယ်အဆင့်တွင် ရှုံးနိမ့်ခဲ့ပြီး ဆာဘာလင်ကာက ဆီမီးဖိုင်နယ်အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့သည့်အတွက် ဆာဘာလင်ကာအနေဖြင့် ကမ္ဘာ့အဆင့် (၁)နေရာတွင် သေချာပေါက် ဆက်လက်ရပ်တည်နိုင်မည့် အခွင့်အရေးကို ရရှိခဲ့ခြင်းလည်းဖြစ်သည်။

အမေရိကန် တင်းနစ်မယ် ကိုကိုဂေါ့ဖ်သည် ယမန်နှစ်ကရရှိထားသောရမှတ်များကြောင့် စုစုပေါင်းရမှတ် ၆၅၃၈ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၃)၊ အီတလီတင်းနစ်မယ် ပိုအိုလီနီက ကမ္ဘာ့အဆင့်(၄)၊ ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာက ကမ္ဘာ့အဆင့်(၅)၊ အမေရိကန်တင်းနစ်မယ် ပီဂူလာက ကမ္ဘာ့အဆင့်(၆)၊ အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးက ကမ္ဘာ့အဆင့်(၇)၊ တရုတ်တင်းနစ်မယ်ကျန့်ကွင်းဝမ်က ကမ္ဘာ့အဆင့် (၈)၊ အမေရိကန်တင်းနစ်မယ် နာဗာရိုက ကမ္ဘာ့အဆင့်(၉)၊ စပိန်တင်းနစ်မယ် ဘာဒိုဆာက ကမ္ဘာ့အဆင့်(၁၀) နေရာတွင် အသီးသီး ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အယ်နာဆာအသင်းက တာလီစကာကိုရောင်းချခဲ့ပြီးနောက် လေဗာကူဆင်အသင်းမှ ဘွန်နီဖေ့စ်ကို ခေါ်ယူရန်ကြိုးပမ်း

ရီယာ့ဒ် ဇန်နဝါရီ ၂၈

ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအသင်းက အသင်းမှ အဓိကတိုက်စစ်ကစားသမား တာလီစကာကို လက်ရှိဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဖီနာဘာချီအသင်းထံ ရောင်းချခဲ့ပြီးနောက် ၎င်း၏နေရာတွင်အစားထိုးရန်အတွက် လေဗာကူဆင်အသင်းမှ ဘွန်နီဖေ့စ်ကိုခေါ်ယူရန်အတွက် ကြိုးပမ်းလျက်ရှိနေသည်။

နောက်ပိုင်း ကာလများတွင် ဥရောပမှ ထိပ်တန်းကစားသမားများဖြစ်သည့် စီရော်နယ်ဒို၊ လာပေါ်တီ၊ အော်တိုဗီယို၊ ဘရိုဇိုဗစ်၍၊ မာနေး အစရှိသည့် ကစားသမားများကို ခေါ်ယူထားနိုင်ခဲ့သည့် အယ်နာဆာအသင်းသည် လက်ရှိတွင်လည်း ဘွန်နီဖေ့စ်ကို ခေါ်ယူရန်အတွက် ကြိုးပမ်းနေခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံသား ဘွန်နီဖေ့စ်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက စိန့်ဂျိုလိုစီအသင်းမှ လေဗာကူဆင်အသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူပထမဆုံးဘောလုံးရာသီတွင် ပင်အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်းလေဗာကူဆင်အသင်း ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ရှုံးပွဲမရှိခဲ့ဘဲ စံချိန်တင်ဆုဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

လေဗာကူဆင်အသင်းကလည်း ဘွန်နီဖေ့စ်အတွက် သင့်တော်သည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိမည်ဆိုပါက ဘွန်နီဖေ့စ်ကို လက်ရှိဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် လက်လွှတ်သွားဖွယ်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ကမ်ဘိုဆော့က မွေးရပ်မြေတွင် ယော့ဒန်နှင့် မတ် ၂၂ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်




**ဆစ်ဒနီ ဇန်နဝါရီ ၂၈**

IBO ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံဟောင်း ဩစတြေးလျနိုင်ငံသားကမ်ဘိုဆော့သည် မတ် ၂၂ ရက်တွင် မွေးရပ်မြေ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် အင်ဒိုနီးရှား လက်ဝှေ့သမား ယော့ဒန်နှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကမ်ဘိုဆော့သည် ရှစ်နှစ်အတွင်းမွေးရပ်မြေဆစ်ဒနီမြို့တွင် ပထမအကြိမ် ထိုးသတ်သွားမည်ဖြစ်ပြီး ဆုံးရှုံးခဲ့သော ကမ္ဘာ့ချန်ပီယံခါးပတ်များအားပြန်လည်ရယူနိုင်ရေးအတွက် ယော့ဒန်ကို အနိုင်ထိုးသတ်ကာ ကမ္ဘာ့ချန်ပီယံများအားပြန်လည်စိန်ခေါ်သွားနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ကမ်ဘိုဆော့တို့၏ စိန်ခေါ်ပွဲအားနာမည်ကြီးရုပ်သံလိုင်းကုမ္ပဏီဖြစ်သည့် DAZNက ပွဲစီစဉ်ပေးခဲ့သလို DAZNရုပ်သံလိုင်းမှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ကမ်ဘိုဆော့သည် ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦး ဖြစ်သော်လည်းယော့ဒန်သည် ဝါရင့်လက်ဝှေ့သမားတစ်ဦး ဖြစ်သည့်အတွက် ကမ်ဘိုဆော့အတွက် ခက်ခဲသည့်စိန်ခေါ်ပွဲဖြစ်လာနိုင်သည်။

အသက် ၃၁နှစ်အရွယ် ကမ်ဘိုဆော့နှင့် အသက် ၃၇ နှစ်အရွယ် ယော့ဒန်တို့ကြား အသက်ကွာဟမှုရှိသော်လည်း ကမ်ဘိုဆော့သည် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၂၄ ပွဲထိုးသတ်ထားပြီး ရှုံးပွဲသုံးပွဲဖြင့်ရင်ဆိုင်ထားရသည်။

ယော့ဒန်က လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း၄၇ ပွဲထိ ထိုးသတ်ထားပြီး ရှုံးပွဲလေးပွဲသာ ရရှိထားသည့်လက်ဝှေ့သမားဖြစ်သည်။

ယော့ဒန်သည် IBA ကမ္ဘာ့စူပါလိုက်ဝိတ်တန်း ချန်ပီယံအား စိန်ခေါ်ခွင့်ရရှိထားသည့် လက်ဝှေ့သမားဖြစ်သည့်အတွက် ကမ်ဘိုဆော့အနေဖြင့် ယော့ဒန်အား အနိုင်ရရှိပါက ချန်ပီယံအား စိန်ခေါ်နိုင်မည့် အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဒိုင်အထောက်အကူပြု ဗီဒီယိုအကူဒိုင်စနစ်ကို စမ်းသပ်အသုံးပြုရန် ဘွန်ဒက်လီဂါအဖွဲ့ချုပ်ဆုံးဖြတ်

**ဘာလင် ဇန်နဝါရီ ၂၈**

ဂျာမန်ဘွန်ဒက်လီဂါအဖွဲ့ချုပ်သည် ဘောလုံးပွဲများတွင် ကွင်းလယ်ဒိုင်ကို အထောက်အပံ့ပေးနိုင်မည့် ဗီဒီယိုအကူဒိုင်စနစ်ကို ယခုရက်သတ္တပတ်အတွင်း ကစားမည့် ဘွန်ဒက်လီဂါနှင့် ဘွန်ဒက်လီဂါ-၂ ပွဲစဉ်များတွင် စမ်းသပ်အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဗီဒီယိုအကူဒိုင်စနစ်ကို အသုံးပြုရန် ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ အပါအဝင် ပြိုင်ပွဲဝင် အသင်းကိုးသင်းက မဲပေးထောက်ခံခဲ့ကြသောကြောင့် ယခုရက်သတ္တပတ်အတွင်း ကစားမည့် ဘွန်ဒက်လီဂါကလပ်နှင့် လီဂါ-၂ ပွဲစဉ် ငါးပွဲတို့တွင်စမ်းသပ်အသုံးပြုမည်ဟု ဘွန်ဒက်လီဂါအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်များမှာစနေနေ့တွင် ကစားမည့် ဒူဆယ်ဒေါ့ဖ်အသင်းနှင့် အူလ်အမ်အသင်း၊ဘိုင်ယန်မြူးနစ်အသင်းနှင့် ဟိုဖင်ဟိုင်းအသင်း၊ စိန့်ပေါလီအသင်းနှင့် အော့ဂ်စဘတ်အသင်းတို့ဖြစ်ပြီး တနင်္ဂနွေနေ့တွင် ကစားမည့် ဖရန့်ဖတ်အသင်းနှင့်ဝုဖ်ဘတ်အသင်း၊လေဗာကူဆင်အသင်းနှင့် ဟော်ဖန်ဟိမ်းအသင်းတို့ပွဲစဉ်တွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဗီဒီယိုအကူဒိုင်စနစ်ကို အသုံးပြုမည့်စီမံကိန်းတွင် ဒေါ့မွန်အသင်း၊ ဖရိုင်းဘတ်အသင်း၊ လိုက်ပ်ဇစ်အသင်းနှင့် ဂရူသာဖတ်အသင်းတို့ကလည်း ထောက်ခံပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါဗီဒီယိုအကူဒိုင်စနစ်ကို ၂၀၂၃ ခုနှစ်က နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့က ပူးပေါင်းကျင်းပသည့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် စတင်အသုံးပြုခဲ့ကြောင်း သိရသည်။ Ref : ESPN

Trs : ML

# အင်တာမီလန်နှင့် ရိုးမားအသင်းကစားသမားဟောင်း နိုင်ဂိုလန် မူးယစ်ဆေးဝါးဖြန့်ဖြူးမှုဖြင့် ရဲတပ်ဖွဲ့၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရ

**ရောမ ဇန်နဝါရီ ၂၈**

အင်တာမီလန်နှင့် ရိုးမားအသင်း ကစားသမားဟောင်း တစ်ဦးဖြစ်သည့် နိုင်ဂိုလန်သည် ဘယ်လ်ဂျီယံနိုင်ငံတွင် မူးယစ်ဆေးဝါးဖြန့်ဖြူးမှုတွင် ပါဝင်ပတ်သက်ခဲ့သည့်သံသယဖြင့် ရဲတပ်ဖွဲ့၏ ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရကြောင်း သိရသည်။

အသက် ၃၆နှစ်ရှိ နိုင်ဂိုလန်သည် ၎င်း၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် စီးရီးအေ ထိပ်တန်းကလပ် အသင်းများဖြစ်သည့် ရိုးမားအသင်းနှင့် အင်တာမီလန်အသင်းတို့တွင် ကစားခဲ့သူဖြစ်ပြီး ရိုးမားအသင်းတွင် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ခုနှစ်ထိ ကစားခဲ့သူဖြစ်ပြီး အင်တာမီလန်အသင်းတွင်လည်း ၂၀၁၈ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ကစားခဲ့သူဖြစ်သည်။

နိုင်ဂိုလန်သည် နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့်ရုန်းကန်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခြင်း မရှိတော့သည့်အတွက် ၂၀၂၁ခုနှစ် ဇူလိုင်လက အင်တာမီလန်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ရှိုင်ရယ်အက်ဝက်အသင်း၊ စပယ်အသင်းတို့တွင် အဆင့်ဆင့် ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အင်ဒိုနီးရှားကလပ် ဘာယန်ကာရာ အသင်းတွင်တစ်ရာသီကစားခဲ့ကာ ရာသီအကုန်တွင် ဘယ်လ်ဂျီယံ ဒုတိယတန်းကလပ် လိုကီယန်အသင်းထံပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။




နိုင်ဂိုလန်သည် ယခုနှစ် ဘောလုံးရာသီတွင် လိုကီယန်အသင်းနှင့်အတူ ဘယ်လ်ဂျီယံ ဒုတိယတန်းတွင် တစ်ပွဲသာပါဝင်ကစားခဲ့ပြီးနောက် မူးယစ်ဆေးဝါး ဖြန့်ဖြူးမှုတွင် ပါဝင်ပတ်သက်မှုဖြင့် ထိန်းသိမ်းခံခဲ့ရပြီး လိုကီယန်အသင်းကလည်း စာချုပ်ဖျက်သိမ်းကာ အသင်းမှထုတ်ပယ်ခဲ့သည်။

လက်ရှိတွင် ဘယ်လ်ဂျီယံ ရဲတပ်ဖွဲ့က နိုင်ဂိုလန်ကို မူးယစ်ဆေးဝါးဖြန့်ဖြူးမှုတွင်သံသယဖြင့် ဖမ်းဆီး ထိန်းသိမ်းထားပြီးနောက် စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိနေပြီး နောက်ဆက်တွဲတစ်စုံတစ်ရာထုတ်ပြန်ခြင်း မရှိသေးကြောင်း ထုတ်ပြန်ထားသည်။

Ref : One Football

Trs : STA

# AT&T Pebble Beach Pro- Am ပြိုင်ပွဲတွင် ဝိုင်ဟမ်ကလက်ခ်နှင့် မက်အီလ်ရွိုင်းတို့ ပါဝင်ယှဉ်ပြိုင်မည်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဇန်နဝါရီ ၃၀ ရက်၌ စတင်ကျင်းပသွားမည့် AT&T Pebble Beach Pro–Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဝိုင်ဟမ်ကလက်ခ်နှင့် ကမ္ဘာ့အကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားစာရင်းတွင်ပါဝင်နေသည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမားမက်အီလ်ရွိုင်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဒဏ်ရာကြောင့် အနားယူနေရပြီး ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲဝင်နိုင်ခြင်းမရှိသေးသည့် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားစကော့တီရှက်ဖလာလည်း ရာသီသစ်ပွဲဦးထွက်အနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မက်အီလ်ရွိုင်း သည်လည်း ၂၀၂၅ ခုနှစ်အတွင်း PGA Tour များတွင် ပါဝင်ယှဉ်ပြိုင်ထားခြင်း မရှိသေးဘဲ ရာသီသစ်တွင် ပွဲဦးထွက်ပြိုင်ပွဲအနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

AT&T Pebble Beach Pro–Am ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီက "၂၀၂၅ ခုနှစ် AT&T Pebble Beach Pro–Amဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားစကော့တီရှက်ဖလားပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။လက်ရှိချန်ပီယံဖြစ်တဲ့ အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဝိုင်ဟမ်ကလက်ခ်သည်လဲ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်သလို မြောက်အိုင်ယာလန်ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းလဲ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဂျူဗင်တပ်အသင်းက နည်းပြမော့တာ၏နေရာတွင် ဘာစီလိုနာနည်းပြဟောင်းဇာဗီနှင့်အစားထိုးရန် ပြင်ဆင်

**ရောမ ဇန်နဝါရီ ၂၈**

ဂျူဗင်တပ်အသင်းက ယခုနှစ်ဘောလုံးရာသီတွင်နည်းပြမော့တာလက်အောက်၌ အသင်းအနေဖြင့် ရလဒ်ပိုင်းများကောင်းမွန်လာခြင်းမရှိသည့်အတွက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြမော့တာနှင့်လမ်းခွဲပြီး နည်းပြသစ်အဖြစ် ဘာစီလိုနာအသင်းနည်းပြဟောင်း ဇာဗီနှင့် အစားထိုးရန်အတွက် ပြင်ဆင်လျက်ရှိနေသည်။

ဘာစီလိုနာအသင်းက နည်းပြမော့တာကို ယခုနှစ်ဘောလုံးရာသီမှသာခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲတွင် တစ်ပွဲတည်းသာရှုံးပွဲကြုံတွေ့ထားခဲ့သော်လည်း ၁၃ပွဲထိသရေရလဒ်ထွက်ပေါ်ထားပြီး ရှစ်ပွဲသာအနိုင်ရရှိခဲ့သည့်အတွက် အသင်းတာဝန်ရှိသူများက နည်းပြမော့တာ၏ စွမ်းဆောင်ရည်ပိုင်းများ အပေါ်အားရခြင်းမရှိသည့်အတွက် ရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်အတွက် စတင်ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

သို့သော် ဂျူဗင်တပ်အသင်းက နည်းပြမော့တာကို ချက်ချင်းရာထူးမှ ထုတ်ပယ်မည်မဟုတ်ဘဲ ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်ထိ ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ပြီး ရာသီအကုန်တွင် ဥရောပဝင်ခွင့်နှင့် လွဲချော်ခဲ့မည်ဆိုပါက နည်းပြဇာဗီနှင့်အစားထိုးရန်အတွက် စီစဉ်နေခြင်းဖြစ်သည်။

နည်းပြဇာဗီသည် ဘာစီလိုနာအသင်းကို ကိုင်တွယ်ရာတွင် ထိပ်တန်းလူငယ်ကစားသမားများပေါ်ထွက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည့်အတွက် ဂျူဗင်တပ်အသင်းက ဇာဗီကို နည်းပြသစ်အဖြစ် ခန့်အပ်လိုနေခြင်းဖြစ်ကြောင်း သိရသည်။Ref : L'Equipe

Trs : STA



# ပါကစ္စတန်၏ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော တရုတ်နိုင်ငံ

ဝင်းဇင်(သုတေသန)

စီးပွားရေးစစ်တမ်း(၂၀၂၃-၂၀၂၄)အရ ပါကစ္စတန်နိုင်ငံ၏ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မှုသည် ၄၂၁၃၁ မဂ္ဂါဝပ်ရှိပြီး ပြည်တွင်းလျှပ်စစ်လိုအပ်ချက်၏ နှစ်ဆနီးပါခန့်ရှိနေသည်။ သို့သော် ပါကစ္စတန်နိုင်ငံသည် လျှပ်စစ်စွမ်းအင်ပြတ်လပ်နေသော တောင်အာရှ၏ တစ်ခုသောနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး ကရာချိကဲ့သို့သော မြို့ကြီးများတွင် လျှပ်စစ်စွမ်းအင်လိုအပ်ချက် မြင့်မားနေဆဲပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် လျှပ်စစ်မီတာခနှုန်းထားများ မြင့်တက်လာသည့်အချိန်တွင် ပါကစ္စတန်နိုင်ငံရှိ အိမ်တစ်အိမ်၌ မီတာခသည် အိမ်ငှားခထက်ပင် များပြားလျက်ရှိသည်။

လျှပ်စစ်ဓာတ်အား လုံလောက်စွာပေးနိုင်သော်လည်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် မီတာခအဆမတန်မြင့်တက်နေမှုများကြောင့် ပါကစ္စတန်နိုင်ငံရှိ ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများ(IPPs)၊ အထူးသဖြင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ(CPEC)အောက်ရှိ တရုတ်ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများအပေါ် ပြည်သူလူထု၏ဝေဖန်မှုမြင့်တက်လျက်ရှိသည်။ လျှပ်စစ်စွမ်းအင်ဝယ်ယူရေးသဘောတူညီချက်များ(PPAs)အရ အစိုးရအနေဖြင့် လျှပ်စစ်သုံးစွဲခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတို့အတွက် ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများသို့ ငွေပေးချေရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် မြင့်တက်လာသော အခွန်စည်းကြပ်မှုနှင့် ပါကစ္စတန်နိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် အဆိုပါသဘောတူညီချက်များ အထူးသဖြင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံစွမ်းအင်စီမံကိန်းများကို ပြန်လည်သုံးသပ်ဆွေးနွေးရန် တောင်းဆိုလျက်ရှိသည်။

**ပုဂ္ဂလိက လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုစတင်ခြင်း**

Mangal နှင့် Tarbela ဆည်တမံကဲ့သို့သော အမေရိကန်နိုင်ငံက ပံ့ပိုးထားသည့် စီမံကိန်းများဖြင့် ပါကစ္စတန်နိုင်ငံက ရေအားလျှပ်စစ်ထုတ်လုပ်မှုကို စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် လျှပ်စစ်စွမ်းအင်လိုအပ်ချက်မြင့်တက်လာခြင်းသည် အခြေခံအဆောက်အအုံများ၏ ထုတ်လုပ်မှုစွမ်းရည် အထူးသဖြင့် စက်မှုကဏ္ဍအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာခဲ့သည်။ နဝပ်ရှာရစ်ဖ်၏ ပါကစ္စတန်မွတ်စလင်အဖွဲ့ချုပ်-နဝပ်(PML-N)သည် ပါကစ္စတန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဖြေလျှော့မှုများလုပ်ဆောင်ပေးခဲ့ပြီး ပထမဆုံးသော ပုဂ္ဂလိကလျှပ်စစ်စွမ်းအင်ထုတ်လုပ်သူ HUBCO ကို စတင်မိတ်ဆက်ခဲ့သည်။ ဘနာဇီယာဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီ(PPP)သည် လျှပ်စစ်စွမ်းအင်ကဏ္ဍကို ပုဂ္ဂလိကကိုလုပ်ကိုင်ခွင့်ပြုလုပ်ခဲ့သဖြင့် ထောက်ခံမှုရရှိခဲ့သည်။ ပါကစ္စတန်ပြည်သူ့ပါတီသည် ၁၉၉၄ ခုနှစ်တွင် စွမ်းအင်မူဝါဒပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာမူဝါဒနှင့် အခွင့်အလမ်းများဆိုသည့် မူဝါဒစာတမ်းသည် ကမ္ဘာ့ဘဏ်ပံ့ပိုးမှုဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ပြီး ပုဂ္ဂလိကစွမ်းအင်စီမံကိန်းများ တိုးတက်လာစေရန် ရည်မှန်းထားရှိသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံဆွဲဆောင်နိုင်ခဲ့ပြီး ၁၉၉၄ ခုနှစ် မူဝါဒအောက်တွင် ရင်းနှီးမြှုပ်နှံလုပ်ဆောင်လျက်ရှိသည့် ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများအဖွဲ့အစည်း ၁၉ ခုဖြင့် နိုင်ငံတော်ဓာတ်အားလိုင်းတွင် လျှပ်စစ်စွမ်းအင် မဂ္ဂါဝပ် ၆၅၀၀ ထပ်မံ ပို့လွှတ်နိုင်ခဲ့သည်။ ၁၉၉၄ ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သည့် အမေရိကန်စွမ်းအင်ဝန်ကြီးကပင်လျှင် ကမ္ဘာတစ်ဝန်းအကောင်းဆုံးမူဝါဒအဖြစ် ထုတ်ဖော်ပြောဆိုခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ပါကစ္စတန်မွတ်စလင်အဖွဲ့ချုပ်-နဝပ်အစိုးရအတွက် ကန်ထရိုက်စာချုပ်ပါ တာဝန်ဝတ္တရားများကိုဖြည့်ဆည်းရန် အခက်အခဲစတင်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၀၂ ခုနှစ် စွမ်းအင်မူဝါဒကဲ့သို့သော နောက်ဆက်တွဲမူဝါဒများသည် အမြတ်အစွန်းအပေါ်အခွန်ကောက်ခံခြင်းကို ၁၂ ရာခိုင်နှုန်းထိ လျှော့ချခဲ့ပြီး အလုံးအရင်းဖြင့် အခွန်စည်းကြပ်ကောက်ခံမှုများကို ဖယ်ရှားခဲ့သော်လည်း ထုတ်လုပ်မှုအတွက် ပေးချေရခြင်းကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုအားထားမှုနှင့် ဒေါ်လာနှင့်ဆက်နွယ်သည့်အမြတ်ငွေသည် ပါကစ္စတန်



ပါကစ္စတန်နိုင်ငံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို တွေ့ရစဉ်။

နိုင်ငံ၏ အကြွေးစက်ဝန်းအပေါ် ပိုမိုဆိုးရွားလာစေခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် စွမ်းအင်လိုအပ်ချက်သည် မဂ္ဂါဝပ် ၅၅၀၀ ထိရှိလာခဲ့ပြီး စွမ်းအင်ကဏ္ဍ၏ ဘဏ္ဍာရေးအကျပ်အတည်းများ ပိုမိုနက်ရှိုင်းလာခဲ့သည်။

**CPEC ဝင်ရောက်လာခြင်း**

၂၀၁၄ ခုနှစ်တွင် PML-N အစိုးရသည် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ(CPEC) မှ တစ်ဆင့် ပါကစ္စတန်နိုင်ငံ၏စွမ်းအင်ကဏ္ဍတွင် တရုတ်နိုင်ငံဝင်ရောက်ခွင့်ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခဲ့သည်။ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံသည် ဂွါဒါနှင့် ကက်ရှ်ဂါကို ဆက်သွယ်ထားသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(BRI)၏ အထင်ကရစီမံကိန်းတစ်ခုဖြစ်သည်။ မူလက ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၈ ဘီလီယံရှိပြီးနောက်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံထိ တိုးတက်လာခဲ့သည်။ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံကို ပါကစ္စတန် စီးပွားရေးအပြောင်းအလဲအတွက် အလှည့်အပြောင်းတစ်ရပ်အဖြစ် ကြိုဆိုခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအများစုသည် လျှပ်စစ်လိုအပ်ချက်အဆုံးသတ်သွားမည်ဆိုသည့် နဝပ်ရှာရစ်ဖ်၏ ရွေးကောက်ပွဲကတိကဝတ်နှင့်အညီ စွမ်းအင်ကဏ္ဍကို ရည်မှန်းချက်ထားခဲ့သည်။

အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံအနက် ၃၅ ဘီလီယံခန့်ကို စွမ်းအင်စီမံကိန်း ၂၁ ခုတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး အများစုသည်ကျောက်မီးသွေးသုံးစွမ်းအင်ထုတ်လုပ်ခြင်းဖြစ်ကာ ပါကစ္စတန်နိုင်ငံ၏အမျိုးသားဓာတ်အားလိုင်းသို့ မဂ္ဂါဝပ် ၆၀၀၀ ပို့လွှတ်ပေးနိုင်ခဲ့သည်။ သို့သော် ပုဂ္ဂလိက လျှပ်စစ်ထုတ်လုပ်သူအဖွဲ့အစည်းများစွာသည် အစိုးရထံမှ အမြတ်အစွန်း ၂၇ ရာခိုင်နှုန်းမှ ၃၄ ရာခိုင်နှုန်းထိ ရရှိခဲ့သည်။ ၎င်းစီမံကိန်းများသည် အမျိုးသားကြွေးမြီကို မြင့်တက်လာစေခဲ့သည်။ တရုတ်လျှပ်စစ်လိုအပ်ချက်ကို အနည်းငယ်ဖြေလျှော့နိုင်သော်လည်း ကရာချိကဲ့သို့သော မြို့ကြီးများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သည်။ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ လျှပ်စစ်ဓာတ်အားစီမံကိန်းများသည် ပါကစ္စတန်နိုင်ငံကို ချေးငွေမတည်ငြိမ်မှုနှင့်ဓာတ်အားကုန်ကျစရိတ်မြင့်မားမှုကိုသာ ဖြစ်ပေါ်စေကြောင်း ဝေဖန်မှုများမြင့်တက်ခဲ့သည်။

တရုတ်- ပါကစ္စတန်စီးပွားရေးစင်္ကြံသည် ကားလမ်းများ၊ ရထားလမ်းများ၊ စီးပွားရေးဇုန်ကြီးများနှင့်အတူ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ် ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ တရုတ်နိုင်ငံ၏ ဦးစားပေးလုပ်ငန်းသည် စီမံကိန်းများချိတ်ဆက်သွားရန်ဖြစ်သော်လည်း ပါကစ္စတန်အစိုးရ၏ လိုလားချက်သည် စွမ်းအင်ကဏ္ဍအတွက် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ ဘဏ္ဍာငွေရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ ပါကစ္စတန်မွတ်စလင်အဖွဲ့ချုပ်-နဝပ်အစိုးရ လက်ထက် စွမ်းအင်လိုအပ်နေသော ပါကစ္စတန်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် အမျိုးသားဓာတ်အားပေးလိုင်းသို့ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀၀ ထပ်ဆောင်းပို့လွှတ်ရန်စီစဉ်ခဲ့ပြီး ထိုစဉ်က စီမံကိန်း ၁၁ ခုလုံးလည်ပတ်နေပြီဖြစ်သည့်အတွက် အမျိုးသားဓာတ်အားပေးလိုင်းသို့ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀၀ ကျော် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ပါကစ္စတန်နိုင်ငံတွင် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံခဲ့သဖြင့် ပါကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံကရန်ပုံငွေထူထောင်ထားသည့် အကြီးမားဆုံးစွမ်းအင်ရင်းနှီးမြှုပ်နှံမှုကြီးကိုပိုင်ဆိုင်ထားရှိသည်။ ထို့ကြောင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၆၇ ဒသမ ၂ ဘီလီယံထိ ရယူထားသည်။ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံကလည်း ပါကစ္စတန်အစိုးရအပေါ် ကြွေးမြီ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံ ထပ်မံတင်ရှိစေခဲ့သည်။

ဝန်ကြီးချုပ်အင်မရန်ခန်းသည် တရုတ်နိုင်ငံထံမှ ချေးငွေမရရှိခဲ့သဖြင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)ထံမှ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ ချေးယူခဲ့ရသည်။ နဝပ်ရှာရစ်ဖ်လက်ထက်တွင် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံသည် စီးပွားရေးစီမံကိန်းတစ်ခုထက်ပိုမိုသော အဆင့်အတန်းတစ်ခုရရှိခဲ့သော်လည်း အင်မရန်ခန်းလက်ထက်တွင် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံစီမံကိန်းများကို အကဲဖြတ်ဆန်းစစ်ရန် အဖွဲ့ဝင် ကိုးဦးပါဝင်သော ကော်မတီတစ်ခုဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် စင်ကာပူအခြေစိုက်သတင်းစာများက တရုတ်ခေါင်းဆောင်များသည် အင်မရန်ခန်းထက် နဝပ်ရှာရစ်ဖ်နှင့် အလုပ်လုပ်ဆောင်ရာတွင် ပိုမိုအဆင်ပြေချောမွေ့သည်ဟု ကောက်ချက်ချရေးသားခဲ့သည်။

**တရုတ် IPPs နှင့် ပါကစ္စတန်၏ စွမ်းအင်လိုအပ်ချက်**

တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံနှင့် ပါကစ္စတန်၏ ဘဏ္ဍာရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်အငြင်းအခုံဖြစ်ပွားနေစဉ် ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများသည် လူပြောစရာဖြစ်လာခဲ့သည်။ လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းအတွက် စရိတ်နှင့် အမြတ်ငွေပြန်လည်ပေးအပ်ခြင်းတို့ပါဝင်သော ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများနှင့်ချုပ်ဆိုထားသည့် ကန်ထရိုက်များသည် ပါကစ္စတန်နိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် အကြွေးနှင့်လည်ပတ်လျက်ရှိသည်။ လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းအတွက် ပေးချေရသည့်စရိတ်သည် လျှပ်စစ်ဓာတ်အားကို အသုံးပြုသည်ဖြစ်စေ၊ မသုံးဘဲနေသည်ဖြစ်စေ ပါကစ္စတန်နိုင်ငံအနေဖြင့် ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများသို့ လစဉ် အမေရိကန်ဒေါ်လာသန်း ၅၄၀ ခန့် ပေးချေရလျက်ရှိသည်။

လျှပ်စစ်ဓာတ်အားဝယ်ယူရေး သဘောတူညီချက်များ(PPAs)အရ ပါကစ္စတန်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် အချို့ကုမ္ပဏီများသည် ဓာတ်အားထုတ်လုပ်ခြင်းမရှိသည့်တိုင်အောင် ဓာတ်အားထုတ်လုပ်နိုင်စွမ်းအတွက် လစဉ်ခံစားခွင့်ရှိနေသည်။ ထို့ကြောင့် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံသို့ပေးချေရသည့် ထုတ်လုပ်မှုကုန်ကျစရိတ်သည် ပါကစ္စတန်နိုင်ငံအတွက် တတိယအကြီးမားဆုံးကြွေးမြီပမာဏဖြစ်သည်။ ကာကွယ်ရေးကဏ္ဍသည် ကြွေးမြီအများဆုံးဖြစ်ပြီး နိုင်ငံခြားရေးကဏ္ဍသည် ကြွေးမြီဒုတိယအများဆုံး ဖြစ်သည်။

ထို့ကြောင့် ပါကစ္စတန်စွမ်းအင်ဝန်ကြီး Awais Leghari က ပါကစ္စတန်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် တရုတ်ကုမ္ပဏီများနှင့်ချုပ်ဆိုထားသောကန်ထရိုက်များကို ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ လျှပ်စစ်စီမံကိန်းမစတင်မီ ၂၀၁၅ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံသည် ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများသို့ လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းအတွက် နှစ်စဉ် ရူပီး ၁၈၄ ဘီလီယံပေးချေခဲ့ရသည်။ သို့သော် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံအောက်ရှိ ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူထပ်ဆောင်းလုပ်ဆောင်လာခဲ့ပြီးနောက် လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်စွမ်းအတွက် ပါကစ္စတန်နိုင်ငံ၏ ပေးချေရမှုသည် နှစ်စဉ် ရူပီး ၂၁၂၄ ဘီလီယံထိ ရှိလာခဲ့သည်။

စွမ်းအင်ဆိုင်ရာမူဝါဒများနှင့် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံလျှပ်စစ်စွမ်းအင်စီမံကိန်းများသည် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရာတွင် ပါကစ္စတန်နိုင်ငံကို လိုအပ်သည်ထက် ပိုမိုထုတ်လုပ်နိုင်ရန် အထောက်အကူဖြစ်စေခဲ့သော်လည်း နဝပ်ရှာရစ်ဖ်၏ ရွေးကောက်ပွဲကတိကဝတ်အတိုင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ခြင်းမရှိပေ။ ပါကစ္စတန်နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်စွမ်းပိုလျှံမှုရှိနေသော်လည်း တရုတ်နိုင်ငံကို ပေးဆပ်ရန်ရှိသည့်ကြွေးမြီများကြောင့် လျှပ်စစ်ဓာတ်အားကို မြင့်မားသောဈေးနှုန်းဖြင့် ဝယ်ယူရလျက်ရှိသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ပေးရမည့် လျှပ်စစ်ဓာတ်အားခကြွေးမြီသည် အမေရိကန် ဒေါ်လာ ၁၅ ဘီလီယံထိ ရှိလာခဲ့တော့သည်။

**ကိုးကား**

- China in Pakistan's Power Sector: The Hidden Costs Behind Pakistan's Energy Overcapacity by The Diplomat.

# ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုပေးပွဲအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ရွှေကြိုမောင်မယ်များ အစမ်းလေ့ကျင့်မှုပြုလုပ်



ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုပေးပွဲအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ရွှေကြိုမောင်မယ်များ ယနေ့တွင် အစမ်းလေ့ကျင့်မှုကို ပြုလုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရှိ ရုပ်ရှင်ခန်းမ၌ ယနေ့တွင် ရွှေကြိုမောင်မယ်များ၏ အစမ်းလေ့ကျင့်မှုများကို ဝါရင့်သရုပ်ဆောင်များဖြစ်သည့် ရန်အောင်နှင့် မေသန်းနုတို့က ကြီးကြပ်ပေးလျက်ရှိကြောင်း သိရသည်။

“၂၀၂၄ ခုနှစ် အကယ်ဒမီပေးပွဲအတွက် ရွှေကြိုရွေးချယ်ခံခဲ့ရတဲ့ ရွှေကြိုမောင်မယ် အယောက် ၄၀ ကို ဇန်နဝါရီ ၂၆ ရက်ကနေ ယနေ့ထိ ဝါရင့်သရုပ်ဆောင်ကြီးတွေက ကြီးကြပ်လေ့ကျင့်ပေးနေပါတယ်” ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုပေးပွဲတွင် ဇန်းကိုင်များအဖြစ် ဆောင်ရွက်ကြမည့် ရွှေကြိုမောင်များမှာ ဝီမန်း၊ ယံသက်၊ အောင်သူဆန်း၊ ဩနေသိမ်၊ စွမ်းဘုန်းတေဇ၊ မဂ္ဂ၊ စပ်ဝဏ္ဏကျော်စွာ၊ သျှိုင်းမာန်၊ ဘုန်းမြတ်မောင်၊ အောင်မြင့်မြတ်၊ ကောင်းခန့်၊ ဉာဏ်မင်းဆက်၊ နန်းဦးလှိုင်၊ လျှန်းထက်အောင်၊ ပြည့်စုံ၊ သူရိန်၊ ကိုကိုကျော်၊ အောင်သီဟ၊ ဘုန်းဟိန်း၊ ဖြိုးဟန်ကျော်တို့ဖြစ်ပြီး ရွှေကြိုမယ်များမှာ ဆုကျော့ခိုင်၊ သော်တာလှိုင်ထွန်း၊ ချစ်မမိုး၊ သဒ္ဒါနန်းထိုက်၊ ထံထျာလင်း၊ ဝိုင်းပြည့်ပြည့်စန်းလွင်၊ မေမီလင်း၊ မိကိုခန့်၊ ကြည်ဖေယျရှင်၊ ကေဇင်ခန့်၊ ဆုစန္ဒီမိုး၊ ကေကေဖြိုး၊ ကြယ်စင်သန့်၊ စိလာဝင်း၊ လင်းဝသန်ဦး၊ ဩမြတ်ခင်၊ ဖူးဖူးနန်းတော်၊ ရှင်းသီရိသူ၊ သင်းနန္ဒီဇော်၊ မိုကိုခန့် တို့ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

ASH

# Godzilla x Kong နောက်ဆက်တွဲဇာတ်ကား၌ မင်းသမီးကိတ်သလင်းဒီဗာ ပါဝင်ဖွယ်ရှိ

နယူးယောက် ဇန်နဝါရီ ၂၈

Legendary Picture ရုပ်ရှင်ကုမ္ပဏီ၏ Godzilla x Kong နောက်ဆက်တွဲ ဇာတ်ကားသစ်၌ မင်းသမီး ကိတ်သလင်းဒီဗာ ပါဝင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Godzilla x Kong ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသမီး ကိတ်သလင်းဒီဗာသည် Legendary Picture ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Godzilla x Kong နောက်ဆက်တွဲဇာတ်ကားသစ်တွင် မူလ Godzilla x Kong(2024) မှ မင်းသမီး ရေဘက်ကာဟောလ၊ မင်းသားဒန်းစတီဗင်၊ ဘရိုင်ယန်တိုင်ရီ ဟင်နရီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Godzilla x Kong နောက်ဆက်တွဲဇာတ်ကားသစ်ကို ဒါရိုက်တာ ဂရန်းစပူတိုရီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

Godzilla x Kong နောက်ဆက်တွဲဇာတ်ကားသစ်ကို ဇာတ်ညွှန်းရေးဆရာ ဒေ့ဗကယ်လာဟမ်က ရေးသားပေးထားကြောင်း သိရသည်။

Godzilla x Kong : The New Empire (2024) ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇၁ ဒသမ ၈ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# အောင်မြတ်သာနှင့် တောင်သခင်မ ဇာတ်လမ်းကို ဖေဖော်ဝါရီလတွင် ထုတ်လွှင့်ပေးသွားမည်

ရန်ကုန် ဇန်နဝါရီ ၂၈

Shwe Stream Application က အောင်မြတ်သာနှင့် တောင်သခင်မ အမည်ရှိ ဇာတ်လမ်းကို ဖေဖော်ဝါရီလ ပထမပတ်အတွင်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ အောင်မြတ်သာနှင့် တောင်သခင်မ ဇာတ်လမ်းကို ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ဇော်လွင်က ပြောပြ၍ သိရသည်။

အဆိုပါ အောင်မြတ်သာနှင့် တောင်သခင်မ ဇာတ်လမ်းကို စာရေးဆရာ ဖေယနု(ရာမည)၏ ဝတ္ထုကို သားထိုက်၊ ဝင်းမြင့်ဦးတို့က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ ညီမင်းလွင်နှင့် ဇော်လွင်တို့က ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်လမ်းက ပရိသတ်သဘောကျတဲ့ လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရ ဇာတ်လမ်းတွဲတွေထဲက ဇာတ်လမ်းတစ်ပုဒ်ပါ။ အောင်မြတ်သာ ဇာတ်လမ်းတွေကို Channel K ရုပ်သံလိုင်း၊ Skynet ရုပ်သံလိုင်း၊ Hey Play Application ကနေ ပြသနေပါတယ်။ အခုဇာတ်လမ်းကတော့ အဓိကသရုပ်ဆောင်တွေ အပြောင်းအလဲလုပ်ထားပြီးတဲ့နောက် ထွက်ရှိလာတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။




ဇာတ်လမ်းသဘောကတော့ တောင်သခင်မကို အောက်လမ်းဆရာတစ်ယောက်က ဖမ်းဆီးထားခဲ့တယ်။ ဒါကို အောင်မြတ်သာတို့က ကယ်ဖို့ ရောက်လာခဲ့ကြတယ်။ တောင်သခင်မကို ဖမ်းချုပ်ထားနိုင်တဲ့ အောက်လမ်းဆရာကို အောင်မြတ်သာတို့ ဘယ်လိုနှိမ်နင်းမလဲဆိုတာ ကြည့်ရှုခံစားပေးကြပါအုံး”ဟု ဒါရိုက်တာ ဇော်လွင်က ပြောပြသည်။

အဆိုပါ အောင်မြတ်သာနှင့် တောင်သခင်မ ဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် ထွန်းကိုကို၊ အောင်ဆန်းမြင့်၊ အောင်ဖြိုးလင်း၊ အောင်တိုးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်းလည်း သိရသည်။

ASH

# မဲလ်ဂစ်ဘီဆင်၏ Flight Risk ဇာတ်ကား ပထမသီတင်းပတ်ကုန်တွင် ကန်ဒေါ်လာ ၁၂ သန်းထိရရှိ

နယူးယောက် ဇန်နဝါရီ ၂၈

ကမ္ဘာကျော် မင်းသားနှင့် ဒါရိုက်တာ မဲလ်ဂစ်ဘီဆင်ရိုက်ကူးထားသော Flight Risk ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ချိန်တွင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ သန်းထိ ရရှိထားကြောင်း သိရသည်။

Flight Risk ဇာတ်ကားကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ဇန်နဝါရီ ၂၄ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Flight Risk ဇာတ်ကားကို အမေရိကန်ပြည်တွင်း ရုပ်ရှင်ရုံပေါင်း ၃၁၆၁ ရုံ၌ ပြသနေခြင်းဖြစ်သည်။

Flight Risk ဇာတ်ကားသည် ဒါရိုက်တာ မဲလ်ဂစ်ဘီဆင်အတွက် ၂၀၁၆ ခုနှစ် နောက်ပိုင်း ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ မဲလ်ဂစ်ဘီဆင်သည် Hacksaw Ridge (2016) ဇာတ်ကားကို ရိုက်ကူးခဲ့ပြီးနောက်ပိုင်း မည်သည့်ရုပ်ရှင်ဇာတ်ကားမျှ ရိုက်ကူးခဲ့ခြင်း မရှိကြောင်း သိရသည်။

Flight Risk ဇာတ်ကားတွင် မင်းသား မာ့ဝေးဘာ၊ တိုဖာဂရေ့စ်နှင့် မင်းသမီး မစ်ချဲဒေါ့က်ကီရီ တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# ဗိုလ်တထောင်မြို့နယ်ရှိ SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး)တွင် အိန္ဒိယ-မြန်မာ အစားအစာယဉ်ကျေးမှုပွဲတော် ကျင်းပမည်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး) တွင် အိန္ဒိယ-မြန်မာ အစားအစာ ယဉ်ကျေးမှုပွဲတော်ကို လာမည့် ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များကွန်ရက်အဖွဲ့ထံမှ သိရသည်။

အဆိုပါ အိန္ဒိယ-မြန်မာ အစားအစာ ယဉ်ကျေးမှုပွဲတော်ကို “မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေး” အစီအစဉ်အဖြစ် ရန်ကုန်အခြေစိုက် အိန္ဒိယအမျိုးသမီး အသင်းနှင့် မြန်မာအမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များ ကွန်ရက်အဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

“မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ကျင်းပမဲ့ အိန္ဒိယ-မြန်မာ အစားအစာ ယဉ်ကျေးမှုပွဲတော်ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး အဆောက်အအုံ (The Secretariat Yangon) မှာ ရန်ကုန်အခြေစိုက် အိန္ဒိယ အမျိုးသမီးအသင်းနဲ့ မြန်မာအမျိုးသမီး စီးပွားရေး လုပ်ငန်းရှင်များ ကွန်ရက်အဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ပွဲတော်ကိုတော့ လာမဲ့ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီကနေ ည ၉ နာရီထိ ကျင်းပသွားမှာဖြစ်ပါတယ်”ဟု မြန်မာ အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များ ကွန်ရက်အဖွဲ့မှ ဗဟိုအလုပ်အမှုဆောင် ဒေါ်အိဖြူဖြူထွန်းက ပြောပြသည်။

အဆိုပါ အိန္ဒိယ-မြန်မာ အစားအစာ ယဉ်ကျေးမှုပွဲတော်တွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ရိုးရာ အစားအစာများ၊ လက်မှုထုတ်ကုန်များနှင့် မြန်မာနိုင်ငံမှ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ လက်မှုအနုပညာလက်ရာမြောက် Made in Myanmar ထုတ်ကုန်များကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# KhinU Township harvests over 98,000 acres of rain-fed paddy


Rain-fed paddy being harvested in KhinU Township.

**KhinU January 28**

A total of 98,714 acres of paddy planted during the rainy season have been harvested in KhinU Township, Shwebo District, Sagaing Region, according to the Department of Agriculture for KhinU Township.

KhinU Township has completed the harvesting of 98,714 acres of paddy planted during the rainy season this year, and the paddy fields have been harvested since November 2024. So far, 98,714 acres have been harvested, with an output of 81.12 baskets per acre.

"The necessary technology and varieties are being provided. Farmers have been provided with field assistance to plant paddy on time," said U Nay Win Naing, head of the Department of Agriculture for KhinU Township.

The relevant township agriculture department and local farmers have been working together to ensure that paddy is planted systematically without any difficulties during the rainy season this year.

The department offered agricultural technology, pest prevention education, crop protection strategies, and guidance on the timely storage of harvested rice under shelter to farmers in KhinU Township. 206

# ChaungU Township harvests over 10,000 acres of rain-fed pigeon pea

**ChaungU January 28**

A total of 10,211 acres of pigeon peas planted during the rainy season have been harvested in ChaungU Township, Monywa District, Sagaing Region, according to the Department of Agriculture for ChaungU Township.

ChaungU Township has been able to plant 20,203 acres of pigeon peas during this year's rainy season, and the pigeon peas that were planted have been harvested since December 2024. So far, 10,211 acres have been harvested, with an average yield of 17.77 baskets per acre.

"We also work to improve the yield of pigeon peas. We plant pigeon peas separately and also as an intercrop," said Daw Khin Myat Myat Oo, head of the Department of Agriculture for ChaungU Township.

The Township Agriculture Department has provided field education to farmers growing pigeon peas in ChaungU Township on selecting good and pure varieties, proper planting methods, pest control, and good yields. 206

# Ayadaw Township finishes cultivation of green gram in more than 4,000 acres of croplands

**Ayadaw January 28**

Monywa District Agriculture Department stated that a total of 4,164 acres of green gram has been planted as cold season crops in Ayadaw Township of Sagaing Region.

Local farmers started cultivation of green gram in October 2024, and so far they have grown 4,164 acres of green gram against the target of 4,185 acres in 2024-25 cold season in Ayadaw Township.

Daw San San Myint, Head of Monywa District Agriculture Department said: "Local authorities earmarked cultivation of 4,185 acres of green gram this cold season, 4,164 acres of which has been planted by local farmers. Our department raised farmer awareness to expand sown acreage of green gram in the township and use quality strains of crops for boosting per-acre yield of crops."

In Ayadaw Township, officials of the Township Agriculture Department educated local farmers to use quality strains of crops and correct agricultural techniques and prevent pests as well as broadcast fertilizers.

This year, township officials cooperate with local farmers for using quality seeds, agricultural inputs and post-harvest technology in order to increase per-acre yield of crops. 206


A thriving green gram plantation.

# World Insights: How will Lukashenko's re-election influence Belarus' development?

**Minsk January 28**

Alexander Lukashenko has won the presidential election in Belarus, receiving 86.82 percent of the vote, according to preliminary results released by the country's Central Election Commission on Monday.

Experts agree that Lukashenko's re-election ensures domestic political stability and supports the country's course toward comprehensive development.

Despite increasing sanctions pressure, the Belarusian economy has been growing, as has been reflected in almost all key indicators for two years in a row.

Belarus' gross domestic product (GDP) increased by 4 percent in 2024. Industry became the main driver of growth, with industrial production up by 5.4 percent last year. The real disposable income of Belarusians rose by 9.5 percent from January to November 2024 compared to the same period in 2023.

Lukashenko has made a series of achievements, such as promoting economic stability and improving citizens' well-being, developing key industrial sectors and strengthening export potential, as well as expanding infrastructure, said a recent report by the International Institute for Middle East and Balkan Studies (IFIMES). Xinhua


Incumbent President Alexander Lukashenko (C) is pictured at a polling station in Minsk, Belarus, Jan. 26, 2025.

# Libya seeks to enhance economic cooperation with Serbia: minister

**Tripoli January 28**

Libya aims to reactivate and update 25 bilateral agreements with Serbia to strengthen economic cooperation, Libyan Economy Minister Mohamed Al-Hwej said on Monday.

Speaking at a joint news conference with Serbian Foreign Ministry State Secretary Nikola Stojanovic following a Libyan-Serbian economic forum in Tripoli, Al-Hwej described the agreements-signed over the past decade but largely dormant-as needing alignment with "global political and economic developments."

"Our cooperation with Serbia spans 70 years. Today, we seek practical steps to diversify Libya's economy and create true partnerships across all sectors," Al-Hwej said, adding that senior officials from both nations would exchange visits to advance joint ventures.

Libya, divided by civil conflict since 2011, has seen a fragile truce between eastern and western factions over the past year. The government has prioritized reviving foreign economic ties to offset reliance on oil, which accounts for over 90 percent of state revenue.

Stojanovic praised Libya's "progress toward stability" and expressed optimism for expanded trade, though he did not specify sectors for collaboration.

The one-day forum brought together businesses from both countries to explore opportunities in agriculture, energy, and infrastructure. No immediate deals were announced.

Libya's economy remains hobbled by political fragmentation, with GDP contracting by 10 percent in 2023, World Bank data shows.

Xinhua

# Farmers complete growing maize and corns in Kanbalu Township


A thriving corn plantation in Kanbalu Township.

**Kanbalu January 28**

Statistics of Kanbalu Township Agriculture Department stated that local farmers planted 5,087 acres of maize and corn as cold season crops in Kanbalu Township of Sagaing Region this cold season.

In 2024-25 cold season, the township authorities set a plan to grow 3,565 acres of maize and 1,613 acres of corns as cold season crops, totalling 5,178 acres. Local farmers started growing the crops in October 2024. So far, they have planted 3,529 acres of maize and 1,558 acres of corns, totalling 5,087 acres against the target cultivation.

U Myo Zaw, Head of Kanbalu Township Agriculture Department commented: "This year, farmers have grown 5,087 acres of maize and corps against the target of 5,178 acres. They are trying hard to meet the target cultivation. Our department disseminates agricultural knowledge and techniques and prevention of pests to farmers."

Officials of the Township Agriculture Department conduct training courses for farmers to have capacity for growing maize and corns, stage field demonstrations and prevention of FAW and pests and show making natural fertilizers with the use of domestic raw materials.

Maize yields more than 50 baskets of maize per acre, costing K500,000 per acre for agricultural charge while corns produce 15,000 pieces of corns, costing more than K500,000 per acre.

206

# Ngaputaw Township sells 590,000 banana hands to Yangon market in December

**Ngaputaw January 28**

A total of 590,000 banana hands from Ngaputaw Township, Ayeyawady Region were sold to the Yangon market in December, said Daw Su Su Hlaing, a banana trading stall owner in Ngaputaw Township.

Ngaputaw Township sold local bananas to the Yangon market, and in November 2024, only 450,000 banana hands were sold, and from December 1 to 31, 590,000 banana hands were transported. Most of them were Pheegyan, Rakhine, Theehmwe, and Sinswe bananas.

"The Yangon market, which is the essential market for local products, is also currently buying bananas from us. This situation has made it easier for banana growers. More bananas entered in the market. There are also orders for December," she said.

The prices of bananas sent to the Yangon market from Ngaputaw Township were 145,000 kyats for 100 banana hands of Pheegyan bananas, 89,000 kyats for 100 banana hands of Rakhine bananas, 145,000 kyats for 100 banana hands of Theehmwe bananas, and 145,000 kyats for 100 banana hands of Sinswe bananas.

KKL


Newly plucked hands of bananas.

# More than 14,000 acres of chickpea planted in Myinmu Township

**Myinmu January 28**

Local farmers grew 14,193 acres of chickpea as cold season crops in Myinmu Township of Sagaing Region this year, according to the Sagaing District Agriculture Department.

In 2024-25 cold season, local authorities earmarked cultivation of 13,534 acres of chickpea in Myinmu Township but local farmers could grow 14,193 acres of crops exceeding the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "Local officials set a plan to grow more than 13,000 acres of chickpea as cold season crops in Myinmu Township but farmers exceeded their cultivation of chickpea on more than 14,000 acres of croplands. Sown acreage of crops is on the rise yearly. Our department provides quality seeds of crops, agricultural inputs, post-harvest technology and other assistance for local farmers."

Local farmers prefer to choose Yezin-8 and Yezin-11 strains of chickpea suitable for the region. They cost more than K300,000 per acre of growing chickpea.

This year, officials of the Township Agriculture Department cooperate with local farmers in distribution of quality seeds of crops, agricultural inputs and post-harvest technology and organize them to use Trichoderma in bean plantation to increase per-acre yield of crops.

Sagaing Region stands top in growing pulses and beans across the nation, and local farmers grow beans in mixed-cropping and double cropping patterns.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Labutta Township ships over 70,000 visses of barbus fish to Yangon market in December

**Labutta January 28**

A total of 73,000 visses of barbus fish from Labutta Township, Ayeyawady Region, were transported to the Yangon market in December, said Daw Yee Yee Htay, owner of a fishery products business in Labutta Township.

Labutta Township shipped 55,000 visses of barbus fish to the Yangon market in November, and from December 1 to 31, it exported 73,000 visses of barbus fish to the Yangon market. The region transported fish mostly, including barbus fish, to the Yangon market.

"The Yangon market is buying fish due to the increase in domestic fish consumption. The current fish market is favorable for traders. The barbus fish sold in the Yangon market from Labutta Township has increased by 1,800 visses compared to the previous month," she said.

The barbus fish from Labutta Township are being sold in the Yangon market and then sent to Nay Pyi Taw and other regions via Yangon. The fish are being sold daily, which is convenient for livestock business owners, workers, traders, and truck owners.

KKL


Barbus fish seen at a market.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံထုတ် မိုက်ခရိုဝေ့လက်နက်သစ်က ထောင်နှင့်ချီ၍ စွမ်းအားပြင်းမိုက်ခရိုဝေ့လှိုင်းများ ထုတ်လွှတ်နိုင်ခဲ့



တရုတ်နိုင်ငံသည် ၎င်း၏လျှို့ဝှက် စွမ်းအားမြင့် မိုက်ခရိုဝေ့လက်နက်အစီအစဉ်တွင် သိသာထင်ရှားသော အောင်မြင်မှုတစ်ခုကို ကြေညာနိုင်ခဲ့ပြီး ၎င်းလက်နက်စနစ်သစ်သည် မကြာသေးမီက စမ်းသပ်မှုတစ်ခုတွင် ထောင်နှင့်ချီ၍ အားကောင်းသောမိုက်ခရိုဝေ့လှိုင်း (Pulses)များကို ထုတ်လွှတ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Hurricane-3000 ဟု အမည်ပေးထားသည့် အဆိုပါမိုက်ခရိုဝေ့လက်နက်သည် နျူကလီးယားပေါက်ကွဲမှု၏ စွမ်းအားနှင့် နှိုင်းယှဉ်နိုင်ပြီး ဗို့အား ၈၀၀၀၀ ထိရှိသော လျှပ်စစ်သံလိုက်လှိုင်းများ ထုတ်လွှတ်နိုင်စွမ်းရှိကြောင်း သိရသည်။

ဤမျှကြီးမားသော စွမ်းအားပမာဏသည် ဒရုန်းများအပါအဝင် ရန်သူ့လက်နက်စနစ်များရှိ အီလက်ထရွန်နစ်အစိတ်အပိုင်းများကို နှောင့်ယှက်ခြင်း သို့မဟုတ် ဖျက်ဆီးပစ်နိုင်စွမ်းရှိမည်ဖြစ်သည်။ စမ်းသပ်မှုအတွင်း Hurricane-3000 လက်နက်စနစ်သည် စွမ်းအားပြည့် Pulses ၅၀၀၀ ကျော်ထိ ထုတ်လွှတ်နိုင်ခဲ့ပြီး တစ်စုံတစ်ရာချို့ယွင်းမှု လက္ခဏာမပြဘဲ ပေါက်ကွဲမှုများကို ခံနိုင်ရည်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့၏အဆိုအရ အဆိုပါလက်နက်၏ Wave-Form လှိုင်းပုံ သဏ္ဌာန်သည် Pulses များ ထုတ်လွှတ်ပစ်ခတ်နေစဉ်အတွင်းမှာပင် မပြောင်းလဲဘဲရှိနေသည်မှာ မိုက်ခရိုဝေ့လက်နက်တိုးတက်ဖွံ့ဖြိုးမှုတွင် အရေးပါသော အဓိကမှတ်တိုင်တစ်ခုဖြစ်ကြောင်း သိရသည်။ ထိုအချက်ကို အတည်ပြုနိုင်ခဲ့မည်ဆိုပါက ဤအောင်မြင်မှုသည် တရုတ်နိုင်ငံ၏အားကောင်းသည့်တိုက်ရိုက်စွမ်းအင်သုံးလက်နက်စနစ်များ ဖန်တီးရာတွင် သိသာထင်ရှားသော နည်းပညာဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ကို ကျော်လွှားနိုင်ခဲ့ကြောင်း ဖော်ညွှန်းပြနေခြင်းပင်ဖြစ်သည်။

Hurricane-3000 မိုက်ခရိုဝေ့လက်နက်စနစ်ကို တရုတ်နိုင်ငံ North Industries Group Corporation (NORINCO)မှ မောင်းသူမဲ့လေယာဉ်များ အစုလိုက်အပြုံလိုက် ဝင်ရောက်လာနိုင်သော ခြိမ်းခြောက်မှုမျိုးကို တန်ပြန်ရန် တီထွင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက Zhuhai Airshow လေကြောင်းပြပွဲတွင် ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့သည်။ မိုက်ခရိုဝေ့ လက်နက်သည် စွမ်းအင်ထုတ်လုပ်မှုကို တိကျစွာလုပ်ဆောင်နိုင်စေရန်၊ အကွာအဝေးနှင့် တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းအား မြင့်မားကောင်းမွန်စေရန်တို့အတွက် အပိုင်းလိုက်လှိုင်းထုတ်လွှတ်မှုနည်းပညာကို အသုံးပြုထားသည်။ ဤနည်းပညာကိုအသုံးပြုထားခြင်းဖြင့် ခြိမ်းခြောက်မှုများစွာကို တစ်ပြိုင်နက်တည်း ပစ်မှတ်ထားတိုက်ခိုက်နိုင်စေသည်။ ပစ်ခတ်မှုပေါင်းများစွာကို ပြုလုပ်နိုင်ခြင်းမှာ Hurricane-3000 လက်နက်အတွက် အရေးကြီးသော အတားအဆီးတစ်ခုဖြစ်ပြီး ၎င်းမှထုတ်လွှတ်ပေးသည့်အားကောင်းသော Pulses များသည် ပစ်ခတ်သည့်လက်နက်စနစ်ကိုယ်တိုင် ပျက်စီးသွားနိုင်ခြေ သို့မဟုတ် လုံးဝပျက်စီးသွားနိုင်ခြေရှိသည်။ စမ်းသပ်မှုအောင်မြင်သည်ဟု သတင်းထွက်နေသော်လည်း ထုတ်လုပ်သူ NORINCO ကုမ္ပဏီက အဆိုပါလက်နက်ကို ချက်ချင်းဖြန့်ကြက်ရန် အဆင်သင့်မဖြစ်သေးကြောင်းနှင့် နောက်ထပ်စမ်းသပ်မှုများပြုလုပ်ရဦးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

တရုတ်နှင့် အမေရိကန်တို့သည် ခေတ်သစ်စစ်ပွဲတွင် မဟာဗျူဟာမြောက်အသာစီးရစေရန်ရည်ရွယ်၍ အဆင့်မြင့်မိုက်ခရိုဝေ့လက်နက်များ တီထွင်ထုတ်လုပ်ရန် အပြိုင်အဆိုင်ကြိုးပမ်းလုပ်ဆောင်နေကြသည်။ ၂၀၂၃ ခုနှစ်တွင် အမေရိကန်စစ်ဘက်သည် Epirus ကုမ္ပဏီမှ စွမ်းအားမြင့် မိုက်ခရိုဝေ့လက်နက်၏ ရှေ့ပြေးနမူနာပုံစံကို အကဲဖြတ်စမ်းသပ်မှုများပြုလုပ်ရန်အတွက် လက်ခံရရှိခဲ့သည်။ အမေရိကန်နှင့် ဂျပန်တို့သည် ရန်သူ့ဒရုန်းများကို ခုခံကာကွယ်ရန် ဒီဇိုင်းထုတ်ထားသည့် မိုက်ခရိုဝေ့လက်နက်သစ်တီထွင်ရေးတွင် ပူးပေါင်းလုပ်ဆောင်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

**China Says New Microwave Weapon Fired Thousands of Pulses, Survived ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က အစ္စရေးအတွက် MK-84 ဗုံးများ ဆက်လက်ရောင်းချပေးရန် ပြင်ဆင်နေ

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ နိုင်ငံခြားစစ်ဘက်ရောင်းချမှုကို သုံးလကြာ ယာယီရပ်ဆိုင်းထားသော်လည်း အမေရိကန်အစိုးရသည် အစ္စရေးနိုင်ငံသို့ ဗုံးများ တင်ပို့ရောင်းချမှု ဆက်လက်လုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် New York Times သတင်းဌာနက ဖော်ပြခဲ့သည်။

ဤတင်ပို့ရောင်းချမှုတွင် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက ဆယ်စုနှစ်များစွာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သည့် အထွေထွေသုံးဗုံးအမျိုးအစားဖြစ်သည့် MK-84 ဗုံး အလုံး ၁၈၀၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

MK-84 ဗုံးသည် အလေးချိန် ကီလိုဂရမ် ၉၀၀ ရှိသော အမေရိကန်ထုတ် ပေါက်ကွဲမှုမြင့်မားသော အထွေထွေသုံးဗုံးအမျိုးအစားဖြစ်ပြီး ၎င်းသည် အမေရိကန်လက်နက်တိုက်ရှိ အကြီးမားဆုံးဗုံးများထဲမှ တစ်ခုဖြစ်သည်။ ဤဗုံးသည် အခိုင်အမာနှင့်အပေါ့စားပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသော အကြီးစားဖောက်ခွဲရေးပစ္စည်းများကို သယ်ဆောင်ရန် ဒီဇိုင်းထုတ်ထားသည်။ ဗုံးတွင် ကြီးမားသော Trinitrotoluene (TNT) သို့မဟုတ် ၎င်းနှင့်ညီမျှသော ပေါက်ကွဲခဲယမ်းများ ထည့်သွင်းထားပြီး ဧရိယာကျယ်ပြန့်စွာ ပေါက်ကွဲတိုက်ခိုက်နိုင်ခြင်းနှင့် မပေါက်ကွဲမီ အဆောက်အအုံများအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်သည့်အတွက် လူသိများသည်။ ၎င်း၏ အဖျက်စွမ်းအားမြင့်မားမှုကြောင့် MK-84 ဗုံးကို စစ်ဘက်အဆောက်အအုံများ၊ ရန်သူ့အုပ်ချုပ်ထောက်ပံ့ရေးလမ်းကြောင်းများနှင့် အခိုင်အမာဘန်ကာများကဲ့သို့ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ရာတွင် မကြာခဏ အသုံးပြုလေ့ရှိသည်။

MK-84ဗုံးသည် တိုက်လေယာဉ်အမျိုးမျိုးတွင် သယ်ဆောင်တိုက်ပွဲဝင်နိုင်သည့် စွယ်စုံရ လက်နက်ဖြစ်ပြီး ၎င်းသည် လေ-ကြည်း ပူးတွဲစစ်ဆင်ရေးများတွင် စွမ်းအားစုတစ်ခုဖြစ်လာသည်။ အထူးပြုလုပ်ထားသော ဗုံးခိုကျင်းများအပေါ် ကြဲချလေ့ရှိပြီး အစ္စရေးလေတပ်၏ နည်းဗျူဟာမြောက်စွမ်းဆောင်နိုင်မှု၏ အဓိကအစိတ်အပိုင်းဖြစ်သည့် အမေရိကန်နှင့် အစ္စရေးထုတ် F-15 နှင့် F-16 တိုက်လေယာဉ်များ အပါအဝင် တိုက်ခိုက်ရေးလေယာဉ်မျိုးစုံနှင့် တွဲဖက်အသုံးပြုနိုင်သည်။

တိုက်လေယာဉ်များသည် MK-84 ဗုံးအပါအဝင် လက်နက်ခဲယမ်းမျိုးစုံ သယ်ဆောင်၍ ပစ်မှတ်ကိုတိကျစွာ တိုက်ခိုက်နိုင်သောစနစ်များဖြင့် ဗုံးများကို အမြင့်ဆုံးထိရောက်မှုဖြင့် ကြဲချတိုက်ခိုက်နိုင်စွမ်းရှိကြသည်။ အစ္စရေး၏ အဆင့်မြင့် F-35 ကိုယ်ပျောက်တိုက်လေယာဉ်များသည် MK-84 ဗုံးများကို သယ်ဆောင်ကာ ဖြန့်ကြက်နိုင်စွမ်းရှိသည်။ အဆင့်မြင့် တိုက်လေယာဉ်များနှင့် ကိုယ်ပျောက် F-35 တို့သည် အဖျက်စွမ်းအားပြင်းခဲယမ်းများတင်ဆောင်၍ ရန်သူ့ထံမှ ထောက်လှမ်းခံရနိုင်ခြေအနည်းဆုံးဖြင့် လောင်းကြေးမြင့်မားသော အံ့အားသင့်ဖွယ် စစ်ဆင်ရေးများတွင် အထူးအသုံးဝင်ကြောင်း သိရသည်။



MK-84ဗုံးသည် အမေရိကန်လက်နက်တိုက်ရှိ စွမ်းအားအရှိဆုံးနှင့် အဖျက်စွမ်းအားပြင်း ဗုံးများထဲမှတစ်ခုအဖြစ် ကျန်ရှိနေသော်လည်း ခေတ်မီစစ်ပွဲများတွင် ၎င်း၏ အခန်းကဏ္ဍသည် ဘေးထွက်ဆိုးကျိုးများနိုင်သည့် အလားအလာရှိနေသည်။ ဗုံးတင်ပို့မှုများ ပြန်လည်စတင်မှုနှင့် အတူ အမေရိကန်သည် အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် လုံခြုံရေးခြိမ်းခြောက်မှုများကိုဖြေရှင်းရန် အစ္စရေးနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို အားဖြည့်လျက်ရှိကြောင်း သိရသည်။

**Breaking News: US Greenlights MK-84 Bombs for Israel Despite US President Donald Trump's Foreign Military Sales Pause ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်တွင် ထောပတ်ပဲဖြူများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်း ပဲမျိုးစုံ ရောင်းဝယ်ရေး ဈေးကွက်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီဒုတိယပတ်က စတင်ပြီး ထောပတ်ပဲဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ထောပတ်ပဲဖြူများ ဝယ်ယူမှု အားကောင်းလာခြင်းမှာ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲဖြူက ဝယ်လိုအားကောင်းနေပါတယ်။ ဇန်နဝါရီလ ဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က ထောပတ်ပဲဖြူတွေ ဝယ်ယူမှု များနေတာကြောင့် အရောင်းအဝယ် ကောင်းလာတာပါ။ ပြည်တွင်းမှာ ဝယ်ယူမှုများတာကလဲ ပြည်တွင်းထောပတ်ပဲနဲ့ဆက်စပ်တဲ့ လုပ်ငန်းတွေ ပြန်လည် လည်ပတ်လာလို့ပါ။ အရောင်းအဝယ် ကောင်းမွန်လာတော့ ထောပတ်ပဲဖြူ သိုလှောင်ထားတဲ့သူတွေ အဓိက အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ထောပတ်ပဲဖြူ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ထောပတ်ပဲများ ဝယ်လိုအား ကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ဆက်လက် ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၅၄၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မော်လိုက် ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၄၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက ၈၂၀နှင့် ဖူးစားပြောင်း ၄၆၃၅ ဧက စုစုပေါင်း ၅၄၅၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်းဧက ၈၀၀ နှင့် ဖူးစားပြောင်း ၄၆၁၁ ဧက စုစုပေါင်း ၅၄၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၅၄၅၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၄၁၁ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။



ပြောင်းသီးနှံများအထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းတုန်းမြို့နယ် ကိုင်းငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း ဇန်နဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ကိုင်းငယ်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ကိုင်းငယ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းစက်ဝန်း ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကိုင်းငယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည် ရန်ပုံငွေကျပ် ၃၄၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ပြောပြ၍ သိရသည်။

**ကိုညို**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၀၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၁၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

## အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ

# တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုမပြုနိုင်ရေးတားဆီးဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမည်သစ်ထုတ်ကုန်များကိုဖော်ထုတ်ပြီး ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကောင်စီအတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှဥက္ကဋ္ဌများ၊ ပြင်ပကျွမ်းကျင်ပညာရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်ရန်၊ အစိုးရ-ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီ၏ပို့ကုန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစီရင်ခံတင်ပြမှုများအပေါ်လေ့လာသုံးသပ်ပြီး မူဝါဒဆိုင်ရာလမ်းညွှန်မှုပေးရန်နှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းဗျူဟာများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိန်းကျောင်းလမ်းညွှန်မှုပြုပေးရန်အတွက် “အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ”ကို ဖွဲ့စည်းထားပြီး ကောင်စီ၏အစည်းအဝေးများကို ယခုကဲ့သို့ ကျင်းပနေခြင်းဖြစ်ကြောင်း။



အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုမပြုနိုင်ရေးတားဆီးဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမည်သစ်ထုတ်ကုန်များကို ဖော်ထုတ်ပြီး ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေးဆောင်ရွက်ရန်လည်းလိုကြောင်း၊ ကုန်သွယ်မှုဆိုရာတွင် ပို့ကုန်နှင့် သွင်းကုန်လုပ်ငန်းနှစ်ရပ်လုံးပါဝင်ကြောင်း၊ နိုင်ငံ၏ကုန်သွယ်မှုပမာဏတိုးတက်ရန်အတွက် ပို့ကုန်ကိုတိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသည့် သွင်းအားစုများတင်သွင်းခြင်းဖြင့် ကုန်သွယ်မှုအားမျှခြေဖြစ်ရန်လည်း လိုအပ်ကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏလျာထားချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များက ပူးပေါင်းပြီးတွန်းအားပေးဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ယနေ့အစည်းအဝေးမှ ဆွေးနွေးရရှိမှုများအပေါ် ကဏ္ဍများအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကိုရှေးရှုပြီး လိုအပ်သည့်လမ်းညွှန်မှုများကိုပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များကလည်းမိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍများ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ပံ့ပိုးပူးပေါင်း ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကောင်စီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်ထားရှိမှုများ၊ ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ စီမံချက်ပါအညွှန်းကိန်းများရရှိအောင် ရေရှည်ဆောင်ရွက်သွားရမည်ဖြစ်





**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားအဆင့်လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အလုပ်ရှင်အဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများ၊ အခက်အခဲများ၊ အားနည်းချက်များရှိသော်လည်း ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ စီမံချက်ပါ အညွှန်းကိန်းများရရှိအောင် ရေရှည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းကော်မတီ ရှစ်ရပ်အနေဖြင့် လုပ်ငန်းစီမံချက်(၂၀၂၄-၂၀၂၈ ခုနှစ်) ပါအညွှန်းကိန်းများကိုရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ကလေးအလုပ်သမား အများစုသည် ဆင်းရဲမှု၊ ပညာသင်ယူခွင့်အားနည်းမှုနှင့် မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရအလုပ်အကိုင်များကို မဖြစ်မနေလုပ်ကိုင်ရန် ဖိအားများကြုံတွေ့နေရသဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို အရှိန်အဟုန်မပျက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် အမျိုးသားကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အထိရောက်ဆုံး အောင်မြင်အောင်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အားနည်းချက်၊ အားသာချက်များကို ပွင့်လင်းစွာဆွေးနွေးတင်ပြသွားစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဆဋ္ဌမအကြိမ် အမျိုးသားကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းကော်မတီ ရှစ်ရပ်၏ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယငါးနှစ်လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြပြီး အမျိုးသားကော်မတီတွဲဖက်အတွင်းရေးမှူးက သတ္တမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅)သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Onlineဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုအကြား သတင်းမှန်၊သတင်းမှားမြောက်မြားစွာဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့်မှစ၍ မြို့နယ်၊ ခရိုင်စသည့် အဆင့်ဆင့်၏အားနည်းချက်များကို မီဒီယာများသာမက ပုဂ္ဂလိကတစ်ဦးချင်းကပါ ထောက်ပြပြောဆိုမှုများရှိကြောင်း၊ အများစုသည် သတင်းမှန်အနည်းငယ်ကိုအခြေခံပြီး ပြည်သူလူထုအထင်အမြင်မှားစေရန်၊ စစ်မှုထမ်းဆင့်ခေါ်မှုပုံရိပ် ထိခိုက်ကျဆင်းစေရန် ပုံကြီးချဲ့ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် မမှန်မကန်ဆောင်ရွက်မှုများ ရှိကြောင်းတွေ့ရှိပါက ထိရောက်စွာအရေးယူသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊မတရားပြုလုပ်ကြောင်း မှန်ကန်သည့်အတွက် ထိရောက်စွာအရေးယူသွားရန်၊ အရေးယူပြီး၊ အရေးယူဆဲအမှုများလည်း ရှိနေကြောင်း၊ အလားတူ ပြည်သူ့စစ်မှုထမ်းရန်ကိစ္စနှင့်ပတ်သက်၍ မှန်ကန်မှုမရှိဘဲ လုပ်ကြံပြောဆိုဝါဒဖြန့်ခြင်း မမှန်မကန်တိုင်ကြားခြင်းများ ရှိပါက တိကျစွာဖော်ထုတ်၍ အရေးယူသွားရန်လိုအပ်မည်ဖြစ်ကြောင်း။

ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရပ်၊ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဖွဲ့များအနေဖြင့် ပြည်သူနှင့်ဆက်ဆံရေးကောင်းမွန်စေရန်၊ ငွေကြေးဆိုင်ရာ မသမာမှုများမရှိစေရန်၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုရှိစေရန်တို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဗဟိုအဖွဲ့အနေဖြင့် ပြည်သူများတင်ပြလာသည့် ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့်များနှင့်စပ်လျဉ်း၍ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး ဥပဒေအရ သတ်မှတ်ထားသော အသက်ကန့်သတ်ချက်အတွင်းရှိသူများ သတ်မှတ်ကာလအလိုက်အဆင်ပြေချောမွေ့စွာတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားရန်လိုမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အနေဖြင့် စာရင်းဇယားမှန်ကန်ရန်နှင့် ရေရှည်တွင်မှတ်တမ်းထည့်သွင်းမှုလွယ်ကူစေရန်အတွက် ပြည်သူ့စစ်မှုထမ်းကိုယ်ရေးအချက်အလက်စီမံခန့်ခွဲမှုစနစ် (National Service Information Management System-NSIMS)ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အစည်းအဝေး တက်ရောက်လာသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်စပ်လျဉ်း၍ တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များအပေါ် အကြံပြု ဆွေးနွေးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဒေသအလိုက် ပြည်သူ့စစ်မှုထမ်းများ စုဆောင်းရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များကို မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်နေသည့် မြို့နယ်၊ရပ်ကွက်၊ကျေးရွာအလိုက် တာဝန်ရှိသူများကို စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဥပဒေပါ သတ်မှတ်အကျုံးဝင်သည့်အရေအတွက်ကို စနစ်တကျမှန်ကန်အောင်ကြိုတင်ပြုစုထားပြီး သက်ဆိုင်သူများ သိရှိရေး ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ သို့မှသာ အမှန်တကယ်စုဆောင်းသည့်အခါတွင် မသမာမှုများမပြုလုပ်နိုင်ဘဲ အများက လက်ခံယုံကြည်နိုင်သည့် အနေအထားတစ်ရပ်ကိုရရှိမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် စည်းကမ်းစနစ်တကျလုပ်ဆောင်ရမည့်ကိစ္စဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းတစ်ဦးအဖြစ် ကိုယ်တိုင်က နိုင်ငံသားကောင်းပီသစွာ တာဝန်ထမ်းဆောင်နိုင်ရေး ကြိုးစားလုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊အတင်းအဓမ္မဖိအားပေးစုဆောင်းခြင်းမျိုးမဖြစ်စေဘဲ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ စနစ်တကျကြိုးစားစုဆောင်းကြစေရေးအလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများနှင့်စပ်လျဉ်း၍ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများနှင့်စပ်လျဉ်း၍ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ပတွင်ရောက်ရှိ အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံများမှ ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများရရှိစေရေး၊ ပြည်ပနိုင်ငံများမှ မိသားစုလွှဲပို့ငွေများ စနစ်တကျလွှဲပြောင်းပေးပို့ဆောင်ရွက်နိုင်ရေးနှင့်တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများကို တရားဝင်အလုပ်သမားများအဖြစ် အသိအမှတ်ပြုဆောင်ရွက်ပေးနိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်း ဆွေးနွေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# တရုတ်ရိုးရာမြွေနှစ်မှာ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်မှုများကိုအရှိန်အဟုန်မြှင့်တင်ပြီး အိမ်နီးချင်းမိတ်ဆွေကောင်းများအဖြစ် ဆက်လက်ရပ်တည်နေမည်

ထက်မြတ်

တရုတ်နှစ်သစ်ကူးဆိုတာက တရုတ်လူမျိုးများအတွက် တကယ့်ကိုအရေးကြီးတဲ့ပွဲတော်တစ်ခုဖြစ်ပါတယ်။ ဒီလိုမျိုးနှစ်သစ်ကူးအခါသမယမှာ တစ်နယ်တစ်ကျေးစီ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့သူတွေက ကိုယ့်မိသားစုရှိရာအိမ်လေးဆီအပြေးရောက်လာပြီး မိသားစုနဲ့အတူနှစ်သစ်ကူးအချိန်အခါကိုဖြတ်သန်းကြတာပေါ့။ ဒါကြောင့် တရုတ်နှစ်သစ်ကူးဆိုတာ တရုတ်ရိုးရာအရ အဓိပ္ပာယ်ပြည့်ဝရုံသာမကဘဲ မိသားစုဘဝတွေအတွက်လည်း တကယ့်ကိုအနှစ်သာရရှိတဲ့ အချိန်အခါလို့ပြောရင်မမှားပါဘူး။

တရုတ်ရိုးရာအရ နှစ်တစ်နှစ်စီကို တိရစ္ဆာန်အကောင်တစ်ကောင်စီနဲ့ ကိုယ်စားပြုထားတယ်ဆိုတာ အားလုံးအသိ ပါ။ အဲဒီ အကောင်တစ်ကောင်စီမှာလည်းကိုယ်စီစွမ်းဆောင်ရည်များရှိတယ်လို့ဆိုပါတယ်။ အခုကုန်ဆုံးသွားတဲ့နှစ်က နဂါးနှစ်ဖြစ်ပြီး ကူးပြောင်းရောက်ရှိလာတဲ့နှစ်က မြွေနှစ်ပါ။ လက်ရှိကမ္ဘာသုံးပြက္ခဒိန်အရ ဒီနေ့ ဇန်နဝါရီလ ၂၉ ရက်ဟာ နဂါးနှစ်မှသည် မြွေနှစ်ဆီကူးပြောင်းတဲ့အချိန်ဖြစ်ပါတယ်။

အချိန်၊ ပြန်လည်မွေးဖွားရှင်သန်တဲ့အချိန်၊ မိမိကိုယ်မိမိ ပြန်လည်ရှာဖွေတွေ့ရှိတဲ့အချိန်လို့သတ်မှတ်ထားသလို အတိတ်ကိုမေ့ပစ်ပြီး အနာဂတ်အခွင့်အလမ်းအသစ်များကိုဖော်ထုတ်ပိုင်ဆိုင်နိုင်မယ့်အချိန်လို့လည်း သတ်မှတ်ထားတာတွေ့ရှိရပါတယ်။

မြွေဟာ ဉာဏ်ပညာရှိမှု၊ ဗဟုသုတကြွယ်ဝမှု၊ ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်မှု၊ သိမြင်နိုင်စွမ်း အားကောင်းမှု၊ တီထွင်ဖန်တီးနိုင်စွမ်းရှိမှုတို့ကို ကိုယ်စားပြုသလိုကံကောင်းခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ အသက်ရှည်ခြင်းတို့နဲ့လည်း ဆက်စပ်နေတယ်လို့ ဆိုကြပြန်ပါတယ်။ ဒါကြောင့် မြွေနှစ်မှာမွေးဖွားသူတွေဟာ အထက်မှာပြောခဲ့တဲ့စွမ်းရည်တွေကို ပိုင်ဆိုင်ထားတယ်လို့ဆိုနိုင်ပါတယ်။

မြွေနှစ်မှာ မွေးဖွားသူများအနက် ထင်ရှားကျော်ကြားသူတွေကိုကြည့်လိုက်ရင်အမေရိကန်သမ္မတ ဂျွန်အက်(ဖ်)ကနေဒီ၊ သိပ္ပံပညာရှင် စတီဖင်ဟော့ကင်း၊ ဟယ်ရီပေါ်တာပုံပြင်ရှင် ဂျေကေရိုးလင်း၊ မသိသူမရှိတဲ့အဆိုတော် တေလာဆွစ်အစရှိသူတွေကိုတွေ့ရပါတယ်။ ထူးထူးခြားခြား တစ်ခုက တရုတ်သမ္မတ ရှီကျင့်ဖျင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲအခမ်းအနားတွင် နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားစဉ်။

အခွင့်အရေးကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ခဲ့ကြသူတွေချည်းပါပဲ။ ဒါဟာ မြွေနှစ်ဖွားသူများရဲ့ အားသာချက်တစ်ခုလို့တောင် ပြောလို့ရပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။

မြွေတွေရဲ့သဘာဝမှာ အရေခွံလဲတဲ့အချိန်ဆိုတာရှိပါတယ်၊ တစ်နည်းပြောရရင် အဟောင်းတွေခွာချပြီး အသစ်တွေဖြစ်ပေါ်လာတဲ့အချိန်အခါလိုမျိုးပေါ့။ ဒါကြောင့် မြွေနှစ်ဆိုတာ ပြောင်းလဲမှုတွေဖြစ်ပေါ်တဲ့

ကိုယ်တိုင်ကလည်း မြွေနှစ်မှာမွေးဖွားသူဖြစ်နေပြန်ပါတယ်။

သူတို့အားလုံးဟာ ဘဝမှာမတူညီတဲ့ကြိုးစားရုန်းကန်မှုတွေရှိကြပေမယ့် တူညီတဲ့အချက်တစ်ချက်ကတော့ ရလာတဲ့

ဒီနှစ်မြွေနှစ်ဟာ သာမန်မြွေနှစ်မဟုတ်ပါဘူး။ သစ်သားမြွေနှစ်ဖြစ်ပါတယ်။ အခုလိုမျိုး သစ်သားမြွေနှစ်ကျရောက်မှုက နှစ်ပေါင်း ၆၀ မှာမှတစ်ကြိမ်သာ ကျရောက်တာဖြစ်ပါတယ်။ ဒါကြောင့် ရှားပါးတဲ့နှစ်တစ်နှစ်လို့လည်းဆိုနိုင်ပါတယ်။ သစ်သားမြွေနှစ်ဖြစ်တဲ့အတွက် မြွေနှစ်ရဲ့အနှစ်သာရများအပြင် သစ်သားရဲ့အမှတ်သင်္ကေတများဖြစ်တဲ့ ကြီးထွားဖွံ့ဖြိုးခြင်း၊ တည်ငြိမ်ခြင်းနဲ့ ဖန်တီးနိုင်စွမ်းရှိခြင်းတို့ကိုလည်း ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ၂၀၂၅ ခုနှစ်ဟာ တရုတ်လူမျိုးများအတွက် တစ်မူထူးခြားတဲ့နှစ်တစ်နှစ်ဖြစ်သလို မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြားမှာလည်း ထူးခြားတဲ့နှစ်တစ်နှစ်၊ နှစ်နိုင်ငံဆက်ဆံရေးတွေ ပိုမိုထွန်းပလာတဲ့နှစ်တစ်နှစ်ဖြစ်လာမယ်လို့ မျှော်မှန်းရပါတယ်။ အကြောင်းရင်းကတော့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဆိုတာ ညီရင်းအစ်ကိုဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုင်ဆိုင်ပြီး ခိုင်မာအောင်တည်ဆောက်ထားကြလို့ပါပဲ။

မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ဟာ ရှည်လျားလှတဲ့နယ်နိမိတ်နဲ့ထိစပ်နေကြတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်သလို ယဉ်ကျေးမှုဖလှယ်မှုကြောင့်လည်း တစ်နိုင်ငံရဲ့ယဉ်ကျေးမှုဟာ တစ်နိုင်ငံမှာစီးဆင်းနေတာတွေ့ရပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှာကျင်းပတဲ့ ရေသဘင်ပွဲတော်တစ်ဖြစ်လဲ ယူနက်စကိုရဲ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံထားရတဲ့ အတာသင်္ကြန်ပွဲတော်ကို တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်မှာနှစ်စဉ်ကျင်းပလေ့ရှိပါတယ်။

အလားတူပဲ မြန်မာနိုင်ငံအတွင်းရှိ မြန်မာပြည်ဖွား တရုတ်လူမျိုးများက တရုတ်နှစ်သစ်ကူးပွဲတော်ကဲ့သို့သော ရိုးရာပွဲတော်တွေကို နိုင်ငံအတွင်းမှာနှစ်စဉ် ကျင်းပလေ့ရှိသလို ဒီပွဲတော်တွေမှာ မြန်မာပြည်သူများကလည်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲလေ့ရှိပါတယ်။

မြန်မာနိုင်ငံအစိုးရအဆက်ဆက်ကလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးကိုရှေးရှုပြီး အဲဒီလိုပွဲတော်တွေကိုကျင်းပခွင့်ပြုထားသလို အခုဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးစီးပြီး အစိုးရတာဝန်ရှိသူများကလည်း ထိုပွဲတော်တွေမှာ ကိုယ်တိုင်ကိုယ်ကျတက်ရောက်အားပေးမှုတွေရှိနေတာအားလုံးအသိပါ။ ဒါဟာ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးမှုနဲ့အတူ တစ်ဦးကိုတစ်ဦး အပြန်အလှန်ယုံကြည်မှုရှိစွာ အတူလက်တွဲနေထိုင်နေကြတဲ့လက္ခဏာတွေပဲ မဟုတ်ပါလား။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၅ ရက်ညနေပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏမှာကျင်းပတဲ့ ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်ခဲ့တာတွေ့ရပါတယ်။ အဲဒီအခမ်းအနားမှာ စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်သစ်ဆုမွန်ကောင်းစကားပြောပါတယ်။ ထိုစကားများသည်လည်း နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေဖို့ကို ဦးတည်နေတာတွေ့ရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နှစ်နိုင်ငံဆက်ဆံရေးနဲ့နှစ်နိုင်ငံပြည်သူများကြား ရင်းနှီးချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးအနက်ထားဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း၊ တရုတ်နိုင်ငံရဲ့ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးနဲ့ အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံက အလေးထားတယ်ဆိုတဲ့အကြောင်း၊ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်နေတဲ့စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မယ့် အခင်းအကျင်းကိုဖော်ဆောင်ပြီး မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံက ယုံကြည်စိတ်ချရတဲ့ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမယ့်အကြောင်းတို့ကို ပြောခဲ့ပါတယ်။

ဒီလိုပြောစကားတွေကို ပြန်ကြည့်ရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေး အစွန့်ရှည်တည်မြဲရေး၊ နှစ်နိုင်ငံအပြန်အလှန်ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အလှန်ယုံကြည်မှု တိုးတက်ခိုင်မာရေးနဲ့ မြန်မာနိုင်ငံက တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရတဲ့ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံအဖြစ် တည်ရှိရေးတို့ကို ထပ်လောင်းကတိပြုလိုက်သလိုမျိုးပါပဲ။ ဒ့ါအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေနဲ့ နှစ်နိုင်ငံကြားဆက်ဆံရေးတိုးတက်ခိုင်မာစေဖို့နဲ့ မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ပေါ်ထွန်းလာစေဖို့ ယခင်ကတည်းက လုပ်ဆောင်ခဲ့တဲ့လုပ်ဆောင်မှုတချို့ကိုလည်း တင်ပြလိုပါတယ်။

ယမန်နှစ်နိုဝင်ဘာလမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကိုချစ်ကြည်ရေးခရီးသွားရောက်ပြီး တရုတ်နိုင်ငံဝန်ကြီးချုပ် အပါအဝင် တာဝန်ရှိသူများနဲ့တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ခိုင်မာစေဖို့ အတွက် ဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့ပါတယ်။ အဲ့ဒါအပြင် တရုတ်နိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များနဲ့လည်းတွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်းလာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်တိုက်တွန်းခဲ့ပါသေးတယ်။

ဒီလိုဖိတ်ခေါ်ရာမှာလည်း ကဏ္ဍတစ်ခုတည်းအတွက်သာ ရင်းနှီးမြှုပ်နှံဖို့ဖိတ်ခေါ်တာမဟုတ်ပါဘူး။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြေခံစက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ လျှပ်စစ်ကားလုပ်ငန်း၊ ဆေးဝါးနဲ့ဆေးပစ္စည်းကိရိယာများထုတ်လုပ်ရေးလုပ်ငန်း၊ စားသုံးဆီထုတ်လုပ်ရေးလုပ်ငန်းအစရှိတဲ့နယ်ပယ်စုံကဏ္ဍစုံမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဆောင်ဖို့အတွက် ဖိတ်ခေါ်ခဲ့တာပါ။

အဲဒီလိုမျိုးတွေဖိတ်ခေါ်ခြင်းဟာ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုအတွက်ဆိုတာ တရုတ်စီးပွားရေးလုပ်ငန်းရှင်များကလည်း သိပါတယ်။ ဒါကြောင့်ပဲ သူတို့အနေနဲ့ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ လေ့လာစူးစမ်းစုံစမ်းမေးမြန်းမှုတွေလုပ်နေတာကိုလည်း တွေ့ရပါတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာတစ်ရပ်ပါ။ တစ်နည်းအားဖြင့်ပြောရရင် နှစ်နိုင်ငံဆက်ဆံရေးနဲ့အတူ နှစ်နိုင်ငံအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေမယ့် အခွင့်အလမ်းတွေပါပဲ။

နှစ်နိုင်ငံကြားမှာ နိုင်ငံရေးအရဆက်ဆံရေးကိုကြည့်ပြန်ရင်လည်း တရုတ်နိုင်ငံဆိုတာ မြန်မာနိုင်ငံအတွက်သာမက မြန်မာနိုင်ငံကလည်း တရုတ်နိုင်ငံအတွက်ပါ အရေးပါနေတာကို တွေ့ရပါတယ်။ တစ်နည်းဆိုရရင် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သဘောမျိုးပေ့ါ။ တစ်ဦးရဲ့အရေးက ကျန်တစ်ဦးရဲ့အရေးကဲ့သို့ဖြစ်နေတာပါ။ လက်ရှိအချိန်မှာ နှစ်နိုင်ငံကြား နိုင်ငံရေးအရဆက်ဆံရေးက ကောင်းမွန်တဲ့အနေအထားတစ်ခုကို ပိုင်ဆိုင်ထားတယ်လို့ဆိုနိုင်ပါတယ်။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိရှိနဲ့ပေ့ါ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်းနဲ့တွေ့ဆုံရာမှာ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ ဆက်လက်လက်တွဲဆောင်ရွက်သွားမယ့် ကိစ္စရပ်များကိုသာမက မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများနဲ့ ပတ်သက်ပြီး ဘယ်လိုမျိုးစီမံဆောင်ရွက်မှုတွေ လုပ်နေတယ်ဆိုတာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါသေးတယ်။

အဲဒီဆွေးနွေးမှုမှာတော့ တရုတ်နိုင်ငံဘက်ကနေ အသိအမှတ်ပြုမှုများနဲ့ ကတိပြုမှုများကိုရရှိခဲ့တာ တွေ့ရပါတယ်။ တရုတ်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲ့ ပြည်တွင်း တည်ငြိမ်အေးချမ်းရေးကို အပြည့်အဝထောက်ခံအားပေးသွားမယ်လို့ ဆိုပါတယ်။ ဒ့ါအပြင်လက်နက်ကိုင်ပဋိပက္ခများနဲ့ပတ်သက်ပြီး အကြမ်းဖက်တဲ့နည်းလမ်းနဲ့မတုံ့ပြန်ဘဲ ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး ဖြေရှင်းနိုင်ရေးကြိုးပမ်းတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို တရုတ်ဝန်ကြီးချုပ်က ချီးကျူးကြောင်း ပြောပါတယ်။

ဒ့ါအပြင် တရုတ်နိုင်ငံဝန်ကြီးချုပ်က



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ China Town တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

မြန်မာနိုင်ငံအနေနဲ့ ချမှတ်အကောင်အထည်ဖော်နေတဲ့ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ထောက်ခံကြောင်း၊ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပေးမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနဲ့ တရုတ်နိုင်ငံအတွင်းအခြေပြုပြီး မြန်မာနိုင်ငံရဲ့ အကျိုးပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်ကြောင်း၊မြန်မာနိုင်ငံရဲ့အရေးကိစ္စက တရုတ်နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်တဲ့အတွက် နိုင်ငံတကာစာမျက်နှာမှာလည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ်ရပ်တည်ဆောင်ရွက်သွားမယ့် အကြောင်းတို့ကို အလေးပေးပြီးပြောခဲ့တာတွေ့ရပါတယ်။

ဒ့ါအပြင် ပြီးခဲ့တဲ့နှစ် ဩဂုတ်လ ၁၄ ရက်တုန်းကလည်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နဲ့ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံကိုလာရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ မြန်မာအစိုးရအဖွဲ့တာဝန်ရှိသူများကို တွေ့ဆုံကာ နှစ်နိုင်ငံကြားဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့တာရှိပါတယ်။

ဒီလိုတွေ့ဆုံစဉ် တရုတ်တာဝန်ရှိသူများက မြန်မာနိုင်ငံအနေနဲ့ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်တစိုက်ရပ်တည်ထောက်ခံပေးနေမှုအပေါ် တန်ဖိုးထားကြောင်း၊ နိုင်ငံတကာစာမျက်နှာမှာလည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ်အမြဲရပ်တည်ပေးနေကြောင်း၊ မြန်မာနိုင်ငံမှာ ကျင်းပမယ့် ရွေးကောက်ပွဲနဲ့ပတ်သက်လို့ လိုအပ်တာတွေကို ကူညီပေးသွားမယ့် အကြောင်းအစရှိတာတွေကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိဖို့ကလည်း နှစ်နိုင်ငံဆက်ဆံရေးမှာ သိပ်ကိုလိုအပ်တဲ့အရာပါ။ ဒီလိုမျိုးယုံကြည်မှုရှိဖို့ဆိုရာမှာတော့ တစ်ဦးအနေနဲ့ တခြားတစ်ဦးယုံကြည်လာစေဖို့ အပြောနဲ့တင်မဟုတ်ဘဲ အလုပ်နဲ့ပါသက်သေပြပေးရမှာဖြစ်ပါတယ်။ ဒါမှလည်း အပြန်အလှန်ယုံကြည်မှုဆိုတာ တိုးတက်လာမှာမဟုတ်ပါလား။ လက်ရှိမှာဆိုရင် မြန်မာနိုင်ငံနယ်စပ်ဒေသအရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက မြန်မာအစိုးရဘက်က ခိုင်ခိုင်မာမာရပ်တည်ကာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းအောင် အားပေးထောက်ကူဖော်ဆောင်ပေးနေတာတွေကို တွေ့ရပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြားက ဆက်ဆံရေးကတော့ အထူးဆိုဖွယ်ရာမရှိလောက်အောင်ကို ကောင်းမွန်နေတာပါ။ လိုအပ်ချက်ဆိုလို့ အခုထက်ပိုတဲ့ ခိုင်မာမှုနဲ့ နှစ်နိုင်ငံအစိုးရများကြား ရင်းနှီးချစ်ကြည်စွာအတူလက်တွဲဆောင်ရွက်မှုဖြစ်မယ်လို့ယူဆပါတယ်။ ဒီလိုမျိုးလက်တွဲဆောင်ရွက်မှုကယခုကျရောက်လာပြီဖြစ်တဲ့ သစ်သားမြွေနှစ်မှာ ဧကန်မုချပေါ်ပေါက်လာလိမ့်မယ်လို့ယုံကြည်ပါတယ်။

နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်ခိုင်မာစေရေးအတွက် နောက်ထပ်အခွင့်အလမ်းတစ်ခုကလည်း ရှိနေပါသေးတယ်။ အဲဒါကတော့ ဒီနှစ် ဇွန်လ ၈ ရက်ဟာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား တရားဝင်သံတမန်ဆက်ဆံရေးထူထောင်တဲ့ (၇၅)နှစ်မြောက်နေ့ဖြစ်တာဖြစ်ပါတယ်။ နှစ်နိုင်ငံကြား ဆက်ဆံရေးတစ်ရပ်က စိန်ရတုတိုင်သည်အထိ တည်တံ့ခိုင်မြဲဖို့ဆိုတာ သိပ်မလွယ်ကူတဲ့ကိစ္စပါ။ ဒါပေမဲ့လည်းမလွယ်ကူတာကိုဖြစ်အောင် လုပ်နိုင်ခြင်းဖြင့် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုကို နှစ်နိုင်ငံစလုံးက သက်သေပြသလိုက်နိုင်ပါပြီ။

အထက်မှာပြောခဲ့သလိုမျိုးပဲ တရုတ်နှစ်သစ်ကူးအခါသမယဆိုတာ တရုတ်အမျိုးသားထုကြီးတစ်ခုလုံး နှစ်သက်မြတ်နိုးရတဲ့အချိန်အခါ ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့နှစ်သစ်ကလည်း မြွေနှစ်ဖြစ်တာနဲ့အညီ ပေါ်ပေါက်လာမယ့်အရာတွေက အခွင့်အလမ်းတွေဖြစ်လာမှာ အသေအချာပါပဲ။ ဒီအခွင့်အလမ်းတွေကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ကာ အခွင့်အရေးအဖြစ်ပြောင်းလဲနိုင်ကြပါစေလို့ တရုတ်နိုင်ငံသားများအတွက် နှစ်သစ်ကူးဆုတောင်းပေးသလို မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြား အရပ်ရပ်နှစ်နိုင်ငံဆက်ဆံရေးမှာလည်း ကောင်းမွန်သောပြောင်းလဲမှုများစွာအတွက် အခွင့်အလမ်းအသစ်တွေနဲ့အတူ အခွင့်အရေးတွေကိုဆုပ်ကိုင်နိုင်တဲ့နှစ်တစ်နှစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ **တရုတ်ရိုးရာမြွေနှစ်မှာ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက် မှုများကို အရှိန်အဟုန်မြှင့်တင်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံအတွက်အိမ်နီးချင်းမိတ်ဆွေကောင်းအဖြစ်ဆက်လက်ရပ်တည်နေမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။** ။





**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်








တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၈**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့်အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၆ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၁ ဦး၊ ခွဲစိတ်ရောဂါ ၁၃ ဦး၊ သားဖွားမီးယပ်ရောဂါ သုံးဦး၊ ကလေးရောဂါ ၁၈ ဦး၊ အရိုးရောဂါ ၂၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ခုနစ်ဦး၊ မျက်စိရောဂါ ၆၂ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၂၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ခါတ်မှန်ရိုက်လူနာ ကိုးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများ အပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-



“ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာ အုပ်စု ကုလားမကျေးရွာကနေ လာပြီး တော့ပြတာပါ။ အတက်ရောဂါနဲ့ အာရုံကြောအားနည်းလို့ လာပြတာပါ။ အိပ်ရေးပျက်တာများတယ်။ အလုပ်လုပ်တာ ပင်ပန်း၊ ဖုန်းတွေကြည့်တာများရင်ဖြစ်တယ်။ ခဏခဏတော့ မဖြစ်ပါဘူး။ တစ်လ တစ်ကြိမ်လောက်ဖြစ်တယ်။ တစ်ကြိမ်ဖြစ်ရင်လည်း သုံးလေးခါလောက်ဖြစ်တယ်။ ဒီမှာတော့ အခကြေးငွေ မကုန်ဘူးပေါ့။ အခြားဆေးရုံ၊ ဆေးခန်းတွေ သွားပြရင်တော့ အနည်းဆုံး နှစ်သောင်း၊ သုံးသောင်းလောက်ကုန်တယ်။ ဒီမှာတော့ တစ်ပြားမှ မကုန်ဘဲ လာပြရတာဆိုတော့ ကိုယ်လဲ အကျိုးကျေးဇူးရှိတယ်။ သူတို့လဲ အကျိုးကျေးဇူးရှိတာပေါ့နော်။ အကုန်လုံးကိုကျေးဇူးတင်ပါတယ်။ အများအကျိုးအတွက် လာပြီးကူညီဆောင်ရွက်ပေးတဲ့ အတွက် အားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်” ဟု ပြောသည်။

“သွေးဝမ်းသွားတာ လေးငါးခြောက်လ၊ ခုနစ်လလောက်ရှိပြီ။ ဗိုက်ထဲမှာလဲ အလုံးပေါ်လာတယ်။ ငွေရေးကြေးရေး အခက်အခဲရှိတာပေါ့။ မောင်နှမသုံးယောက် အပျိုကြီး၊ လူပျိုကြီးတွေ ဆိုတော့ တော်ရုံတန်ရုံ ဆေးရုံ၊ ဆေးခန်း မရောက်ဘူးပေါ့။ ဆင်းလဲ ဆင်းရဲတော့ မပြနိုင်ဘူးပေါ့။ အခုလို အခမဲ့လာပြီး ကုသပေးလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ Ultrasound



လည်း ရိုက်ပေးပါတယ်။ တကယ်စိတ်ရှည်လက်ရှည်နဲ့ လုပ်ပေးရှာပါတယ်။ ဝန်ထမ်းအားလုံးနဲ့ ဆရာ၊ ဆရာမ အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။(၅၀၁)

# မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကျင်းပ




**မန္တလေး ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းက မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်း အဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း ဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြော ကြားရာတွင် ယခင်အစည်းအဝေး (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးသုံးသပ်ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေနှင့်အညီ တိကျမှန်ကန်စွာဖြင့် အချိန်ကြန့်ကြာမှုမရှိ အကောင်အထည် ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းဝင်းက ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ် ဆောင်ရွက်ရန် လွှဲပြောင်းပေးပို့ထားသည့် လုပ်ငန်းစာတွဲများအပေါ်ဆောင်ရွက်ပြီးစီး မှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင် ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲ ရေးကော်မတီအဖွဲ့ဝင်များက အထွေထွေ ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေး ချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**

**⚐ ရှေ့ဖုံးမှအဆက်**

အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူ ခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်းဆောင်ရွက် ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံ လူနာများ၏ ခွဲစိတ်ပြီး နောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ် ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများ ကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများ နှင့် သူနာပြု၊ ကျွမ်းကျင်သူများက ဆက် လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများ က ကြည့်ရှုအားပေးခဲ့ပြီး ဇန်နဝါရီ ၂၉ ရက် နှင့် ၃၀ ရက်တို့တွင် ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(၅၀၁)**

> **တပ်မတော်တွင် အဋ္ဌမအကြိမ်**
> **အသည်းအစားထိုး**
> **ခွဲစိတ်ကုသမှု ပထမနေ့**
> **လုပ်ငန်းဆောင်ရွက်နေမှုကို**
> **တွေ့ရစဉ်။**



**☆ ကျောဖုံးမှအဆက်**

ပြန်လည်တိုက်စစ်ဆင် ဖိအားပေးကစား လာမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ဒဂုံပေါ့အသင်း ဂိုးပေါက်ကန်သွင်းခွင့်များ ပြန်လည်ရရှိ ခဲ့ကာ ပွဲချိန် ၈၈ မိနစ်တွင် မျိုးဆက်ပိုင်က ဒဂုံပေါ့အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန် လည်သွင်းယူနိုင်ခဲ့သော်လည်း လက်ကျန် ပွဲချိန်များတွင် ဟံသာဝတီယူနိုက်တက် အသင်းက အနိုင်ရလဒ်ကို အကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီး ဆုံးချိန်တွင် ဟံသာဝတီယူနိုက်တက် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်ကာ အဆိုပါပွဲစဉ်အတွက် အကောင်း ဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက် တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူ ပေးနိုင်ခဲ့သည့် ဝိုင်းလုက ဆွတ်ခူးနိုင် ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇)အပြီးတွင် ရှမ်းယူနိုက်တက်အသင်း က ၁၆ ပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၄၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ် ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိနေ ကြောင်း သိရသည်။

STA

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့ စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့် ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်း ဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြား ခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ် သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ် ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သား သမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစား သားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစား ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ် တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက် သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေကို A Zone၊ B Zone ခွဲခြား သတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင် နှစ်ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည် စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက် များကို ဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်)၊ ၀၆၇-၃၄၁၂၀၄၃ iprd.crd.npt@gmail.com၊ (ရန်ကုန်) ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn @gmail.com သို့ ဇန်နဝါရီ ၃၁ ရက်အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်သည့် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း ဖမ်းဆီးရမိ




ပြစ်မှုကျူးလွန်သူကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် ည ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် မူဆယ်မှ ရန်ကုန်သို့ မျိုးမင်းဦး (ခ) မဲကြီး မောင်းနှင်လာသည့် I ZONE ကုန်တင်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်၏ ကိုယ်ထည်အတွင်း အံဝှက်ပြုလုပ် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

# နောင်ချိုမြို့နယ် အုမ္မတီးကျေးရွာက နေအိမ်အလုံး ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အုမ္မတီးကျေးရွာရှိ ဒေသခံများ၏ နေအိမ်အလုံး ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးသွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်၊အိုးအိမ်၊ စည်းစိမ်ကို အသက်ပေးကာကွယ် စောင့်ရှောက်ရေးအတွက် လုံခြုံရေး လုပ်ငန်းများကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို မငဲ့ကွက်ဘဲ ၎င်းတို့ကိုထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန် ဟော်မုန်းဗေဒဆေးကုဌာနမှ ပါမောက္ခ ဌာနမှူး ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်အား ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသော ဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများကို အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ပြည်သူကိုနည်းမျိုးစုံနဲ့ ဒုက္ခပေးလျက် အကြမ်းဖက် PDF"**ခေါင်းစဉ်ဖြင့် ၂၉-၁-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံရပ်ခြားတွင် အခြေကျနေကုန်သော တော်လှန်ရေးဖန်းပြသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လင်းလက်

# အဂတိကင်းကွာလွန်ချမ်းသာ အပိုင်း (၄)

**မေတ္တာလက်ဆောင်**

လူအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင် ချစ်ခြင်းမေတ္တာ၏ ပြယုဂ်အဖြစ် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ဖလှယ်ကြသည့် အလေ့အထများသည် ရှေးယခင်ကတည်းကရှိခဲ့သည်။ လက်ဆောင်ဆိုသည်မှာ မည်သည့်အနှောင်အဖွဲ့ အကျိုးစီးပွားမှ ပါဝင်ခြင်းမရှိသည့် မေတ္တာဖြင့်ပေးသော ပစ္စည်းဖြစ်ပြီး အချင်းချင်းစည်းလုံးညီညွတ်မှုကို ဖြစ်စေရန် ရည်ရွယ်၍ ပေးခြင်းသာဖြစ်သဖြင့် မကောင်းသည့် ရည်ရွယ်ချက်များမပါဝင်ပေ။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြခြင်းသည် ယနေ့အချိန်ထိ ရှိနေကြဆဲဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင်လည်း တန်ဖိုးအားဖြင့် များပြားမှုမရှိသော်လည်း ခင်မင်မှုလေးစားမှုတို့ဖြင့် ချစ်ခြင်းမေတ္တာတရားကို ပြသနိုင်ရေးအတွက် တစ်ဦးနှင့် တစ်ဦးတွေ့ဆုံစဉ်ခဏတွင် ဒေသထွက် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ဖလှယ်ကြသည့် အလေ့အထများရှိကြသည်။

အခြားအရပ်ဒေသတစ်ခုသို့ သွားရောက်သည့်အခါ မိမိဒေသထွက်ပစ္စည်းများကို ယူဆောင်သွားပြီး တွေ့ဆုံရမည့်လူပုဂ္ဂိုလ်များသို့ မေတ္တာလက်ဆောင်အဖြစ် ပေးအပ်ကြသည့်အလေ့အထသည် နိုင်ငံတိုင်းတွင်ရှိကြသည်။ တစ်ပါးသောအရပ်ဒေသမှ ပြန်လာသည့်အခါတွင်လည်း ထိုဒေသမှထွက်သော ဒေသထွက်များကို မိသားစုနှင့် မိတ်ဆွေသူငယ်ချင်းများအတွက် လက်ဆောင်အဖြစ်ဝယ်ယူကာ ပေးအပ်သည့် အလေ့အထများသည် လူ့အသိုက်အဝန်းအတွင်း ခိုင်မြဲစွာတည်ရှိနေသည့် မြတ်နိုးစရာအလေ့အထများပင်ဖြစ်သည်။ မိမိဒေသသို့ ခေတ္တခဏလာရောက်ကြသည့် မိတ်ဆွေ၊ သူငယ်ချင်း အပေါင်းအသင်းများသို့လည်း မိမိတို့၏ ဒေသထွက်များကို လက်ဆောင်အဖြစ်ပြန်လည်ပေးအပ်ကြသည်မှာလည်း လူ့အဖွဲ့အစည်းအတွင်းက ချစ်စရာဓလေ့စရိုက်များပင်ဖြစ်သည်။

**တံစိုးလက်ဆောင် သတိနှင့်ရှောင်**

မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများသို့ အခြားသောနောက်ကွယ် အကျိုးစီးပွားများကို မျှော်ကိုးခြင်းမရှိဘဲ ခင်မင်မှုနှင့်ချစ်ခြင်းမေတ္တာကို သာပြသလို၍ သန့်ရှင်းမွန်မြတ်သည့်လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည့် အလေ့အထများက လူမှုပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှုမရှိနိုင်ပေ။ နောက်ကွယ်အကျိုးစီးပွားပါဝင်မှုမရှိ ချစ်ကြည်ရင်းနှီးမှုကိုပုံဖော်လို၍ ပေးကြခြင်းမဟုတ်ဘဲ အကျိုးလို၍ညောင်ရေလောင်းခြင်း မကောင်းသည့်ဓလေ့စရိုက်များကို လူမှုပတ်ဝန်းကျင်အတွင်းသို့ မသမာသူများက သယ်ဆောင်လာခဲ့ကြသည်။ ဆုံးဖြတ်ချက်ချမှတ်နိုင်သူ၊ မိမိအကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနိုင်သူတို့ကို လက်ဆောင်ပဏ္ဏာဆက်သကာ မိမိတို့အလိုရှိရာကို တောင်းဆိုလိုက်သည့်အခါ လက်ဆောင်မှသည် တံစိုးလက်ဆောင်ဆိုသော လူ့ဘောင်လောကကို ပျက်စီးစေသည့် အရာအဖြစ်သို့ ပြောင်းလဲသွားတတ်သည်။

ကိုယ်ကျိုးစီးပွားအတွက် ပေးအပ်သော တံစိုးလက်ဆောင်ကို လက်ခံ၍ ဆုံးဖြတ်ချက်များကို ချမှတ်လိုက်သည့်အခါတွင် လူမှုပတ်ဝန်းကျင်ကို ပျက်စီးစေရုံသာမက ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် တိုင်းပြည်တစ်ခုလုံးကိုပါ ပျက်စီးစေခြင်းအဖြစ်သို့ ရောက်တတ်ကြောင်းကို မြတ်စွာဘုရားရှင်က ဘုရားလောင်းဘဝဖြစ်စဉ်တစ်ခုကို ဥပမာပြု၍ ဟောကြားခဲ့သည်။ မြတ်စွာဘုရားရှင် ပါရမီဖြည့်စဉ် ဘဝတစ်ခုတွင် ရသေ့ အပေါင်းတို့၏ ဆရာအဖြစ်နှင့် ရသေ့အပေါင်းခြံရံလျက် ဟိမဝန္တာအရပ်၌ သီတင်းသုံးစဉ် ဘုရင်မင်းစိုးစံသည့် ဘုရင်တိုင်းသို့ ဆွမ်းခံထွက်လေ့ရှိသည်။ မြို့တွင်း၌ ဆွမ်းခံပြီးသည့်အခါတွင်

**❖မေတ္တာဖြင့်ပေးအပ်ကြသည့် လက်ဆောင်ပစ္စည်းမှသည် အကျိုးစီးပွားကိုရှေးရှု၍ မကောင်းမှုအဂတိကို ဦးတည်သည့် တံစိုးလက်ဆောင်ပေးခြင်းအမှုသို့ ရောက်ရှိသွားမည်ဆိုပါက ရုပ်ဆိုးအကျည်းတန်သွားပြီး လူမှုပတ်ဝန်းကျင်ကိုထိခိုက်စေသည့် ပြစ်မှုများဖြစ်လာနိုင်သည်။ တံစိုးလက်ဆောင်လက်ခံခြင်းအမှုကို ပြုမိ၍ ပျက်စီးရသည့် ဘုရဇာတ်ကို သတိပြုဆင်ခြင်ကာ တံစိုးလက်ခံ၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းသည် "ဖြောင့်မတ်တည်ကြည်ခြင်း၊ လွတ်လပ်စွာရပ်တည်နိုင်ခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊မျှတခြင်း၊အဂတိလိုက်စားမှုကင်းစင်ခြင်း" စသည့် စံနှုန်းများကိုသွေဖည်သွားနိုင်သဖြင့်သတိပြုဆင်ခြင်သင့်သည်။❖**

မြို့မှထွက်၍ မြို့၏မြောက်ဘက်တံခါးအနီးရှိ ညောင်ပင်အောက်တွင် သီတင်းသုံးနေလေ့ရှိသည်။ မြို့၏တောင်ဘက်တံခါးအနီးရှိ အခြားညောင်ပင်အောက်တွင်လည်းအခြားသောရသေ့ဦးဆောင်သည့် ရသေ့ပေါင်းတို့သည် သီတင်းသုံး၍နေလေ့ရှိသည်။

**တံစိုးပေး၍ ဆုံးဖြတ်စေရာ**

ဘုရားလောင်းရသေ့ ခေါင်းဆောင်သည့် ရသေ့အပေါင်းတို့ သီတင်းသုံးလေ့ရှိသည့် ညောင်ပင်သည် တစ်နေ့တခြား အခက်အလက်ဝေဆာကာ အရိပ်အာဝါသ ပိုမိုကောင်းမွန်လာလေသည်။ အခြားသောရသေ့တို့ သီတင်းသုံးနေထိုင်သည့် ညောင်ပင်သည် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားသဖြင့် ဘုရားအလောင်းရသေ့တို့ သီတင်းသုံးရာ ညောင်ပင်အောက်သို့ လာရောက်သီတင်းသုံးကြရင်းဖြင့် ရသေ့အချင်းချင်း အချင်းများကြလေသည်။ ရသေ့အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုသည် ပိုမိုဆိုးရွားလာသဖြင့် ဘုရင်မင်းထံရောက်ရှိသွားပြီး ညောင်ပင်အောက်တွင် သီတင်းသုံးပိုင်ခွင့်သည် မည်သည့်ရသေ့တို့ထံတွင်ရှိသည်ကို မေးမြန်းလေ၏။ ဘုရင်မင်းကြီးသည် ဖြစ်စဉ်အကြောင်းစုံကို စုံစမ်းဆင်ခြင်၍ ယခင်ကတည်းက ညောင်ပင်အောက်တွင် သီတင်းသုံးလေ့ရှိသည့် ဘုရားလောင်းဦးဆောင်သည့် ရသေ့တို့ကို ညောင်ပင်၏ပိုင်ရှင်ဖြစ်သင့်ကြောင်း ဆုံးဖြတ်ပေးခဲ့သည်။

ဘုရင်မင်း၏ဆုံးဖြတ်ချက်ကြောင့် ညောင်ပင်မှ ထွက်ခွာသွားရသော ရသေ့တို့သည် ညောင်ပင်ကို မတရားသောနည်းလမ်းဖြင့် ရရန်ကြံစည်ကြလေသည်။ ရသေ့တို့၏ တန်ခိုးဖြင့် ရှာဖွေကြည့်ရှုရာတွင် စကြဝတေးမင်းတို့၏ အသုံးအဆောင်တစ်ခုဖြစ်သည့် ရထားချိုင့်တစ်ခုကိုတွေ့ရာ ထိုရထားချိုင့်ကို ဘုရင်မင်းထံ တံစိုးလက်ဆောင်အနေဖြင့်ပေး၍ ညောင်ပင်ကို ပေးပါရန်ပြောလေသည်။ ရသေ့တို့ကပေးသော စကြဝတေးမင်းတို့၏ အသုံးအဆောင်ဖြစ်သည့် ရထားချိုင့်ကိုရသည့်အခါတွင် မင်းကျင့်တရားတို့ပျက်ပြားသွားပြီး အမှုကိုကပြောင်းကပြန်လုပ်ကာ အမှားကိုအမှန်ပြု၍ ညောင်ပင်အောက်တွင် တံစိုးပေးသောရသေ့တို့ကိုပါ နေထိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ပြန်သည်။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်သည့်ရသေ့အချို့က ရထားလှည်းဘီးတို့ကို တံစိုးလက်ဆောင်အနေဖြင့်ပေး၍ ပညောင်ပင်ကိုပေးရန် ပြောလေသည်။ မင်းကြီးလည်း တံစိုးပေးသူတို့အလိုကျ ညောင်ပင်သည် ဘုရားလောင်းရသေ့တို့ကသာ မူလပိုင်ရှင်ဖြစ်သည်ဟုဆိုကာ အမှုကိုပြင်ဆင်ဆုံးဖြတ်ပြန်လေသည်။

**ဆန္ဒာဂမနံ နပ္ပသံသန္တိ ပဏ္ဍိတာ**

ဘုရားလောင်းရသေ့အပါအဝင် ရသေ့ရဟန်းအပေါင်းတို့သည် ဝတ္ထုကာမတို့ကိုစွန့်လွှတ်၍ ရသေ့ရဟန်းပြုကာ တရားရှာနေစဉ်တွင် ညောင်ပင်ကိုအကြောင်းပြု၍ မပြုသင့်သည့် တံစိုးလက်ဆောင်ပေးခြင်းထိပြုမိသဖြင့် တရားဓမ္မနှင့် ဆန့်ကျင်သောလုပ်ရပ်ပင်ဖြစ်ကြောင်း သတိပြုဆင်ခြင်ကာ ထိုအရပ်မှထွက်ခွာ၍ ဟိမဝန္တာတောအတွင်းသို့ ဝင်ပြီး တရားကျင့်ကြံကြလေသည်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရာတွင် မင်းကျင့်တရားနှင့်အညီ ဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်၍ တံစိုးလက်ဆောင်လက်ခံခြင်းအပါအဝင် မကောင်းမှုဒုစရိုက်ဟူသမျှကို ရှောင်ရှားရမည်ဖြစ်သည်။ ဘုရင်မင်းကြီးသည် လောဘဖြင့် တံစိုးလက်ဆောင်လက်ခံကာအဂတိလိုက်စား၍ ဘက်လိုက်ဆုံးဖြတ်ပြီး ကိုယ်ကျင့်သီလနှင့်ပြည်စုံသော ရသေ့ရဟန်းတို့ကိုပင် အချင်းချင်းစိတ်ဝမ်းကွဲအောင် ဆောင်ရွက်မိသဖြင့် နတ်တို့က ဒဏ်ခတ်သည့်အနေဖြင့် ယူဇနာသုံးရာမျှကျယ်ဝန်းသော ဘုရင်တိုင်းတစ်ခုလုံးကို သမုဒ္ဒရာအောက်သို့ ကျရောက်စေကာ ပျက်စီးစေလိုက်သည်။

လောဘဖြင့် တံစိုးလက်ဆောင်လက်ခံ၍ ဘက်လိုက်ဆုံးဖြတ်ခဲ့သည့် လုပ်ရပ်တစ်ခုကြောင့် တိုင်းပြည်ပင်ပျက်စီးရသည်ကို ဆင်ခြင်သင့်ပြီးတံစိုးလက်ဆောင်လက်ခံ၍ ဆန္ဒာဂတိလိုက်စားခြင်းကို ပညာရှိသူတော်ကောင်းတို့က မနှစ်သက်ကြကြောင်း မြတ်စွာဘုရားရှင်က "ဆန္ဒာဂမနံ၊ နပ္ပသံသန္တိ ပဏ္ဍိတာ "ဟု ဟောကြားခဲ့သည်။ မြတ်စွာဘုရားရှင်၏ တရားဓမ္မများကို အခြေခံ၍ "ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်သည်"ဟု တောင်ဖီလာဆရာတော်ကြီးက လောကသဘာဝဆုံးမစာတွင် ဆုံးမထားသဖြင့် တံစိုးလက်ဆောင်သည် သာမာန်လူပုဂ္ဂိုလ်များအတွက် ပို၍ပင်သတိထားသင့်သည်။ ထို့ပြင် ညောင်ပင်သာဦးပုည၏ သုတရတနာဆုံးမစာတွင်လည်း "တံစိုးလိုက်စား၊ သူမိုက်များ၊ တရားမမှန်ကွက်တတ်သည်" ဟု တံစိုးလက်ဆောင်လက်ခံခြင်းဖြင့် တရားဓမ္မနှင့် ဝေးကွာသည့် လုပ်ရပ်များကိုပင် ပြုလုပ်တတ်သဖြင့် ဆင်ခြင်သင့်ကြောင်း ဆုံးမထားသည်ကိုလည်း တွေ့ရပြန်သည်။

**သတိနှင့် ဆင်ခြင်ရာ၏**

ဝတ္ထုကာမတို့သည် လူသားတို့၏ စိတ်ကို စွဲဆောင်တတ်ရာ ထိုစွဲဆောင်မှုနောက်ကို ကောက်ကောက်ပါအောင် လိုက်မိမည်ဆိုပါက လောဘတရားများဖုံးလွှမ်းသွားပြီး သမ္မာအာဇီဝ မဟုတ်သောနည်းလမ်းတို့ဖြင့် ကြီးပွားချမ်းသာခြင်းကို ဖန်တီးပုံဖော်မိတတ်သဖြင့် ဆင်ခြင်အပ်သည်။ လောဘတရားဖုံးလွှမ်း၍ ဝတ္ထုကာမတို့အပေါ်တွင် တပ်မက်သည့်စိတ်များ ဝင်လာသည့်အခါတွင်မိမိထံသို့ရောက်ရှိ၍လာသော တံစိုးလက်ဆောင်တို့ကိုငြင်းပယ်ရန် မစွမ်းသာတော့ပေ။ လောဘဖြင့် တံစိုးလက်ဆောင် လက်ခံမိလိုက်သည့်ခဏတွင် တံစိုးလက်ဆောင်ပေးသူ၏ အလိုကျရုပ်သေးရုပ်ပမာပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်ရသဖြင့် တရားဓမ္မများနှင့် ဝေးကွာသွားပြီး အဂတိလိုက်စားကာ ဘက်လိုက်ဆုံးဖြတ်မိတတ်သဖြင့် သတိပြုဆင်ခြင်သင့်သည်။

ချစ်ခြင်းမေတ္တာ၏ ပြယုဂ်အနေဖြင့် အချင်းချင်း လက်ဆောင်ပစ္စည်းပေးကမ်းကြသည့် ဓလေ့များသည် လူမှုပတ်ဝန်းကျင်ကို စည်းလုံးညီညွတ်စေကာ သာယာလှပမှုကိုဖြစ်စေသည်။ မိမိတို့ အလိုရှိရာပုံသွင်းလိုသဖြင့် ပေးအပ်သောတံစိုးလက်ဆောင်ပေးခြင်းအလေ့အထနှင့် လောဘကြောင့် တံစိုးလက်ဆောင်လက်ခံကာ ဘက်လိုက်ဆုံးဖြတ်ပြီး အဂတိလိုက်စားသည့် အပြုအမူများသည် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို အမှောင်အတိကျရုပ်ဆိုးအကျည်းတန်သွားစေသဖြင့် လက်သင့်မခံကြပေ။ နိုင်ငံတိုင်းသည် ပြည်တွင်းဥပဒေများတွင် တံစိုးလက်ဆောင်လက်ခံ၍ အဂတိလိုက်စားခြင်းအပြုအမူများကို ထိန်းချုပ်နိုင်ရေးဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများချမှတ်ပြဋ္ဌာန်းထားကြသည်ကိုတွေ့ရသည်။ တံစိုးလက်ဆောင်ပေးခြင်းနှင့် တံစိုးလက်ဆောင်လက်ခံ၍ အဂတိလိုက်စားကာ ဘက်လိုက်ဆုံးဖြတ်ခြင်းတို့ကိုလည်း ဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နေသည်ကိုတွေ့ရသည်။

**သာယာပါစေ မြန်မာမြေ**

မြန်မာတို့၏ ချစ်စရာဓလေ့စရိုက်များတွင်လည်း ဒေသထွက်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည့်ဓလေ့များက ရှိပြီးဖြစ်သည်။ ထိုဓလေ့စရိုက်များသည် အချင်းချင်း စည်းလုံးညီညွတ်မှုနှင့် မေတ္တာတရားတို့ကို ခိုင်မြဲစေသည့်လုပ်ရပ်များပင်ဖြစ်သည်။ မေတ္တာဖြင့်ပေးအပ်ကြသည့် လက်ဆောင်ပစ္စည်းမှသည် အကျိုးစီးပွားကို ရှေးရှု၍ မကောင်းမှုအဂတိကိုဦးတည်သည့် တံစိုးလက်ဆောင်ပေးခြင်းအမှုသို့ ရောက်ရှိသွားမည်ဆိုပါက ရုပ်ဆိုးအကျည်းတန်သွားပြီး လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ပြစ်မှုများဖြစ်လာနိုင်သည်။

တံစိုးလက်ဆောင် လက်ခံခြင်းအမှုကိုပြုမိ၍ ပျက်စီးရသည့် ဘုရဇာတ်ကိုသတိပြုဆင်ခြင်ကာ တံစိုးလက်ခံ၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းသည် "ဖြောင့်မတ်တည်ကြည်ခြင်း၊ လွတ်လပ်စွာရပ်တည်နိုင်ခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ မျှတခြင်း၊ အဂတိလိုက်စားမှုကင်းစင်ခြင်း" စသည့်စံနှုန်းများကို သွေဖည်သွားနိုင်သဖြင့် သတိပြုဆင်ခြင်သင့်ပေသည်။ မြတ်စွာဘုရားဟောကြားခဲ့သည် တရားဓမ္မများနှင့် အညီနေထိုင်ပြီး လူမှုပတ်ဝန်းကျင်ကိုပျက်စီးစေမည့် တံစိုးလက်ဆောင်လက်ခံ၍ အဂတိလိုက်စားခြင်းကိုရှောင်ကြဉ်နိုင်ကာ အဂတိလိုက်စားမှုကင်းကွာစွာနေထိုင်သွားကြခြင်းဖြင့် ကိုယ်တိုင်စိတ်ချမ်းသာစွာနေထိုင်နိုင်ပြီး မိမိတို့၏ လူမှုဘဝလည်း သာယာလှပအောင် စွမ်းဆောင်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

**- ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ညောင်ကန်ဆရာတော်ဘုရားကြီး။**

**နေ့စဉ်ထုတ်သတင်းစာများ။**

ဝတ္ထုတိုကဏ္ဍ

# စနေသား

ချစ်ဖူးဝေ



(၁)

"အို"

နှုတ်မှ အာမေဋိတ်သံ ထွက်ကျလာ၏။ ထိုအသံသည် ရင်တွင်း၌လည်း ကျယ်လောင်စွာ မြည်ဟည်းသွားလေ၏။ မြင်တွေ့ရသော မြင်ကွင်းသည် သူ၏ စိတ်အာရုံကို တည်ငြိမ်နိုင်စွမ်းမရှိ။

"ဒီလောကကို ရောက်ပြီဆိုရင်တော့ အဓိက ကစိတ်ပဲ။ စိတ်ကို တည်ငြိမ်အောင်ထားမှ အေးချမ်းမယ်"ဟူသော တရားသည် ကားသည် နေရာတွင် သူ၏အာရုံထဲသို့ မဝင်ရောက်နိုင်ခဲ့။ ဖြစ်နိုင်လျှင် ပုထုဇဉ်တို့၏ သဘာဝအတိုင်း ရင်ဘတ်စည်တီးကာ-

"လောကကြီးက သိပ်ရက်စက်တယ်"

လောကကြီးနှင့် နှိုင်းယှဉ်၍ အော်ဟစ်ငိုကြွေးလိုက်ချင်ပြီ။ သို့သော် သူသည် နေရာတွင်ပင် ကျောက်ရုပ်အတိုင်း မလှုပ်မယှက် ရပ်လျက်။ ပါးနှစ်ဖက်ပေါ်သို့ ပူပူနွေးနွေးအရည်နှစ်စက် ကျဆင်းလာ၏။ထိုအရာသည် မျက်ရည်များ ပါတကား။ ထိုမျက်ရည်များကြားမှ မြင်ရသော သဏ္ဌာန်ကို သူသည် ရင်ထဲမှ ဖျစ်ညှစ်၍ တိုညင်းစွာ ခေါ်လိုက်လေ၏။

"အမေ"

"အမေ...အမေရေ"

ဖိုးစနေ အသံကို အားကုန်ခေါ်ကာ အိမ်ပေါ်သို့ အပြေးကလေးတက်သွား၏။ စလွယ်သိုင်းထားသော လွယ်အိတ်အား ယူ၍ ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်၏။ မျက်လုံးများသည်ကား ဂနာမငြိမ် မိခင်ဖြစ်သူကို လိုက်ရှာမိသည်။ သည်ညနေမှ အိမ်တွင် လူများ စုရုံးကာ ရောက်နေကြ၏။ ဖိုးစနေသည် ထိုလူများကို ဂရုမစိုက်။ မိခင်ဖြစ်သူကိုသာ အသည်းအသန် ရှာဖွေမိလျက်။ ဟော တွေ့ပါပြီ။ အိမ်ထောင့်ကလေး တစ်နေရာတွင် ကုပ်ကုပ်ကလေး ထိုင်နေသော အမေ။ ဖိုးစနေသည် မိခင်ဖြစ်သူကို ပြေးဖက်လိုက်၏။

"သား ဖိုးစနေ ကျောင်းက ပြန်ရောက်ပြီလား"

ဒေါ်မိဝါ၏အသံသည် ကွဲအက်ခြောက်သွေ့နေ၏။ ဖိုးစနေသည် ဒေါ်မိဝါ၏ မျက်နှာကို မော့ကြည့်မိသောအခါ-

"အမေ ငိုနေတယ်"

ဒေါ်မိဝါ မျက်ရည်စများကို လက်ဖြင့်သုတ်ဖယ်ကာ သားဖြစ်သူအား ဖက်တွယ်၍-

"အမေ မငိုပါဘူး သားရယ်။ အမေ မငိုပါဘူး"ဟု ငိုသံဖြင့် ပြောလိုက်လေ၏။

"အဲဒါပြောတာပေါ့ မိဝါရယ် အိမ်မှာစနေရှိရင် မကောင်းဘူးလို့။ စနေကဂြိုဟ်ကို မွေတာပါဟယ်။ အခုလဲကြည့် နင့်သား ဖိုးစနေကြောင့် ငါ့မောင်လေး သေသွားရပြီ"

"အို မဟုတ်ပါဘူး မမရယ်။ သားလေးက အဲ့လို မဟုတ်ပါဘူး"

ဒေါ်မိဝါသည် ဖိုးစနေ၏ နားနှစ်ဖက်ကို ပိတ်ကာ ပြောမိ၏။

"ဘာမဟုတ်တာလဲ အခုတော့ ဖိုးစနေကြောင့် ငါ့မောင်လေး သေသွားရပြီ။ မောင်လေးရေ နင်ဝဋ်ကျွတ်ပြီဟဲ့ သိလား။ ဟီး....ဟီး"

ဒေါ်မိဝါ၏ မျက်ဝန်းထဲမှ မျက်ရည်များ အဆက်မပြတ်ကျဆင်းလာ၏။ ဖိုးစနေသည်လည်း မျက်ရည်များ စီးကျလာ၏။ ဖျာကြမ်းပေါ်တွင် မလှုပ်မယှက် အိပ်နေသော ဖခင်ဖြစ်သူကို ကြည့်၍-

"အမေ...အဖေက သေသွားတာလားဟင်"

"အင်း"

သိတတ်နေသော သားကို ဒေါ်မိဝါ မလိမ်ချင်။

"ဘာဖြစ်လို့ သေတာလဲဟင်"

"ချောင်းစပ်ငါးသွားမျှားရင်း မြွေကိုက်လို့တဲ့ သားရယ်"

"အို"

ဖိုးစနေသည် အိမ်ပေါ်မှ အပြေးကလေး ဆင်းပြေးသွား၏။ မျက်ရည်စများသည် ပါးပြင်မှတစ်ဆင့် မြေပြင်ပေါ်သို့ ဦးတည်ရာမဲ့စွာဖြင့်။ ဖခင်ဖြစ်သူ၏ အစ်မ ပြောသောစကားများသည် နားထဲ၌ ကြားယောင်နေဆဲပင်။

"နင့်သား ဖိုးစနေကြောင့် ငါ့မောင်လေး သေရတာ။ စနေသားက ဂြိုဟ်မွေတာ"

(၂)

"ဟေ့ကောင် ဖိုးစနေ"

"ဘာလဲ"

ဘုကြည့်ကြည့်၍ ဖိုးစနေ ပြန်ထူး၏။ အောင်မိုးသည် အတန်းထဲတွင် စာအညံ့ဆုံး ကျောင်းသားတစ်ယောက် ဖြစ်သည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကွမ်း၊အရက်၊ဆေးလိပ်လည်း မကင်း။ ဖိုးစနေသည်ကား ထိုသို့မဟုတ် စာကို ကြိုးစား၍ လိမ္မာသော ကျောင်းသားပင်တည်း။ ကျောင်းဆင်းလျှင် ဒေါ်မိဝါ၏ ကုန်စိမ်းရောင်းသောအလုပ်ကို ကူညီပေး၏။ ထိုသို့ လိမ္မာသော ကလေးပင်တည်း။ အောင်မိုးသည် ဆေးလိပ်ကို ခဲ၍-

"မင်း ကျောင်းတစ်ရက်လောက် ပျက်ကြည့်ပါလားကွ။ ငါတို့နဲ့ ချောင်းစပ်ငါးသွားမျှားရအောင်လေ"

"ကျောင်းပျက်ရင် ငါ့အမေ ရိုက်လိမ့်မယ်။ ပြီးတော့ သူများအသက်သတ်ရင် ငါးပါးသီလကျိုးတယ်လို့ အမေ ပြောဖူးတယ်" ဟု ဖိုးစနေက တည်ငြိမ်စွာ ပြောလိုက်၏။ ထိုအခါ အောင်မိုးသည် တဟားဟား အော်ရယ်၍-

"ဖိုးစနေ မင်းလို ဂြိုဟ်ကောင်က ငါ့ကို တရားတွေ ဘာတွေ ပြောပြနေပါလားကွ။ မင်းအဖေ သေရတာ မင်းကြောင့်လေ ဟား....ဟား...ဟား"

အောင်မိုး၏စကားကို ကြားသောအခါ ဖိုးစနေ၏ မျက်ဝန်းထဲတွင် ဒေါသရိပ်များ တက်လာလေ၏။

"ဟေ့ကောင် အောင်မိုး မဟုတ်တာတွေ မပြောနဲ့"

"ပြောတယ်ကွာ ပြောတယ်။ မင်းလိုဂြိုဟ်ကောင်ကြောင့် မင်းအဖေ သေရတာ ဟား...ဟား...ဟား"

ဖိုးစနေသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍-

"ပြောတဲ့ ပါးစပ် ကဲကွာ။ ပြောချင်အုံး ကဲကွာ"

အောင်မိုး၏မျက်နှာပေါ်သို့ ဖိုးစနေ၏ လက်သီးချက်များသည် အဆက်မပြတ် ထိုးကြိတ်နေ၏။ နာကြည်းချက်ဖြင့် ထိုးသော လက်သီးချက်များသည် အားမာန်အပြည့်ပင်။ မျက်ဝန်းထဲမှ မျက်ရည်များစွာ စီးကျလာလေ၏။

"ဘယ်လိုဖြစ်တာလဲ သားလေးရယ်"

ဒေါ်မိဝါသည် သားဖြစ်သူကို စိတ်မကောင်းစွာ ကြည့်၍ မေးမိ၏။ ဖိုးစနေသည်ကား ခေါင်းကိုငုံ့၍ မျက်ရည်တွင်တွင် စီးကျနေ၏။

"ကျောင်းမှာ ရန်မဖြစ်ရဘူးလို့ အမေ မှာထားတယ်လေကွယ်။ အခုတော့ သားက အမေ့စကားကို နားမထောင်တော့ဘူးလား"

ဖိုးစနေ မည်သည့်စကားမျှ ပြန်မပြောချေ။ ဒေါ်မိဝါသည် သားဖြစ်သူကို ကြည့်၍ မျက်ရည်များ ဖြိုင်ဖြိုင်ကျ၏။

"မနက်ဖြန်တော့ ကျောင်းသွားတက်နော် သား"

"သား ကျောင်းမတက်တော့ဘူး အမေ"

ထိုသို့ပြောပြီး ခေါင်းကိုပြန်၍ ငုံ့သွား၏။ ဒေါ်မိဝါသည် ပျာပျာသလဲဖြင့် ဖိုးစနေ၏ လက်ကိုကိုင်ကာ

"အဲဒီလို မလုပ်ပါနဲ့ သားရယ်။ သားက အမေ့ရဲ့ မျှော်လင့်ချက်လေ။ သားကျောင်းမတက်လို့ မရဘူး။ တက်ကိုတက်ရမယ်။ အမေ့ကို သနားရင် ကျောင်းတက်ပါကွယ်။"

"မတက်ဘူး အမေ။ သား ကျောင်းကို ဘယ်တော့မှ မတက်တော့ဘူး"

ဖိုးစနေသည် နေရာမှ ထွက်ပြေးသွား၏။ ဒေါ်မိဝါ တစ်ယောက်တည်းသာ ကျန်ရှိနေတော့သည်။ မျက်ရည်စများ ဖြိုင်ဖြိုင်ကျလျက် ထွက်ပြေးသွားသော ဖိုးစနေ၏ ကျောပြင်ကို ငေးကြည့်နေလျက်။

(၃)

"ဆွမ်းတော်ဗျို့"

"ရပ်တော်မူပါအုံး ဘုရား"

ဒေါ်မိဝါ အပြေးကလေး ဆွမ်းလောင်းရန် ပြင်ဆင်၏။ တဘက်ကလေး ပခုံးထက်သို့တင်၍ ဆွမ်းတော်ဗန်းကို ကိုင်ကာ ခြံဝသို့ ထွက်လာ၏။ ကြေးစည်ကို ကိုင်၍ ရပ်စောင့်နေသော သားဖြစ်သူကို ပြုံး၍ ကြည့်မိ၏။ ဖိုးစနေသည် ရှေ့သို့သာ ကြည့်နေမြဲပင်။

"သားလေး ဘုန်းကြီးကျောင်းမှာ မပျော်တော့ရင် အမေ့အိမ်ကိုပြန်လာခဲ့နော်"

ဆွမ်းလောင်းရင်းဖြင့် သားဖြစ်သူကို ပြော၏။ ဖိုးစနေသည် မလှုပ်မယှက်။

"ဖိုးစနေက လိမ္မာတယ် ဒကာမကြီး။ ဘာမှ စိတ်မပူပါနဲ့ ဦးပဉ္စင်းတို့လဲ ရှိနေတာပဲ"

"တင်ပဲ့ ဘုရား။ တပည့်တော်မက သားလေးကို စိတ်ပူလို့ပါဘုရား"

"စိတ်မပူပါနဲ့ကွယ်။ ကလေးပျော်ရင်နေပါစေ"

ဆွမ်းခံထွက်သွားသော်လည်း ဒေါ်မိဝါသည် သားဖြစ်သူ၏ နောက်ကျောကို ကြည့်၍ တီးတိုး ရေရွတ်မိ၏။

"ငါ့သားလေးက ငါ့ဆီကို ကျိန်းသေပြန်လာမှာပါလေ"

"ဖိုးစနေ မင်းအမေ လမ်းထိပ်မှာ ဆိုင်ကယ်နဲ့ တိုက်မိလို့တဲ့"

"ဟင်"

ဆွမ်းချိုင့်များဆေးနေသော ဖိုးစနေတစ်ယောက် ဦးပဉ္စင်း၏ စကားကြောင့် ထိပ်ထိပ်ပျာပျာ ဖြစ်သွား၏။ ချက်ချင်းပင် ရေစိုနေသော လက်ကို ပုဆိုးဖြင့် သုတ်ကာ ဦးပဉ္စင်းကို လက်အုပ်ချီ၍-

"တပည့်တော် အမေကို သွားကြည့်ပါရစေ ဘုရား"

တည်ငြိမ်စွာဖြင့် ဦးပဉ္စင်း ခေါင်းငြိမ့်သည်နှင့် အပြေးကလေး မိခင်ဆီသို့ ပြေးထွက်သွား၏။ နှုတ်မှလည်း တီးတိုးရေရွတ်မိ၏။

"အမေ ဘာမှ မဖြစ်ပါစေနဲ့"

(၄)

"မိဝါရယ် ငါမပြောဘူးလား။ နင်တို့အိမ်မှာ စနေရှိလို့ အခုလို ဖြစ်နေတာ။ ဟိုကောင် ဖိုးစနေက အခိုက်ဟဲ့ သိလား"

"မမရယ် အဲဒီလို မပြောပါနဲ့။ သားလေးနဲ့ မဆိုင်ပါဘူး"

"အမယ်လေး မဆိုင်ဘူးပြောနေတာ။ နင့်သားမွေးကတည်းက နင်တို့ ဘာစီးပွားဖြစ်လို့လဲ။ မချမ်းသာတဲ့အပြင် ငါ့မောင်လေး ဆုံးတယ်။ အခု နင့်ခြေထောက်ကျိုးတယ်။ ဒီကလေး မွေးကတည်းက အသေလေး မွေးရမှာ"

စာမျက်နှာ ၂၅ သို့ ➤

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံမြေပဲ ၁၃၁၈၆ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကောလင်း ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၁၈၆ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၈၈ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၁၈၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၉၀၈၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၁၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲသီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၆၁၃၈ ဧက၊ ဝန်းသိုမြို့နယ်တွင် ၂၃၇၈ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ဧက ၄၆၇၀ စုစုပေါင်း ၁၃၁၈၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

မြေပဲ အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

အိမ်ပေါ်မှ ပြောသောစကားများကို ဖိုးစနေ နားစိုက်ထောင်မိ၏။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ ဒလဟော စီးကျလာသည်။

"အို အမေ့ခြေထောက် ငါ့ကြောင့် ကျိုးသွားပြီ။ ငါ့ကြောင့် ... ငါ့ကြောင့် ငါတော်တော် ဂြိုဟ်မွှေတာပဲ"ဟု တွေးကာ ဝမ်းနည်းစိတ်ဖြင့် ငိုရှိုက်မိ၏။ ထို့နောက် ရှေ့တိုးနေသော ခြေလှမ်းများကို နောက်ဆုတ်၍ လာရာလမ်း အတိုင်းပြေးမိ၏။

ဘုန်းကြီးကျောင်းသို့ ရောက်သောအခါတွင် ဖိုးစနေသည် မောဟိုက်နေလေပြီ။ ဆရာဖြစ်သူဦးပဥ္စင်း၏ ခြေရင်းတွင် မျက်နှာအပ်၍ ငိုရှိုက်မိ၏။ ဦးပဥ္စင်းသည် ဖိုးစနေ၏ ဦးခေါင်းကို ဖွဖွလေး ပုတ်ကာ နှစ်သိမ့်ပေးရှာ၏။

"ကံတရားပေါ့ ကလေးရယ်"

မျက်ရည်စများဖြင့် ဦးပဥ္စင်းကို လက်အုပ်ချီကာ-

"တပည့်တော်ကို တရားရိပ်မှာ ရာသက်ပန် နေခွင့်ပြုပါတော့ဘုရား။ လူ့လောကကြီးကိုတပည့်တော် ကြောက်ရွံ့လှပါပြီဘုရား"

ဖိုးစနေ၏ အသံသည် တုန်ယင်နေလျက်။ မျက်ရည်စများသည် ပါးပြင်တစ်လျှောက် စီးကျလာ၏။ ထိုမျက်ရည်စများသည် သည်ကနေ့ အပြီးတိုင်ကျသော မျက်ရည်စများပင်။ မနက်ဖြန်အတွက် ယူသွားစရာမလိုတော့ပြီဟု ဖိုးစနေ ထင်မိခဲ့သော်လည်း အချိန်ကြာသည်နှင့်အမျှ ထိုမျက်ရည်များသည် ခန်းခြောက်မနေခဲ့ပါ။

(၅)

"မယ်တော်ကြီး"

ခွက်စုတ်ကလေးကိုင်ကာ တောင်းရမ်းနေသော မိခင်ဖြစ်သူကို ကရုဏာကြီးစွာဖြင့် ခေါ်လိုက်မိ၏။ မိခင်၏ ဆံသားတို့သည် ဖွာခြောက်၍ လန်နေ၏။ ခန္ဓာကိုယ်သည် အရိုးပေါ် အရေတင်သကဲ့သို့ ခန်းခြောက်နေ၏။ ဘေးနားတွင် သစ်သားချိုင်းထောက်လေး မြင်မိလျှင် မျက်ရည်များ ရစ်ဝိုင်းသွားကာ ရင်ထဲတစ်ဆို့လျက်ရှိ၏။ မိခင်၏ရှေ့သို့ ဖြည်းညင်းစွာ လျှောက်လှမ်းသွား၏။ ထိုအခါ မိခင်၏ မျက်ဝန်းများသည် ညိုးငယ်၍ ဖြူရော်သော နှုတ်ခမ်းများ ဖွင့်ဟလာကာ-

"ကန်တော့ပါသေးရဲ့ ဘုရား"

လက်အုပ်ကလေးချီ၍ ပြောသံမှာ အားပျော့လွန်းလှ၏။ မိခင်၏ လက်ကလေးများကို အသာအယာ ဆုပ်ကိုင်မိလေပြီ။ အေးစက်နေသော လက်များသည် နွေးထွေးမှုကို တစ်မုဟုတ်ချင်း ခံစားရ၏။ မိခင်၏ မျက်ဝန်းများသည် လင်းလက်လာကာ-

"ဦးပဥ္စင်းက ဖိုးစနေလားကွယ်"

"ဟုတ်ပါတယ် မယ်တော်ကြီး။ ဦးပဥ္စင်းက ဖိုးစနေပါ"ဟု အသံများသည်တုန်ယင်နေလျက်။

"အို တပည့်တော်မသားက ဦးပဥ္စင်း ဖြစ်နေပါရောလား။ ကြည့်စမ်းပါအုံး ကြည်ညိုဖို့ကောင်းလိုက်တာ"

"မယ်တော်ကြီးရယ်"

မိခင်၏ လက်ကလေးများကို ဆုပ်ကိုင်၍ ဦးပဥ္စင်းလေး ရင်ထဲမှ ရှိုက်မိ၏။

"တပည့်တော်မလေ ဦးပဥ္စင်းကို လိုက်ရှာသေးတယ် သိလား။ အခုချိန်ထိ ပါပဲကွယ်။ ဦးပဥ္စင်းရဲ့ ခမည်းတော် သေတာ ဦးပဥ္စင်းကြောင့် မဟုတ်ဘူး။ တပည့်တော်မ ခြေထောက်ကျိုးတာလဲ ဦးပဥ္စင်းလေးကြောင့် မဟုတ်ဘူး။ ရှေးဘဝက ကုသိုလ်ကံ မကောင်းခဲ့လို့ တပည့်တော်မတို့ ဖြစ်ခဲ့ရတာပါကွယ်"

ဒေါ်မိဝါသည် စကား အရှည်ကြီးပြောရ၍ မောဟိုက်နေ၏။

"ဦးပဥ္စင်းနားလည်ပါတယ်မယ်တော်ကြီး။ အခုချိန်မှာ အဲ့ဒါတွေ မပြောပါနဲ့တော့။ မယ်တော်ကြီး ဗိုက်ဆာနေပြီမလား။ ဒီမှာကြည့်ပါအုံး ဦးပဥ္စင်းဆွမ်းခံထားတဲ့ ဆွမ်းထမင်းဟင်းတွေ အများကြီး မယ်တော်ကြီး စားရမယ်နော်"

"အို တပည့်တော်မ မစားပါဘူး။ တပည့်တော်မကတောင် ဦးပဥ္စင်းကို ဆွမ်းကပ်ရမှာလေ"

ဦးပဥ္စင်းလေး ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်း၏။

"မဟုတ်သေးဘူး မယ်တော်ကြီး။ ဗုဒ္ဓမြတ်စွာဘုရားက ဟောထားတယ်။ ဦးပဥ္စင်းတို့ရဲ့ သပိတ်နဲ့ ဆွမ်းခံပြီး မိဘကို ကျွေးလို့ရတယ်။ ဦးပဥ္စင်းတို့ရဲ့ သပိတ်နဲ့ပဲ သောက်ရေခပ်ပြီး တိုက်လို့ရတယ်။ မိဘတွေကိုလဲ ဝတ်ကြီး ဝတ်ငယ် ပြုစုလို့ ရတယ်တဲ့ "

"ဟုတ်လား ဦးပဥ္စင်းရယ်"

"ဟုတ်တယ် မယ်တော်ကြီး။ ဟိုနားက သစ်ပင်ရိပ်ဆီကို သွားရအောင်။ အဲဒီနေရာက အရိပ်ကောင်းတယ်"

"တင်ပါ့ဘုရား"

"ဦးပဥ္စင်းလေးက ငယ်ငယ်ကအတိုင်းပဲ လိမ္မာလိုက်တာကွယ်။ ဦးပဥ္စင်းလေး ကျန်းမာပါစေ...ချမ်းသာပါစေ။ သာဓု...သာဓု...သာဓု"

ဒေါ်မိဝါ၏ တုန်ယင်လှိုက်မောသော သာဓုခေါ်သံကြောင့် ဦးပဥ္စင်းလေး၏ နှုတ်ခမ်းမှာ အလိုလို ပြုံးမိလျက်။ ထိုသာဓုခေါ်သံသည် ဦးပဥ္စင်းလေး၏ နားထဲသို့ အေးမြစွာ စီးဝင်သွားလေတော့သည်။

## ဖွံ့ဖြိုးပြည်မြန်မာ စည်ဖြာလန်းတော့မည်

- လှိုမြောင်စိမ့်စမ်း တင့်လျှမ်းပေါ်ကြွယ်
  ကျောက်သံပတ္တမြား စပါးတောင်လိုနှယ်
  လုပတင့်တယ် ရှုဖွယ်စုံထူး
  ဘုရားစေတီ ဦးခိုက်ရည်
  စိတ်ကြည်ကာရှင်းလို့ ဖူးသည်နှင့်လေး။

- မှန်းမျှော်ရည်စူး ခေတ်ထူးမြန်ပြည်
  အနုသုခုမ များလှပေတော့သည်
  ဆေးရေးပန်းချီ သစ်ပီထင်းလျက်
  ကနုတ်ပန်းခွေ မြန်မာ့မွေ
  အံ့ပေသာဆန်းတင့် လက်သည်နှင့်လေး။

- သာကီမျိုးဆက် ဘုန်းတက်ထွန်းပေ
  ကိုယ်ကျင့်သီလ မြဲပခိုင်စည်ဝေ
  စိတ်ရင်းဖြူဆွေ တင့်ပလှသွေး
  ကောင်းခြင်းမင်္ဂလာ ရွှေမြန်မာ
  ကမ္ဘာကျော်ကာ မွေးသည်နှင့်လေး။

- စီးပွားစိုက်မွေး သွားရေးဆင်ပြေ
  တိုင်းပြည်ချမ်းငြိမ်း ထိန်းသိမ်းကာကွယ်နေ
  ပြည့်ဇာနည်တွေ တို့ပြေ(ပြည်)အသက်
  ချွေးသွေးရင်းတည် ခွန်အားစည်
  တူညီကာလှမ်း၍ တက်သည်နှင့်လေး။

- ကုန်ထုတ်အားစွက် မြှင့်လျက်လှဆင်
  နိုင်ငံ့အရေး လေးပေးလို့ပင်
  တည်ဆောက်ပြုပြင် တစ်ခွင်နယ်ရိုး
  တိုက်တာဆောက်အုံ(ဦ) ပေါ်ပြည့်ပုံ
  နယ်စုံပြန့်ရေး ကြိုးသည်နှင့်လေး။

- မြင်းမိုရ်စည်လျှံကာ ညီညာတန်းတော့သည်။
- ဖွံ့ဖြိုးပြည်မြန်မာ စည်ဖြာလန်းတော့သည်။ ။

**ထာဝရမွန်(ဂုဏ်ထူးတန်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# လမ်းညွှန်စီရင်ထုံးများကပြည့်ွန်းသော ဥပဒေဗဟုသုတများ

စိန်လှိုင်ဗိုလ်

လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပွားပေါ်ပေါက်လေ့ရှိသော အမှုအခင်းများ၌ အိမ်ရှင်၊ အိမ်ငှားအငြင်းပွားမှုများသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ အမှုတစ်ခုတွင် အိမ်ငှားသည် ငှားရမ်းထားသည့် အိမ်ခန်းမှ နှစ်ပေါင်းနှစ်ဆယ်ခန့် ကင်းကွာနေချိန်တွင် မသက်ဆိုင်သူကြားလူတစ်ဦးက အိမ်ပြင်ဆင်ရန်အကြောင်းပြ၍ အိမ်ခန်းကိုဖွင့်ပြီး ပစ္စည်းများထားသည်။ အိမ်ရှင်ကတားမြစ်သည်။ ထို့နောက် အိမ်ခန်းကိုသော့ခတ်သည်။ အိမ်ရှင်ဖြစ်သူက မိမိအိမ်ခန်းကို ကြားလူက လာရောက်ပြင်ဆင်ခြင်းနှင့် ပတ်သက်၍တားမြစ်ခြင်း၊ အိမ်တံခါးပိတ်ထားခြင်းတို့မှာ ပြစ်မှုမြောက်သော အိမ်ကျော်နင်းမှုဖြစ်သည်ဟု ယူဆနိုင်ခြင်း ရှိ၊ မရှိအငြင်းပွားမှုဖြစ်ခဲ့ပါသည်။ တရားစီရင်ထုံးတစ်ခုက ပြစ်မှုမြောက်ခြင်းရှိ၊ မရှိ စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သည့် အမှုတစ်ခုအကြောင်းကို ရေးသားတင်ပြပါဦးမည်။


**အမှုဖြစ်စဉ်အကျဉ်း**

ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ အမှတ် ၈၃ ရှိတိုက်ကို ဦးငြိမ်းလှိုင်ပိုင်ဆိုင်သည်။ ထိုတိုက် အပေါ်ဆုံးထပ်ရှိ အခန်းကို ဦးလှထွန်းဖြူဆိုသူသည် ၁၉၄၇ ခုနှစ်တွင် ငှားရမ်းနေထိုင်၍ ၁၉၅၀ ခုနှစ်ထိ အိမ်လခပေးသည်။ ထို့နောက် အိမ်ခန်းကိုသော့ပိတ်ပြီး အခြားသို့ပြောင်းရွှေ့သွားသည်။ အိမ်ခန်းတွင် နတ်ရုပ်နှင့် နွားရုပ်များ မှလွဲ၍ ပစ္စည်းအားလုံးယူဆောင်သွားသည်။ ဤသို့ အိမ်ခန်းတွင် လူနေထိုင်ခြင်းမရှိသောကြောင့် မီးဖို၊ အိမ်သာ၊ ရေချိုးခန်း အစရှိသည်တို့ ပျက်စီးယိုယွင်းသည်။ ၁၉၇၀ ခုနှစ်တွင် အိမ်ငှားမဟုတ်သော ဦးကျော်မင်းသည် အိမ်ခန်းကိုပြင်ဆင်ရန် အကြောင်းပြ၍ ပစ္စည်းများထားသည်။ ထို့ကြောင့် အိမ်ပိုင်ရှင် ဦးငြိမ်းလှိုင်သည် သွားရောက်တားမြစ်ပြီးလျှင် ၎င်း၏ အိမ်ခန်းကိုသော့ခတ်ထားလိုက်သည်။

ဦးကျော်မင်းသည် ဤသို့ တားမြစ်ခြင်းခံရပြီးနောက် အိမ်ရှင်ဦးငြိမ်းလှိုင်နှင့် အဖော်ပါသူ ဦးစိန်မောင်တို့အပေါ် ပိုင်နက်ကျူးလွန်မှုနှင့် တရားစွဲဆိုသောအခါ မူလရုံးကစွဲချက်မတင်ဘဲ လွှတ်လိုက်သော်လည်း တိုင်းတရားရုံးက စွဲချက်တင်စစ်ဆေးရန် ဆုံးဖြတ်ခဲ့သည်။ တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းသောအခါ စွဲချက်တင်စစ်ဆေးခြင်းမှာ တရားခံအပေါ်တွင် အပြစ်ပေးခြင်းမဟုတ်ဆိုသော်လည်း စွဲချက်တင်ရန် အချက်အလက်များပြည့်စုံမှသာလျှင် စွဲချက်တင်ရန် လိုအပ်မည်ဖြစ်ကြောင်း အလေးပေးစဉ်းစားသင့်သည်မှာ တရားခံအပေါ်တွင်စွဲချက်တင်ခဲ့လျှင် ထိုစွဲချက်နှင့်ပတ်သက်၍ တရားခံသည် ဖြေရှင်းခြင်းမပြုနိုင်ပါက သံသယကင်းရှင်းစွာ အပြစ်ပေးနိုင်ရန် အကြောင်းရှိ၊မရှိကို တရားရုံးချုပ်က စိစစ်ခဲ့ပါသည်။

ယခုအမှုတွင် သက်ဆိုင်သောအိမ်ငှားဖြစ်သူမှာ ဦးလှထွန်းဖြူဖြစ်၍ အိမ်ငှားက အိမ်ရှင်ကိုတရားစွဲဆိုခြင်းမဟုတ်ဘဲ ကြားလူဖြစ်သော ဦးကျော်မင်းက တရားစွဲဆိုခြင်းဖြစ်သည်။ ဦးကျော်မင်းက အိမ်ခန်းပြင်ရန်အတွက် မိမိကို ဦးလှထွန်းဖြူက အခွင့်ပြုကြောင်းတင်ပြသည်။ သို့ရာတွင် ဦးလှထွန်းဖြူက ဦးကျော်မင်းကို အိမ်သော့ပေးသော်လည်း အိမ်ပြင်ရန် အခွင့်မတောင်းပါဟူ၍ ထွက်ဆိုသောကြောင့် ဦးကျော်မင်းသည် အိမ်ငှား ဦးလှထွန်းဖြူထံမှ အိမ်ပြင်ရန် အခွင့်ရရှိကြောင်း ထင်ရှားပေါ်လွင်ခြင်းမရှိပေ။ မည်သို့ပင်ဆိုစေ အမှန်အားဖြင့် **ဦးလှထွန်းဖြူကိုယ်တိုင်ပင်လျှင် အိမ်ကိုပြင်နိုင်ရန်အတွက် အိမ်ရှင်၏ သဘောတူညီချက်မရှိလျှင် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ-၁၁(၁)အရ သက်ဆိုင်သူအာဏာပိုင်ထံမှ အိမ်ခန်းပြင်ဆင်ခွင့်အမိန့်ကို ကြိုတင်ရယူရမည်ဖြစ်ပေသည်။** ၎င်းအမိန့်ရရှိကြောင်း မပေါ်ပေါက်သည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေနှင့် အကျုံးဝင်သော ကျော်နင်းမှုနှင့် အိမ်ကျော်နင်းမှုတို့ကို ၎င်းဥပဒေ ပုဒ်မ-၄၄၁ နှင့် ၄၄၂ တို့တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ ပစ္စည်းလက်ရှိဖြစ်သူကိုခြောက်လှန့်ရန်





သို့မဟုတ် စော်ကားရန် သို့မဟုတ် စိတ်ငြိုငြင်စေရန်ပြုမူခြင်း၊ လူနေအိမ်တွင် တရားမဲ့ဝင်ရောက်၍ ဆက်လက်နေထိုင်ခြင်း စသည်တို့ဖြစ်သည်။ ယခုအမှုတွင် တရားလို **ဦးကျော်မင်းသည် ပစ္စည်းလက်ရှိဖြစ်သူမဟုတ်သော ကြားလူမျှသာဖြစ်သည်။** ထိုအိမ်ခန်းကို မူလကငှားရမ်းခဲ့သော ဦးလှထွန်းဖြူမှာလည်း အိမ်ခန်းနှင့် ကင်းကွာလျက်ရှိသည်မှာ နှစ်ပေါင်း (၂၀) ခန့်ရှိသည်။ ထို့ကြောင့် အိမ်ရှင်ဖြစ်သူက မိမိအိမ်ခန်းကို ဦးကျော်မင်းဆိုသူ လာရောက်ပြင်ဆင်ခြင်းနှင့် ပတ်သက်၍တားမြစ်ခြင်း၊ အိမ်တံခါးပိတ်ထားခြင်းတို့မှာ ပြစ်မှုမြောက်သော အိမ်ကျော်နင်းမှုဖြစ်သည်ဟု မယူဆနိုင်ကြောင်း တရားရုံးချုပ်ကစိစစ်သုံးသပ်ခဲ့သည်။

ဦးကျော်မင်းသည် ယခုအချိန်၌ မြန်မာနိုင်ငံတွင် မရှိတော့ကြောင်းသိရသည်။ သို့ရာတွင် အိမ်ရှင်ဖြစ်သူမှာ အမှုပြီးပြတ်ခြင်းမရှိသေးဘဲ တရားခံအဖြစ် ဖြေရှင်းနေရဆဲပင်ဖြစ်သည်။ ထို့ကြောင့် ဥပဒေအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ တရားမျှတမှုအရဖြစ်စေ၊ အိမ်ရှင် ဦးငြိမ်းလှိုင်တို့နှစ်ဦးအပေါ် စွဲချက်တင်၍ဖြေရှင်းရန် လိုအပ်သည်မဟုတ်သောကြောင့် စွဲချက်တင်စစ်ဆေးရန် ညွှန်ကြားသော တိုင်းတရားရုံးအမိန့်ကို တရားရုံးချုပ်က ပယ်ဖျက်လိုက်ပါသည်။ **ဦးငြိမ်းလှိုင်ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၂၅၆(ခ)** အမှုကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ပါသည်။

နောက်ထပ်တစ်ဖန် ဥပဒေနှင့် ဆင်ခြင်တုံတရားကို အမှုစစ်ဆေးစီရင်ဆုံးဖြတ်ရာတွင် ကျင့်သုံးပြည့်ွန်းခဲ့သော တရားရုံးချုပ်၏ လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကား ရေးသားတင်ပြပါဦးမည်။ ပြစ်မှုကျူးလွန်သူကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၆၂(၁)အရ ခံဝန်ချုပ်ဖြင့်အစမ်းလွှတ်ထားခြင်းအပေါ် ပြစ်ဒဏ်စီရင်ရန် သင့်၊ မသင့်နှင့် ပတ်သက်၍ ဖြစ်ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

မောင်သောင်းရှိန်ဆိုသူသည် အသက် ၁၆ နှစ်မပြည့်သေးသည့် မညွန့်ညွန့်မြင့်ကို သူမ၏အုပ်ထိန်းသူမိဘများသဘောမတူဘဲ ၁၉၇၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျောင်းမှ ခိုးယူခေါ်ဆောင်သွားခဲ့သည်။ နောက်နေ့တွင် တရားရုံး၌ လက်ထပ်စာချုပ် ချုပ်ဆိုပေါင်းသင်းခဲ့သည်။ သက်သေခိုင်လုံသဖြင့် မရမ်းကုန်းမြို့နယ်တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် - ၁၅၁ တွင် မောင်သောင်းရှိန်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၃၆၃ အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၆၂(၁) အရ ၅၀၀ ကျပ်တန် အာမခံသူနှစ်ဦးနှင့် နှစ်နှစ်အတွင်း ကောင်းမွန်စွာနေထိုင်ရန် ခံဝန်ချုပ် ချုပ်ဆိုစေခဲ့သည်။

မညွန့်ညွန့်မြင့်၏မိခင် ဒေါ်ခင်ညွန့်က ထိုအမိန့်ကိုပယ်ဖျက်၍ ထိုက်သင့်ဟန့်တားလောက်သော ပြစ်ဒဏ်ချမှတ်ပေးပါရန် မရမ်းကုန်းမြို့နယ်ရုံးထိုင် ရန်ကုန်တိုင်းတရားရုံး၌ ၁၉၇၃ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် - ၄၀ အရ လျှောက်ထားသည်။ တိုင်းတရားရုံးက မောင်သောင်းရှိန်သည် ပထမအကြိမ်ကျူးလွန်ပုံရခြင်းနှင့် မိန်းကလေး၏ သဘောတူညီချက်နှင့် ခေါ်သွားခြင်းဖြစ်ခြင်းကြောင့် ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ်လွှတ်ထားခြင်းမှာ လျော်ကန်သည်ဟုဆုံးဖြတ်၍ ပြင်ဆင်မှုကိုပလပ်ပြီး မူလရုံးအမိန့်ကိုအတည်ပြုခဲ့သည်။

ဒေါ်ခင်ညွန့်က မကျေနပ်သဖြင့် ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်ရေးအတွက် ဗဟိုတရားရုံးတွင် ပြင်ဆင်မှုတင်သွင်းလျှောက်ထားကာ ထပ်မံအရေးဆိုသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၃ အရ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့်ပတ်သက်၍ သက်သေခိုင်လုံသည့်အပြင် မည်သည့်ဘက်ကမျှ အငြင်းမပွားသဖြင့် ဤပြင်ဆင်မှုတွင် အထူးတလည်ဖော်ပြရန် အကြောင်းမရှိကြောင်း၊ မှုခင်းအခြေအနေအရ ပြစ်ဒဏ်စီရင်ရန် သင့်၊ မသင့်ကိုသာ ဝေဖန်သုံးသပ်၍ ဆုံးဖြတ်ရန်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်ခဲ့ပါသည်။

ပထမအကြိမ်ကျူးလွန်ခြင်း၊ ရက်စက်ဟော့ရမ်းကြမ်းတမ်းမှုမပါဝင်ခြင်းစသည့် အချက်များသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ- ၅၆၂(၁) အရ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ်လွှတ်ထားရန်သင့်၊ မသင့်စဉ်းစားရာ၌ ထည့်သွင်းစဉ်းစားထိုက်သော အချက်များဖြစ်သည်မှာမှန်ကြောင်း၊ သို့ရာတွင် ယခုအမှု၌ အလေးအနက်ထား၍စဉ်းစားသင့်သော အခြားအချက်များလည်းရှိနေကြောင်း ဝေဖန်သုံးသပ်ခဲ့ပါသည်။ လျှောက်ထားခံရသူ မောင်သောင်းရှိန်သည် အသက် ၂၇ နှစ်ရှိပြီး တက္ကသိုလ်မှ ဘွဲ့ရပြီးသူတစ်ယောက်ဖြစ်သဖြင့် အတွေးအခေါ်ရင့်ကျက်သင့်ပေပြီ။ အရွယ်မရောက်သေး၍ အတွေ့အကြုံဗဟုသုတနည်းပြီး ဆင်ခြင်တုံတရားမရှိသည့်မိန်းကလေးကို ထိုမိန်းကလေး၏ အုပ်ထိန်းသူမိဘများသဘောမတူဘဲ ခိုးယူပေါင်းသင်းခြင်းမပြုနိုင်ကြောင်း သိသင့်သော အခြေအနေရှိပါလျက်နှင့် မောင်သောင်းရှိန်သည် ဇွတ်လုပ်ခဲ့သည်။

မိဘများက ခင်မင်ရင်းနှီးသူဖြစ်၍ ယုံကြည်စိတ်ချစွာဖြင့် သမီးငယ်ကိုစာပြပေးရန် အပ်နှံထားသည်ကို ကောင်းသောလမ်းညွှန်မှုပေးကာ သွန်သင်ဆုံးမည့်အစား မတရားအခွင့်အရေးယူ၍ ကာမမှောင်အတွင်းသို့ ဆောင်ကြဉ်းသွားခဲ့သည်။ မောင်သောင်းရှိန်သည် မိန်းကလေးဒုက္ခမရောက်အောင် အလိုလိုက်ကာ ကူညီစောင့်ရှောက်ခဲ့ခြင်းသာဖြစ်ပါသည်ဟုတင်ပြသည်။ သို့ရာတွင် သဘောရိုးဖြစ်ခဲ့လျှင် မိန်းကလေး၏မိဘများကို အသိပေး၍ လမ်းမှားနေသောမိန်းကလေးကို လမ်းမှန်သို့ ပို့သင့်သည်။

မောင်သောင်းရှိန်သည် မိဘများကိုအသိမပေးဘဲ မိမိ၏ကိုယ်ကျိုးကိုသာကြည့်၍ တစ်ဖက်သက်ဆောင်ရွက်ခဲ့သဖြင့် မိန်းကလေး၏ဘဝနစ်နာရပေသည်။ မိဘများမှာလည်း ယူကျုံးမရဖြစ်ရပေသည်။ ဆင်ခြင်တုံတရားမရှိသေးသည့် ငယ်ရွယ်သူမိန်းကလေးတစ်ဦး၏ ဘဝလုံခြုံမှုထိခိုက်ပျက်ပြားစေခြင်းသည် လူမှုရေးအရ မလိုလားအပ်သည့် အကြောင်းတစ်ရပ်ဖြစ်ပေသည်။ ဤကဲ့သို့သော ပြစ်မှုမျိုးကို နောက်ထပ်၍လက်ရဲဇက်ရဲမကျူးလွန်စေရန် ဥပဒေနှင့်အညီ နမူနာပြပြစ်ဒဏ်စီရင်ထိုက်သည်ဟု ကျွန်ုပ်တို့ယူဆသည်ဟု ဆင်ခြင်သုံးသပ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ - ၅၆၂ (၁)အရ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ်လွှတ်ထားခြင်းမှာ သက်ညှာလွန်းရာရောက်ကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့ပါသည်။ ထို့ကြောင့် ပြင်ဆင်မှုကို ခွင့်ပြု၍ အောက်ရုံးက မောင်သောင်းရှိန်အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၆၂(၁)အရ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ်လွှတ်ထားစေရန် ချမှတ်ခဲ့သော အမိန့်ကိုပယ်ဖျက်ပြီးလျှင် မောင်သောင်းရှိန်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၃ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ နှစ်နှင့် ၆ လကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့ပါသည်။ **ဒေါ်ခင်ညွန့်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးသောင်းရှိန်) ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် -၁၃၄(ခ)** ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တန့်ဆည်မြို့နယ်တွင် မတ်ပဲကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ရေဦး ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် မတ်ပဲကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲကေ ၁၉၀၄၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲကေ ၁၉၀၄၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာတော့ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှား ရောဂါ ကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လဲချားမြို့နယ် ဝမ်ကန်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းစစ်ဆေး

**လဲချား ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဝမ်ကန်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ခန်းမကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

ဝမ်ကန်ကျေးရွာ၌ အလျား ၃၆ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် နှစ်သန်း စုစုပေါင်းငွေကျပ် ၁၇ သန်း အသုံးပြု၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးပါက ဝမ်ကန်ကျေးရွာရှိ ဒေသခံပြည်သူများ၏ သာရေးနာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စများအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးသူ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးဖယ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို စနစ်တကျ သန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ငါးဖယ်ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးဖယ်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလ ပထမပတ် လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့မှုများပြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းအနေနဲ့ ငါးဖယ်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုတင်ပို့တဲ့ ငါးဖယ်တွေက အရည်အသွေးကောင်းမွန်ပါတယ်။ ရန်ကုန်ဈေးကွက်က ဇန်နဝါရီလထဲမှာလဲ ငါးဖယ်တွေ မှာယူမှုများပြားနေပါတယ်။ အခုလို ငါးဖယ်တွေကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန် အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးဖယ် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ကျောက်ပုံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပုံကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကျောက်ပုံကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကျောက်ပုံကျေးရွာတွင် ကျေးလက်ရေရရှိရေး အကျယ်လေးလက်မ၊ အနက်ပေ ၅၀ ရှိ တွင်းတိမ်သုံးတွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေစုကန် တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း၊ ရေတင်ပိုက်လိုင်း ပေ ၁၇၀၀ သွယ်တန်းခြင်းနှင့် လျှပ်စစ်မီးလိုင်း ပေ ၁၆၀၀ သွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၇၄ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် ဇွန်လဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၂၀၊ လူဦးရေ ၆၈၀ အတွက် ရာသီမရွေးသောက်သုံးရေအခက်အခဲများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

# စလင်းမြို့နယ် ကံပြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကံပြားကျေးရွာအုပ်စု ကံပြားကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ ကံပြားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၆ ဦးကို ငွေကျပ် ၃၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ကျွန်တော်နှင့် ဒေါ်နယ်ထရန့်

မန္တလာကိုကိုဝင်း



၂၀၂၅ ခုနှစ်ဆန်းတစ်ရက်နေ့မှာ စာအုပ်တစ်အုပ်ဝယ်ခဲ့ပါတယ်။ စာအုပ်က ဘာသာပြန်စာအုပ်ပါ။ "ကြီးကြီးမားမားစဉ်းစားပြီး ကျားကုတ်ကျားခဲလုပ်" မူရင်းရေးသားသူက ဒေါ်နယ်ထရန့်ပါ။ ဘာသာပြန်သူက မြင့်နောင်ပါ။ မူရင်းခေါင်းစဉ်က "TRUMP THINK BIG"ပါ။

ဆောင်းပါးခေါင်းစဉ်က ကျွန်တော်နဲ့ ဒေါ်နယ်ထရန့်လို့ရေးထားတော့ ကျွန်တော်နဲ့ ဒေါ်နယ်ထရန့်ကပဲ မိတ်ဆွေရင်းချာလိုလို၊ ဘာလိုလို။

တကယ်တော့ ဒေါ်နယ်ထရန့်ကို ကျွန်တော်အရင်ကမသိပါဘူး။ သူ့ကို ကျွန်တော်သိတာက သူ့ရဲ့မျိုးချစ်စိတ်ဓာတ်ကြောင့်ပါ။ သူရဲ့ပထမဆုံးရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တုန်းက ပြိုင်ဘက်က ဟီလာရီကလင်တန်ပါ။ လူတော်တော်များများက ဟီလာရီကလင်တန်ပဲနိုင်မယ်လို့ အပြောများပါတယ်။

ကျွန်တော်က သူတို့အဖြေမထွက်ခင်ကတည်းက ဒေါ်နယ်ထရန့်နိုင်မယ်လို့ပဲ ကျွန်တော့်ဖေ့ဘုတ်မှာ ရဲရဲဝံ့ဝံ့ရေးခဲ့ပါတယ်။

ဒေါ်နယ်ထရန့်ကို ဘာကြောင့်နိုင်မှာလို့ပြောရပါသလဲဆိုရင် သူ့နိုင်ငံဟာ ပထမနေရာမှာပဲရှိရမယ်လို့ ကြွေးကြော်ထားတဲ့သူ့ရဲ့မျိုးချစ်စိတ်ဓာတ်ကြောင့်ပါ။

မျိုးချစ်စိတ်ဓာတ် အလုပ်မဖြစ်တော့ဘူးလို့ လူပြောများနေတဲ့အချိန်မှာ ကျွန်တော်က မျိုးချစ်စိတ်ဓာတ်ကိုဖက်တွယ်ထားဆဲပါပဲ။ မျိုးချစ်စိတ်ဓာတ်မရှိတော့ရင် အဲဒီနိုင်ငံရေရှည်တည်တံ့ဖို့ဆိုတာ ခက်ခဲမှာပါ။ နောက်တစ်ချက် ကျွန်တော်စဉ်းစားမိတာကလဲ အမေရိကန်နိုင်ငံဟာ ကမ္ဘာပေါ်မှာနံပါတ်တစ်နေရာမှာရပ်နေတာပါ။ အဲလိုရပ်တည်နေနိုင်တဲ့ လျှို့ဝှက်ချက်ကဘာလဲ။ မျိုးချစ်စိတ်ဓာတ်ပါပဲ။

အမေရိကန်နိုင်ငံသားအများစုမှာ မျိုးချစ်စိတ်ဓာတ်ရှိနေသေးရင် မျိုးချစ်စိတ်ဓာတ်ပြည့်ဝတဲ့ ဒေါ်နယ်ထရန့်ကို မဲပေးကြမှာအမှန်ပဲလို့ ယုံကြည်မိလို့လဲကျွန်တော်က ဒေါ်နယ်ထရန့်နိုင်မယ်လို့ ကြိုပြီးပြောထားတာပါ။

ကျွန်တော်တွက်ကိန်းမှန်ခဲ့ပါတယ်။ တကယ်လဲ ဒေါ်နယ်ထရန့်နိုင်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့ ၄၅ ယောက်မြောက် သမ္မတဖြစ်လာခဲ့ပါတယ်။ ဒါက အားလုံးသိပြီးသားအကြောင်းအရာပါပဲ။

အခု ၂၀၂၅ ခုနှစ်မှာလဲ ဒေါ်နယ်ထရန့်ဟာ ဒုတိယအကြိမ်သမ္မတဖြစ်ပြီး ဇန်နဝါရီ ၂၀ ရက်မှာတော့ အမေရိကန်နိုင်ငံရဲ့ ၄၇ ယောက်မြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပါတယ်။

သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို လွှတ်တော်အဆောက်အအုံမှာ ကျင်းပခဲ့ကြောင်း သိရတယ်။ သူ့နိုင်ငံသားတွေအနေနဲ့ ဝမ်းသာအားရဖြစ်စေမဲ့ အမိန့်များထုတ်ပြန်မှုကိုတွေ့မြင်ရစေမယ်လို့ ပြောကြားခဲ့ပါတယ်။

ကျွန်တော်က သူရေးသားတဲ့အကြောင်းအရာတွေကိုဖတ်လိုက်တော့ သူ့ရဲ့စိတ်ဓာတ်နဲ့စွမ်းဆောင်ရည်ဟာ တကယ်ပဲ လေးစားအတုယူဖွယ်ကောင်းတယ်လို့စိတ်ထဲမှာ ထင်မြင်လာမိပါတယ်။ မြန်မာပြန်ဆိုပေးတဲ့ ဆရာမြင့်နောင်ရဲ့ ဘာသာပြန်ဆိုမှုကလဲ လက်ကမချနိုင်အောင်ပါပဲ။

စာအုပ်သည် ဒေါ်နယ်ထရန့်၏ အတွေ့အကြုံနှင့် ဆုံးဖြတ်ချက်များကို သူကိုယ်တိုင်ချမှတ်၊ ရုန်းကန်ကြိုးစားခဲ့ရသော နှစ်ကာလများကို ပုံဖော်ထားခြင်းဖြစ်သည်။

ကမ္ဘာမှာ အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီးလုပ်ငန်းရှင်၊ အမေရိကန်မှာ အာဏာအရှိဆုံးသမ္မတဆိုတော့ သူ့ဘဝမှာအောင်မြင်မှုတွေချည်းပါပဲ။

ဒါ့ကြောင့် အတုယူထိုက်ပါတယ်။ စာရေးသူကတော့ သူချမ်းသာခြင်း၊ အာဏာရှိခြင်းဆိုတာထက် သူ့နိုင်ငံသူ့လူမျိုးအပေါ်မှာ မျိုးချစ်စိတ်ဓာတ်ရှိတာကိုသာ ရေးသားဖော်ပြထားပါတယ်။ လူတချို့က မျိုးချစ်စိတ်ဓာတ်ဆိုတာကို အစွန်းရောက်စိတ်ဓာတ်လို့ ပြောချင်ကြပါတယ်။

အလွန်အကျွံ အစွန်းရောက်သွားရင်လဲ မကောင်းပါဘူး။ ဒါပေမယ့် ဘယ်နိုင်ငံမှာမဆို မိမိနိုင်ငံ၊ မိမိလူမျိုးကိုချစ်ရမဲ့ မျိုးချစ်စိတ်ဓာတ်ဆိုတာ ရှိကိုရှိနေရပါမယ်။

မျိုးချစ်စိတ်ဓာတ်ရှိနေသူနဲ့ မျိုးချစ်စိတ်ဓာတ်မရှိတဲ့သူတွေ ရောနှောနေရင်လဲ အဲဒီနိုင်ငံတိုးတက်မှုနှေးကွေးနေမှာပါပဲ။ ဒေါ်နယ်ထရန့် ပထမအကြိမ်သမ္မတတာဝန်ထမ်းဆောင်စဉ်တုန်းက သူ့နိုင်ငံရဲ့နယ်စပ်ခြံစည်းရိုးကို ခိုင်ခိုင်မာမာကာရံခဲ့ပါတယ်။ အဲဒီလုပ်ငန်းတွေ ပြည့်ပြည့်ဝဝ မပြီးမြောက်ခင်မှာဘဲ သမ္မတတာဝန်ကုန်ဆုံးတဲ့အတွက် နိုင်ငံ့ခြံစည်းရိုးကာရံတဲ့လုပ်ငန်းမပြီးခဲ့ပါဘူး။

ဒီကနေ့လူငယ်မောင်မယ်တွေအတုယူဖို့အတွက် ဒေါ်နယ်ထရန့်ရဲ့အကြောင်းကို အကျဉ်းချုပ်ပြောပြချင်ပါတယ်။ ထရန့်ဟာ ကျောင်းပြီးပြီးချင်းမှာပဲ သူ့အဖေရဲ့အိမ်ခြံမြေရောင်းဝယ်ရေးကုမ္ပဏီမှာ အလုပ်ဝင်တယ်။ ၁၉၇၁ ခုနှစ်မှာ အိမ်ရာဆောက်လုပ်ခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းတွေလုပ်ရင်း ကုမ္ပဏီဥက္ကဋ္ဌဖြစ်လာပါတယ်။

၁၉၈၃ ခုနှစ် စက်တင်ဘာလထဲမှာ နယူးဂျာစီဘောလုံးအသင်းကို ဝယ်ယူလိုက်ပါတယ်။ ၁၉၈၄ ခုနှစ်မှာတော့ ထရန့်ပလာဆာ၊ ဟိုတယ်နှင့်ကာစီနိုဝိုင်းတွေ ဖွင့်ပါတယ်။ ၁၉၈၅ ခုနှစ်မှာ ဖလော်ရီဒါကမ်းခြေရှိ မာရာလာပိုနယ်မြေဒေသကို လက်ဝယ်ပိုင်ဆိုင်ပါတယ်။ ဘားတွေ၊ ကလပ်တွေဆောက်တယ်။

၁၉၈၈ ခုနှစ်မှာ Eastern Airlines ကိုဝယ်ယူခဲ့ပါတယ်။ ထရန့်အနေနဲ့ ဒေါ်လာသန်းပေါင်း ၉၀၀ အကြွေးတင်ရှိမှုကိုလျှော့ချဖို့အတွက် ၁၉၉၁ ခုနှစ်မှာ သူဝယ်ယူထားတဲ့ ထရန့်လေကြောင်းလိုင်းကို ပြန်လည်ရောင်းချခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ထရန့်ဟာ မယ်စကြဝဠာရွေးပွဲကိုလဲ ပိုင်ဆိုင်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်မှာ NBC ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းကိုလဲ ပိုင်ဆိုင်လာပြန်ပါတယ်။ ရုပ်မြင်သံကြားမှတစ်ဆင့် မယ်စကြဝဠာရွေးပွဲကို ထုတ်လုပ်ပြသခဲ့ခြင်းကြောင့် ဟောလိဝုဒ်ရုပ်ရှင်လုပ်ငန်းမှာလဲ ပေါက်မြောက်အောင်မြင်လာခဲ့ပြန်ပါတယ်။ ဒါတွေဟာ ၂၀၁၅ ခုနှစ် ဇွန်လထိ အကျဉ်းမျှဖော်ပြထားတာဖြစ်ပါတယ်။

ဒေါ်နယ်ထရန့်ဟာ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်ထိ အမေရိကန်နိုင်ငံရဲ့ ၄၅ ယောက်မြောက် သမ္မတဖြစ်လာခဲ့ပြီး ယခုတစ်ဖန် ၂၀၂၅ ခုနှစ်မှာ အမေရိကန်နိုင်ငံရဲ့ ၄၇ ယောက်မြောက် သမ္မတဖြစ်လာခဲ့ပါတယ်။ ဒေါ်နယ်ထရန့်ဟာ ဒီနေ့ခေတ်ကာလမှာတော့ တကယ့်ကို အတုယူစရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲဖြစ်ပါတယ်။

ဒီလိုအကြောင်းအရာတွေဟာ ဘာသာပြန်ဆိုသူတွေရှိလို့သာ ကျွန်တော်တို့ အလွယ်တကူသိရှိရတာဖြစ်ပါတယ်။ ဘာသာပြန်ဆိုသူရဲ့မေတ္တာစေတနာကို လေးစားတန်ဖိုးထားမိပါတယ်။

ကျွန်တော် ဒီဆောင်းပါးကိုရေးသားတာဟာ အထက်မှာပြောခဲ့သလိုပါပဲ ဒေါ်နယ်ထရန့်ရဲ့ သူ့နိုင်ငံ၊ သူ့လူမျိုးကိုချစ်တဲ့ မျိုးချစ်စိတ်ဓာတ်ကို အလွန်သဘောကျနေချိန်မှာ ဒီစာအုပ်ကို ဖတ်လိုက်ရတာဖြစ်ပါတယ်။ လူငယ်မောင်မယ်တွေကိုလဲ ဒေါ်နယ်ထရန့်လို တိုးတက်ကြီးပွားအောင်လုပ်ဆောင်နိုင်ကြစေချင်တာရယ်၊ နိုင်ငံနဲ့ လူမျိုးအတွက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေစေချင်တာရယ်ကြောင့် ရေးလိုက်ရခြင်းဖြစ်ပါတယ်။

နိုင်ငံသားတိုင်းဟာ ကိုယ့်နိုင်ငံကိုယ်ချစ်နေကြရမှာပါ။ ကိုယ့်နိုင်ငံကိုယ်မချစ်ရင်သူများက လာချစ်သွားမှာ သူများချစ်တာခံရတာဆိုလို့ သမီးရည်းစားဘဝ၊ ဇနီးမောင်နှံဘဝပဲကောင်းပါတယ်။ သူများက လာချစ်တယ်ဆိုတာ သူတို့ရဲ့ကောင်းကျိုးကိုပုံဖော်ဖို့ သက်သက်ပါပဲ။ နိုင်ငံရဲ့သယံဇာတတွေကိုမက်မောလို့၊ ဒါမှမဟုတ်ရင် မြန်မာနိုင်ငံကိုအခြေပြုပြီး တခြားပြိုင်ဘက်နိုင်ငံတွေကို ထိန်းချုပ်ဖို့ပါပဲ။

ဆရာမြင့်နောင်ဘာသာပြန်ထားတဲ့ ဒေါ်နယ်ထရန့်စာအုပ်မှာ အခန်းခြောက်ခန်းပါဝင်ပါတယ်။ အခန်းတိုင်းက စိတ်ဝင်စားဖွယ်၊ အတုယူဖွယ်ကောင်းလှပါတယ်။ ပထမဆုံးအခန်းမှာ THINK BIG AND KICKASS IN BUSINESS AND LIFE ဘဝမှာ ကြီးကြီးမားမား စဉ်းစားပြီး ကျားကုတ်ကျားခဲလုပ်ပါတဲ့။

ကျွန်တော်တို့တစ်တွေ ဘာကြောင့်အောင်မြင်မှုနဲ့အလှမ်းဝေးရသလဲဆိုရင် ဘယ်အရာ၊ ဘယ်အလုပ်မဆို ကျားကုတ်ကျားခဲမလုပ်ကြသေးလို့ဖြစ်ပါတယ်။

ကာလမျိုးတွင် မဟာအောင်မြင်မှုအားလုံး၏အရင်းခံတွန်းအားသည် အကြံအစည်ကြီးမားကျယ်ပြန့်ခြင်းပင်ဖြစ်သည်။ မိုးမျှော်အဆောက်အအုံမှသည် သိပ္ပံပညာနှင့်နည်းပညာတို့၏ အံ့ဖွယ်တွေ့ရှိချက်များ၊ ဆေးပညာအပါအဝင် မဟာစက်မှုဆိုင်ရာခုန်ပျံကျော်လွှားမှုအစီအစဉ်များနှင့် စစ်ဘက်ဆိုင်ရာစွမ်းရည်မြင့်မားမှုရရှိခြင်းသည် အကြံကြီးခြင်းကြောင့်ပင်ဖြစ်သည်။ အကြံအစည် အမြော်အမြင်ကြီးမားခြင်းသည် မေတ္တာတရားကိုဖန်တီး၏။ ရှည်လျားသောမိတ်ဆွေဖြစ်ခြင်းကိုရရှိစေ၏။" တကယ်တော့ နိုင်ငံရေး၊ စီးပွားရေး စသည့်နယ်ပယ်များတွင် အောင်မြင်သူများမှာ စည်းစနစ်တကျနဲ့စိတ်ပိုင်းဖြတ်ထား၍ ခိုင်မာသူတွေသာဖြစ်တယ်။ အခက် အခဲတွေကိုကျော်လွှားပြီး ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရသူတွေဖြစ်တယ်။ ချန်ပီယံမှန်သမျှဟာ ကြီးကြီးမားမား ကြံစည်လုပ်ကိုင်ပြီးနောက် ပန်းတိုင်မြင့်မြင့်ထားခဲ့ကြသူတွေပါ။ ဒါကို လူငယ်တွေအတုယူစေချင်ပါတယ်။

အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ကြီးကြီးကျယ်ကျယ် စဉ်းစားတွေးခေါ်တတ်တဲ့သဘောထားနဲ့အလုပ်ကိုလုပ်ပါ။ ဘဝတစ်လျှောက်လုံး စဉ်းစားတွေးခေါ်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဘယ်လိုအလုပ်အကိုင်မျိုးဖြစ်စေ ပထမတန်းစားအတွေးအခေါ် အမြော်အမြင်နဲ့သာလုပ်ဆောင်ရပါမယ်။

ကြီးကျယ်တဲ့ အတွေးအခေါ်ပညာရှင်တွေဟာ အကောင်းမြင်နိဂုံးနဲ့ အဆုံးသတ်ပါတယ်။ နေ့စဉ်စရမဲ့ အတွေးအမြင်မှာ "ယနေ့သည်လည်း အခွင့်အလမ်းများနှင့် ကောင်းမြတ်သောနေ့ဖြစ်သည်။ အသက်ရှင်နေထိုင်သော အရပ်သည်လည်း ကောင်းမြတ်ခြင်းနှင့် ပြည့်စုံပါပေ၏။ ယနေ့အဖို့ အသက်ရှင်ခြင်းသည်လည်း ကြီးမြတ်ခြင်းပင်။ ယနေ့အဖို့ များပြားလှသောအခွင့် အလမ်းများက မိမိ၏အောင်မြင်သောနေ့ ဖြစ်စေဖို့သာဖြစ်၏"တဲ့။

**❖ ဒေါ်နယ်ထရန့်ဟာ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်ထိ အမေရိကန်နိုင်ငံရဲ့ ၄၅ ယောက်မြောက်သမ္မတဖြစ်လာခဲ့ပြီး ယခုတစ်ဖန် ၂၀၂၅ ခုနှစ်မှာ အမေရိကန်နိုင်ငံရဲ့ ၄၇ ယောက်မြောက် သမ္မတဖြစ်လာခဲ့ပါတယ်။ ဒေါ်နယ်ထရန့်ဟာ ဒီနေ့ခေတ်ကာလမှာတော့ တကယ့်ကို အတုယူစရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲဖြစ်ပါတယ်။ ဒီလိုအကြောင်းအရာတွေဟာ ဘာသာပြန်ဆိုသူတွေရှိလို့သာ ကျွန်တော်တို့အလွယ်တကူသိရှိရတာဖြစ်ပါတယ်။ ဘာသာပြန်ဆိုသူရဲ့မေတ္တာစေတနာကို လေးစားတန်ဖိုးထားမိပါတယ်။ ❖**

အောင်မြင်တဲ့သူတွေကိုမဆိုလိုပါဘူး။ ငုပ်မိသဲတိုင်တက်နိုင်ဖျားရောက် ဆိုစကားလိုမျိုးအလုပ်တစ်ခုခု၊ ပညာရပ်တစ်ခုခုကို စွဲစွဲမြဲမြဲပြီးမြောက်အောင်မြင်အောင်လုပ်ကြဖို့ လိုအပ်ပါတယ်။

ဒီစာအုပ်ထဲမှာပါတဲ့ အချက်တွေထဲကနေ ကျွန်တော်နှစ်သက်တာတွေကို ထုတ်နှုတ်မှတ်သားထားပါတယ်။ အများအတွက် အကျိုးရှိမယ်လို့ထင်ပါတယ်။ ကျွန်တော်တစ်ယောက်ထဲ မှတ်ထားသည်ထက် လူငယ်မောင်မယ်တွေကို သိရှိစေချင်ပါတယ်။ နောင်တစ်ခေတ်ကို နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ဦးဆောင်ကြရမဲ့ လူငယ်တွေကိုရည်ရွယ်ပြီး ကျွန်တော်ကောက်နုတ်ချက်တွေကို ပြန်လည်မျှဝေချင်ပါတယ်။

ဒေါ်နယ်ထရန့်က "မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ အကြံကြီးကြံစည်ရာ၏။ ယနေ့ခေတ်

ကျွန်တော်တို့နိုင်ငံမှာရှိနေကြတဲ့ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ဒေါ်နယ်ထရန့်လိုမျိုး နိုင်ငံကိုချစ်တဲ့သူတွေ ဖြစ်အောင်ကြိုးစားကြစေချင်တယ်။ ဒေါ်နယ်ထရန့်လို ကြီးပွားချမ်းသာစေချင်တယ်။ ကြီးပွားချမ်းသာအောင် ကြိုးစားကြစေချင်တယ်။ ဒေါ်နယ်ထရန့်လို အမြင့်ဆုံးရာထူးရရှိအောင် ကြိုးစားကြစေချင်တယ်။

ဒါကတော့ ဆရာမြင့်နောင် မြန်မာပြန်ဆိုထားတဲ့ ဒေါ်နယ်ထရန့်ရဲ့" ကြီးကြီးမားမားစဉ်စားပြီး ကျားကုတ်ကျားခဲလုပ်"ဆိုတဲ့ စာအုပ်ကိုဖတ်မိရင်း လူငယ်မောင်မယ်တွေအတွက် ဖြစ်စေချင်တဲ့ဆန္ဒကို ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါတယ်။

**ကိုးကား**

**- မြင့်နောင်-မြန်မာပြန် "ကြီးကြီးမားမား စဉ်းစားပြီး ကျားကုတ်ကျားခဲလုပ်"**

# သြစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်း အပူလှိုင်းဖြတ်သန်းကာ တောမီးအန္တရာယ်စိုးရိမ်ရ



**ကင်ဘာရာ ဇန်နဝါရီ ၂၈**

သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်အပါအဝင် အရှေ့တောင်ဘက်ပိုင်း ပြည်နယ်များတွင် ဇန်နဝါရီ ၂၇ ရက်မှစ၍ အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်နေကာ တောမီးအန္တရာယ်မှာ စိုးရိမ်ရသည့် အခြေအနေဖြစ်ကြောင်း သြစတြေးလျ မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သြစတြေးလျနိုင်ငံတွင် နွေရာသီရောက်တိုင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လေ့ရှိရာ အရှေ့တောင်ဘက်ပိုင်း ပြည်နယ်များတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မှာ ၄၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ အပူချိန်အမြင့်ဆုံး မြင့်တက်နေသည့်ပြည်နယ်မှာ ဗစ်တိုးရီးယားပြည်နယ်ဖြစ်ပြီး ဗစ်တိုးရီးယားပြည်နယ် မဲလ်ဘုန်းမြို့တွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေသဖြင့် သက်တမ်းတစ်လျှောက် အပူချိန်အမြင့်မားဆုံးသော ဇန်နဝါရီလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

"သြစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်း ပြည်နယ်တွေမှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်တွေ မြင့်တက်နေပါတယ်။ ဗစ်တိုးရီးယားပြည်နယ်၊ နယူးဆောက်ဝေးပြည်နယ်၊ ကွင်းစလန်းပြည်နယ်တို့မှာ အပူချိန်မြင့်တက်နေတယ်။ အနောက်သြစတြေးလျပြည်နယ်နဲ့ မြောက်ပိုင်းနယ်မြေတွေမှာလဲ အပူချိန်စတင်မြင့်တက်နေပါတယ်။ ဗစ်တိုးရီးယားပြည်နယ်မှာတော့ တောမီးလောင်ကျွမ်းမှုတွေ စတင်နေပြီးတော့ တောမီးအန္တရာယ် ဒုတိယအမြင့်ဆုံးအခြေအနေအဖြစ် သတ်မှတ်ထားပါတယ်"ဟု သြစတြေးလျ မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နာရာမိုးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# မိုဇမ်ဘစ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သီးနှံစိုက်ခင်းများရေလွှမ်းမိုးခဲ့ပြီး လူအများအပြား နေအိမ်တွင်ပိတ်မိနေ

**မာပူတို ဇန်နဝါရီ ၂၈**

မိုဇမ်ဘစ်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် နိုင်ငံတောင်ပိုင်းရှိ အဓိကမြစ်ကြီးနှစ်စင်းတွင် ရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ သီးနှံစိုက်ခင်းများ ရေလွှမ်းမိုးခဲ့ပြီး လူအများအပြားလည်း နေအိမ်များတွင် ပိတ်မိနေကြောင်း သက်ဆိုင်ရာအာဏာပိုင်များ၏ ဇန်နဝါရီ ၂၇ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုဇမ်ဘစ်နိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် အဓိကမြစ်ကြီးနှစ်စင်းတွင် မြစ်ရေလျှံတက်မှုများ ဖြစ်ပေါ်လျက်ရှိရာ မြို့တော်မာပူတိုမြို့၏ မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာရှိ ချီဘူတိုခရိုင်အတွင်း စိုက်ခင်းဧရိယာ ဟက်တာ ၂၀၀၀ ခန့် ရေနစ်မြုပ်လျက်ရှိပြီး လူဦးရေ ၆၀၀၀ ခန့် ရေကြီးရေလျှံမှုဧရိယာအတွင်း ပိတ်မိလျက်ရှိရာ စားနပ်ရိက္ခာပြတ်လပ်မည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။



မိုဇမ်ဘစ်နိုင်ငံတွင် ရေကြီးရေလျှံမှုများသည် အောက်တိုဘာလမှ ဧပြီလအတွင်း ဖြစ်ပေါ်လေ့ရှိပြီးဒီဇင်ဘာလအတွင်းက ဖြစ်ပေါ်ခဲ့သော လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် အာဖရိကတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ပိုမိုဖြစ်ပေါ်ကာ အခြေအနေများ ပိုမိုဆိုးရွားလာခဲ့ကြောင်း၊ မိုဇမ်ဘစ်နိုင်ငံအတွင်းသာမက အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘော့ဆွာနာ၊ ဇင်ဘာဘွေ၊ တောင်အာဖရိကနိုင်ငံများပါ ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် သေဆုံးမှု မရှိသေးသော်လည်း ရေဆိုးများဝင်ရောက် ပျံ့နှံ့နိုင်သည့် အခြေအနေမှကာကွယ်ရန် အဆိုပါဒေသအတွင်း အစိုးရက ရေသန့်စင်စက်များ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ မြစ်ရေလျှံတက်မှုသည် သုံးရက်ခန့် ကြာမြင့်နိုင်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် စစ်တမ်းကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း ချီဘူတိုခရိုင် အုပ်ချုပ်ရေးမှူး ဆာဂျီယိုမိုရာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : AZH

# နော်ဝေအစိုးရက စွန့်ပစ်ကာဗွန်ဖမ်းယူသိုလှောင်ရေးစီမံကိန်းကို ပြန်လည်စတင်သွားမည်

**အော့စ်လို ဇန်နဝါရီ ၂၈**

နော်ဝေနိုင်ငံ အော့စ်လိုမြို့တွင် စွန့်ပစ်ကာဗွန် ဖမ်းယူသိုလှောင်ရေးစီမံကိန်းကို ရပ်ဆိုင်းထားသည်မှာ နှစ်နှစ်တာကာလကြာမြင့်ခဲ့ပြီးနောက် ၂၀၂၅ ခုနှစ်အတွင်း ၎င်းစီမံကိန်းကို ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း နော်ဝေအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းကို Aker Solutions အင်ဂျင်နီယာအုပ်စုက ဆောင်ရွက်နေခြင်းဖြစ်ပြီး ၎င်းစီမံကိန်းတန်ကြေးမှာ အမေရိကန်ဒေါ်လာ ၃၅၅ ဒသမ ၇၂ သန်း ကုန်ကျစရိတ်ကြောင့် ယာယီရပ်ဆိုင်းထားရသော စီမံကိန်းလည်း ဖြစ်ကြောင်း၊ စွန့်ပစ်ကာဗွန် ဖမ်းယူသိုလှောင်ရေးစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက နော်ဝေနိုင်ငံအတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ပျံ့နှံ့မှုပမာဏကိုသိသိသာသာလျှော့ချနိုင်မည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းအသစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၈၉၀ ခန့်ထိ အသုံးပြုသွားမည်ဖြစ်ပြီး ၎င်းအနက် ထက်ဝက်ခန့်ကို အစိုးရဘတ်ဂျက်မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်း အောင်မြင်သွားပါက ၂၀၂၉ ခုနှစ်မှစတင်၍ နော်ဝေနိုင်ငံတွင် တစ်နှစ်လျှင် ကာဗွန်ထုတ်လွှတ်ပမာဏ တန်ချိန် ၃၅၀၀၀၀ ခန့်ထိ ဖယ်ရှား ရှင်းလင်းနိုင်မည်ဖြစ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝသည့် နော်ဝေနိုင်ငံအတွင်း ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာမည့် ကာဗွန်များကိုလည်း အတိုင်းအတာတစ်ခုထိ ဖယ်ရှားနိုင်မည်ဖြစ်သည့်အတွက် နော်ဝေအစိုးရက အဆိုပါစီမံကိန်းကို ပြန်လည်စတင်ရန် စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ အလယ်ဂျာဗားပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် မီးရထားလမ်း ၁၀ လမ်းကို ယာယီပိတ်ထားရ

**ဂျကာတာ ဇန်နဝါရီ ၂၈**

အင်ဒိုနီးရှားနိုင်ငံ အလယ်ဂျာဗားပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် မီးရထားလမ်း ၁၀ လမ်းထိ ရေမြုပ်နေပြီး မီးရထားခရီးစဉ်များအားလုံးကို ယာယီဆိုင်းငံ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဂရိုဘိုဂန်နယ်မြေတွင် အဆိုပါ ရေကြီးရေလျှံမှုကြောင့် မီးရထားလမ်းများ ရေမြုပ်နေသည့်အတွက် မီးရထားခရီးစဉ်များ အားလုံးကို ယာယီဆိုင်းငံ့ခဲ့ရခြင်းနှင့် ပတ်သက်ပြီး PT KeretaApi Indonesia (KAI) ၏ ဒါရိုက်တာ ဒီဒီယက်ခ်က ခရီးသွားပြည်သူများကိုလည်း တောင်းပန်စာတစ်စောင် ထုတ်ပြန်ခဲ့ကြောင်း၊ ရေမြုပ်နေချိန် မီးရထားခရီးစဉ်များ ပြေးဆွဲပါက အန္တရာယ် ရှိနိုင်သည့်အတွက်ကြောင့် မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို စီမံခန့်ခွဲနေသည့် PT KeretaApi Indonesia (KAI)အနေဖြင့် ပြည်သူများ၏ လုံခြုံမှုကို ရှေးရှုကာ မီးရထားခရီးစဉ်များကို ယာယီဆိုင်းငံ့ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"KAI က တာဝန်ယူစီမံခန့်ခွဲနေတဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အရေးကြီးဆုံးက ပြည်သူတွေ ဘေးကင်းဖို့ပါပဲ။ ခရီးသွားပြည်သူတွေ ဘေးကင်းဖို့ကို ဦးစားပေးတဲ့အတွက် ကာရန်ဂျာတီဘူတာနဲ့ ဂူဘက်ဘူတာကြား မီးရထားခရီးစဉ်အားလုံးကို ယာယီဆိုင်းငံ့လိုက်ပါတယ်။ မီးရထားလမ်း ၁၀ လမ်းထိ ရေမြုပ်နေတဲ့အတွက် မီးရထားခရီးစဉ်တွေပေးဆွဲပေးဖို့ သိပ်ကို အန္တရာယ်များပါတယ်။ မီးရထားတွေပြေးဆွဲဖို့အတွက် အန္တရာယ်ကင်းတဲ့ အခြေအနေရောက်မှပဲ ပြန်လည် ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ မီးရထားခရီးစဉ်တွေ အမြန်ဆုံးပြေးဆွဲပေးနိုင်အောင်လဲ ဆောင်ရွက်နေပါတယ်"ဟု PT KeretaApi Indonesia (KAI) ၏ ဒါရိုက်တာ ဒီဒီယက်ခ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ကမ္ဘောဒီးယားနိုင်ငံတွင် ပြည်နယ်တချို့ လေထုညစ်ညမ်းမှု ပြန်လည်လျော့ကျ

**ဖနွမ်းပင် ဇန်နဝါရီ ၂၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သောသီတင်းပတ်က လေထုညစ်ညမ်းမှုမြင့်တက်ခဲ့သော ပြည်နယ်တချို့သည် ယခုအခါ ညစ်ညမ်းမှု ပြန်လည် လျော့ကျလာကြောင်း ကမ္ဘောဒီးယား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဇန်နဝါရီ ၂၇ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သောသီတင်းပတ်က လေထုညစ်ညမ်းမှုမြင့်တက်ခဲ့ပြီး နိုင်ငံ၏မြို့တော်ဖနွမ်းပင်မြို့သည်လည်း ကမ္ဘာ့လေထုညစ်ညမ်းမှု ထိပ်တန်းမြို့ကြီးများ စာရင်းတွင်ပါဝင်ခဲ့ကာ ဘန်တေမိန်ဇယ၊ ကော့ကောင်း၊ ဗောဓိသတ်၊ ဆီယမ်ရိပြည်နယ်တို့တွင် လေထုညစ်ညမ်းမှုမြင့်တက်ခဲ့ပြီး ယခုအခါ အချို့ပြည်နယ်များတွင် လေထုညစ်ညမ်းမှုအခြေအနေမှာ သိသိသာသာပြန်လည် ကျဆင်းလာခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ပျမ်းမျှလေထုအရည်အသွေးသည် ဇန်နဝါရီ ၂၆ ရက် ညနေ ၅နာရီမှ ဇန်နဝါရီ ၂၇ ရက် နံနက် ၇ နာရီထိ သိသိသာသာ တိုးတက်လာခဲ့ပြီး ပျမ်းမျှ တစ်ကုဗမီတာလျှင် PM 2.5 အမှုန်အမွှားပါဝင်မှု ၂၅ ဒသမ ၈၂ မိုက်ခရိုဂရမ်သာ ပါဝင်ပြီး ပျမ်းမျှသတ်မှတ်ထားသော တစ်ကုဗမီတာလျှင် ၅၀ မိုက်ခရိုဂရမ်အောက် ကျဆင်းခဲ့ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်နယ်အများစုတွင် လေထုအရည်အသွေး ကောင်းမွန်လာသော်လည်း ဗောဓိသတ်ပြည်နယ်တွင် လိမ္မော်ရောင်အဆင့်နှင့် ကော့ကောင်းနှင့် ပိုင်လင်ပြည်နယ်တို့တွင် အဝါရောင်အဆင့်၌ ရှိနေသေးရာ အချက်အလက်များကို ပုံမှန်စောင့်ကြည့်ကြရန်နှင့် ကျန်းမာရေးအတွက် သတိပြုနေထိုင်ကြရန် ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ခဘောအာတီယာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : AZH

**ဝမ်းနည်းကြေကွဲခြင်း**

**အလင်္ကာကျော်စွာ ဒေါက်တာ ဦးခင်အေး(မောင်ခင်မင် - ဓနုဖြူ)**
**ပါမောက္ခ(ဌာနမှူး)(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**
**ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)၊ ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဆု(၂၀၂၄)၊**
**အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူပထမဆု၊**
**ဘဝတစ်သက်တာစာပေဆု(ထွန်းဖောင်ဒေးရှင်းဆု)၊ သုတစွယ်စုံ တစ်သက်တာစာပေဆု၊**
**ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆု**
**အသက်(၈၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ ဒေါ်စုစုနွယ်(တွဲဖက်ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း အလင်္ကာကျော်စွာ ဒေါက်တာဦးခင်အေး(မောင်ခင်မင်၊ ဓနုဖြူ)(၈၅)နှစ်သည် ၂၈-၁-၂၀၂၅ ရက်(အင်္ဂါနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသည်။ ယခုကဲ့သို့ ဆရာကြီး ကွယ်လွန်ခြင်းသည် မြန်မာစာပေလောကအတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့်ဆုံးရှုံးမှုတစ်ခုဖြစ်ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

မိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**အဖိုးတန်ရေချိုကို ချွေတာပါ**




# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံနေကြာ ၁၇၂၀၃ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၇၂၀၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၇၁၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၂၀၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာနေကြာ ၁၇၁၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၇၂၀၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန် အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို ပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ကြတာပါ"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစစ်ဆေး

**မလှိုင် ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုနှုန်း လျော့ကျစေရန် ရည်ရွယ်၍ ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၅သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒဟတ်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ရန်ပုံငွေကျပ် ၄၁ ဒသမ ၈၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ဦးကို ရန်ပုံငွေကျပ် ၁၁ ဒသမ ၇၅သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂ ဦးကိုရန်ပုံငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၈၀ကို ရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေး ပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**







सत्यमेव जयते

## တင်ဒါခေါ်ယူခြင်း

အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးအတွက် မြန်မာနိုင်ငံသား လုံခြုံရေး (၄) ဦးအား ငှားရမ်းခြင်းအတွက် အောက်ပါ တင်ဒါအား တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။ တင်ဒါရက်စွဲအား အောက်ပါအတိုင်းထပ်တိုးသတ်မှတ်လိုက်ပါသည်။

| အမည် | တင်ဒါ | တင်ဒါနောက်ဆုံးရက် |
|---|---|---|
| ၁။ | မြန်မာနိုင်ငံသား လုံခြုံရေး (၄)ဦးအား ငှားရမ်းခြင်း | ၁၀.၀၂.၂၀၂၅ (၁၇၃၀ နာရီ) |

၂။ စိတ်ဝင်စားသော အေဂျင်စီ/စီးပွားရေး လုပ်ငန်းများအား ကောင်စစ်ဝန်ချုပ်ရုံး၏ website www.cgimandalay.gov.in>Media Room> Tenders မှာ ဝင်ရောက်လေ့လာနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

सत्यमेव जयते

## Tender Notice

The Consulate General of India Mandalay invited bids for hiring of four (04) Local Security Guards. It is decided to extend the bid submission date as under:-

| S. No. | Tender | Last date of Tender |
|---|---|---|
| 1. | For hiring four (04) local Security Guards (LSGs) | 10.02.2025 (1730 hrs) |

2. Interested agencies/firms are requested to visit Consulate's website ww.cgimandalay.gov.in>Media Room >Tenders, for viewing the Notice Inviting Tender (NIT).

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်နေ မရွှန်းလဲ့ရတနာ(၉/ခအဇ(နိုင်)၀၄၇၁၉၄)၏ဖခင် ဦးကျော်ဇေယျာ (ခ) ဦးကျော်ဇေယျသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးကျော်ဇေယျာ (ခ) ဦးကျော်ဇေယျ (၉/မကန(နိုင်)၀၉၀၁၃၅)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ...

❖ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

### ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

### ထူးခြားသည့် ညအပူချိန်များ

(၂၈-၁-၂၀၂၅)

| | | |
|---|---|---|
| ဟားခါး | -၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၇ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၁၇)တွင် ဒဂုံပေါ့အသင်းကို အနိုင်ရခဲ့သည့် ဟံသာဝတီယူနိုက်တက်အသင်း နိုင်ပွဲပြန်လည်ရရှိ



ဒဂုံပေါ့အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဒဂုံပေါ့အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နိုင်ပွဲပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ဟံသာဝတီယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့ကာ ပွဲချိန်မိနစ် ၂၀ တွင် ဝိုင်းလုနှင့် ပွဲချိန် ၃၆ မိနစ်တွင် မောင်မောင်စိုးတို့က ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် ဒဂုံပေါ့အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက်

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

ရုပ်ပွားဆင်းတုအလှူ ဓမ္မရုံကြီးကျောက်စာ ဆောင်းပါး စာမျက်နှာ - ၄

၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ရွှေကြိုမောင်မယ်များ အစမ်းလေ့ကျင့်မှုပြုလုပ် စာမျက်နှာ - ၁၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီးသို့သယ်ဆောင်သည့်ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း ဖမ်းဆီးရမိ စာမျက်နှာ - ၂၂




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563